ဗုဒ္ဓသာသနံ နိမ္မလံ စိရံ တိဋ္ဌတု

ထူးကြီးဓမ္မဝိမာန်

ရန်ကုန်မြို့။

## ထူးကြီးဆရာတော်ဘုရား

ဟောကြားတော်မူသော

# သာသနာ့ကျင့်သုံးပုံ နည်းပြ တရားတော်

၄

"ဓမ္မဒါန"

သာသနာ—၂၅၂၄၊ ကောဇာ—၁၃၄၂၊ ခရစ်—၁၉၈၀၊

ရန်ကုန်မြို့

ထူးကြီးဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သာသနာကျင့်သုံးပုံနည်းပြ
# တရားတော်

ဦးဘသက်၊ သီရိပဝရ ဓမ္မာစရိယ
ကြပ်မပြင်ဆင်သည်

ကာယသုခပိဋကတ်ပုံနှိပ်တိုက်
အမှတ်-၁၂၈ ၃၁-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၄၊ ကောဇာ-၁၃၄၂၊ ခရစ်-၁၉၈၁

ကာယသုခ A (က)

ပုံနှိပ်မှတ်တမ်း

| ခုနှစ် | လ | အကြိမ် | အုပ်ရေ |
| --- | --- | --- | --- |
| ၁၉၇၁ | ဖေဖေါ်ဝါရီ | ပထမ | ၃၀၀၀ |

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်
အမှတ် (၁၁၇၁)

ပုံနှိပ်ထုတ်ဝေသူ။ ။ဒေါ်လှမြင့် (မြဲ-၀၂၀၉၀) ကာယသုခ ပုံနှိပ်တိုက် အမှတ်၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်၍။ ။ ဒေါ်ငွေတင် (ကင်းလွတ်ခွင့် အမှတ် ၄၅၉) အမှတ်၊ ၁၀၁၊ မောင်ထော်လေးလမ်း၊ရန်ကုန်မြို့က ထုတ်ဝေသည်။

အဖိုး မမှဒါန။

## နိဒါန်း


တရားမျိုးစုံလှမ်းကာခြုံသောဥယျာဉ်တော်ကြီး.... က

စိုက်ပျိုးတည်ထောင်သူဥယျာဉ်မှူး .... က

အသီးအပွင့်တို့၏စွမ်းရည် .... .... ခ

လူတန်းစားမခွဲခြား .... .... ခ

ဥယျာဉ်တော်သို့သွားရာလမ်း .... .... ဂ

သဒ္ဒါဓာတ်ခံ မျိုးစေ့မှန်မှလိုရာရ၏ .... .... ဃ

မိတ်ဆွေကောင်းဟူသည် ဓမ္မကထိက .... င

အဆိပ်သီးစားလိုသူနှင့်တိုက်ကျွေးသူ .... စ

ဆေးဆရာနှင့်တူတော်မူသော ဗုဒ္ဓမြတ်စွာ .... ဆ

လက်ဆင့်ကမ်းဖြန့်ဝေပေးသောပုဂ္ဂိုလ် .... ဉ


## သာသနာကျင့်သုံးပုံ နည်းပြတရားတော်


ဘုရားရှင်လက်ထက်တော်က ဘုရားရှိခိုး .... ၁

သာသနာ့ကိစ္စ ဆောင်ရွက်ရန်ဝန်မလေး .... ၅

ရှေးဆရာတော်ကြီးများ သာသနာတော်နှင့် လောက
သားများအတွက် ဆုတောင်းပတ္ထနာပြုတော်မူပုံ ၅

ဘုရားဆိုတဲ့အသံကြားတော့ ပီတိလှိုင်းထ .... ၁၃

တန်ခိုးအသုံးမချ ခန္ဓာကိုယ်ကို အသုံးချ — ၁၄

အာဇာနည်သူရဲကောင်းတို့ ကြုံးဝါးသံ .... ၁၆

သုမေဓာရသေ့ဘာဝက ထူးမြတ်တဲ့စိတ် .... ၁၉

အထောက်အပံ့နှစ်မျိုးစုံမှ တရားဟောနိုင် .... ၂၄

ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့မှ သာသနာ
အရှည်တည်တံ့မယ် .... .... ၂၇

သဒ္ဓမ္မသုံးဖြာ သာသနာ .... .... ၂၉

သာသနာပြုလုပ်ငန်းသုံးမျိုး .... .... ၃၇

တကာတကာမအပေါ် သာသနာ အမှီပြုရပုံ .... ၃၁
သံဃာတော်အား စွေ့စည်းလေးပါး လှူဒါန်းရန်
ဘုရားရှင်ညွှန်ပြတော်မူခဲ့သည် .... ၃၁
ဘုရားရှင်၏ စီမံကိန်းနှစ်ရပ် .... .... ၃၄
ရှင်ငယ် ရဟန်းငယ် ပိုမိုအားပေးကြ .... ၃၇
သာသနာတော်စောင့် နတ်သုံးမျိုး .... ၃၉
ဝိသုဒ္ဓိနတ်များ သာသနာတော်စောင့်ရှောက်ပုံ ၄၀
ဘုရားရှင်လေးမျိုး .... .... ၄၁
သုတဗုဒ္ဓဆိုတာ ဘာလဲ .... .... ၄၂
လူသားတို့မျက်မှောက် သာသနာတော်ကြီး
ရောက်နေပြီ .... .... ၄၄
သာသနာကို ကျင့်ကြံအသုံးပြုနည်းလေးမျိုး .... ၄၅
ရဟန်းငယ်တပါး၏ အဖြစ်ဆန်း .... ၇၆
သာသနာတော်ကို ပျိုအန်ဆေးသဖွယ်သုံးပုံ .... ၈၀
ဒါနကုသိုလ်သည် လောဘရောဂါအန်ဆေး .... ၈၃
သာသနာကို အန်ဆေးသုံးမျိုးသဖွယ်သုံးပုံ .... ၈၇
ဝိပဿနာက ဒိဋ္ဌိကိလေသာ အန်ထုတ်ပုံ .... ၈၉
သာသနာတို့ ဝမ်းလျှောဆေးသဖွယ်သုံး .... ၉၂
သာသနာကို အဆိပ်ဆေးသဖွယ် မသုံးနှင့် နတ်ဆေး
သဖွယ်သုံး .... .... ၉၃
သာသနာကို အဆိပ်သဖွယ်သုံးက ဘေးတွေ့ရမယ် ၉၆
နိဂုံး
တရားပွဲသိမ်းဂါထာများ .... .... ၁၁၂
ဆုတောင်းပတ္ထနာ ၂–ဂါထာ ပါဌ်အနက် .... ၁၂၃

မာတိကာပြီးပြီ။

# နိဒါန်း

## တရားမျိုးစုံလွှမ်းကာခြုံသော ဥယျာဉ်တော်ကြီး

လေးသင်္ချေနှင့် ကမ္ဘာတသိန်းတည်းဟူသော ရှည်လျားလှသော ကာလပတ်လုံး ပါရမီဈေးစင်တို့ကို သွန်းလောင်းဖြည့်ဆည်းမှုဖြင့် ပေါ်ထွန်း ဖြစ်ပေါ်လာသော သမ္မာသမ္ဗောဓိ ပင်တော်ကြီးမှ ဖူးပွင့်ထွက်ပေါ်သော သဗ္ဗညုဉာဏ်ပန်းခိုင် ဉာဏ်ပန်းပွင့်ကြီးကို ပန်ဆင်တော်မူသော ဗုဒ္ဓရှင်တော်မြတ်သည် လေးဆယ့်ငါးနှစ်တိုင်တိုင် ဥယျာဉ်မှူးကြီးသဖွယ် ပိဋကသုံးပုံ နိကာယ်ငါးရပ်တည်းဟူသော ပန်းချုံကြီးကို စိုက်ပျိုးတော်မူ၍ သဒ္ဒါအနက်သဘော အနှစ်သာရပြည့်ဝစုံလင်သော ခန္ဓာ အာယတန ဓာတ် သစ္စာ သတိပဋ္ဌာန် သမ္မပ္ပဓာန် ဣန္ဒြေ ဗိုလ် ဗောဇ္ဈင် မဂ္ဂင်တည်းဟူသော အခက်အလက် အပွင့်အသီးတို့ဖြင့် သိုက်မြိုက်ဝေဆာလှသောတရားပန်းစုံ လွှမ်းကာခြုံသော တရားဥယျာဉ်ကြီးကို တည်ထားတော် မူခဲ့ပေသည်။

[သုတ္တနိပါတ-ရတနသုတ် "ဝနပ္ပဂုမ္ဗေ"ကို မှီးသည်]

## စိုက်ပျိုးတည်ထောင်သူ ဥယျာဉ်မှူး

ဥယျာဉ်မှူးသဖွယ်ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်၏ ပန်းပွင့်သီးစုံ လွှမ်းကာခြုံသော တရားဥယျာဉ်တော်ကြီးသည်ကား သုံးဆယ့်တဘုံသားတို့အတွက် စားသုံးပန်ဆင်ရန် စုံပြဥယျာဉ်တော်ကြီးသာဖြစ်ပေသည်။ ယင်းဥယျာဉ်တော်ကြီး

ကို စိုက်ပျိုးတည်ထောင်သူ ဗုဒ္ဓရှင်တော်မြတ်သည်ကား သီလ တည်းဟူသောမြေ၌ ရပ်တည်၍ သမာဓိ တည်းဟူသော ကျောက်သား၌ထက်မြက်စွာသွေးထားသော ဝိပဿနာပညာ ဓါးကို ဝီရိယအင်အားဖြင့် ချီပင့်၍ ခုတ်ဖြတ်ရန် နိုင်းချိန်စွမ်း ရှိသော ပညာလက်ဖြင့် ချိန်ရွယ်လျက် တဏှာချုံပိတ်ပေါင်း အရှုပ်အထွေးတို့ကို သုတ်သင်ရှင်းလင်းတော်မူပြီးမှ တရား ဥယျာဉ်တော်ကြီးကို တည်ထောင်နိုင်စွမ်းရှိသူဖြစ်ခဲ့ပေသည်။

[သံ-ဌ-၁-၄၉၊ ဝိသုဒ္ဓိ-ဌ-၁-၃၊ ၄-ကိုမှီးသည်]

**အသီးအပွင့်တို့၏စွမ်းရည်**

ဥယျာဉ်တော် စိုက်ပျိုးတည်ထောင်ပေးခဲ့သူ ဗုဒ္ဓရှင်တော် မြတ်နှင့် အပွင့်အသီးတို့အပေါ် ယုံကြည်စိတ်ချ၍ ဥယျာဉ် တော်သို့ ဝင်ရောက်ပြီးလျှင် ဥစ္စာစနေ တပြားတချပ်မှ မကုန် ကျရပဲ သုံးဆောင်စားသောက် ပန်ဆင်ကြရသဖြင့် တရား ဥယျာဉ်တော်ကြီး၌ပင် အပွင့်အသီးတို့၏ အရသာစေတ်ဖြင့် အတွင်းအပရှိ အညစ်အကြေး တဏှာချေးများ ကင်းစင်ကြ လျက် နိဗ္ဗာနဓာတ် အအေးမြတ်ကို ရရှိခံစား စံစားနေထိုင် သွားကြသော အရိယာသခင် ရဟန္တာအရှင် ပုဂ္ဂိုလ်မြတ်တို့ ကား မရေတွက်နိုင်အောင်ပင် များပြားလှပေသည်။

**လူတန်းစားမခွဲခြား**

ဥယျာဉ်တော်သို့ ဝင်ရောက်၍ ဆွတ်ခူးလျက်စားသောက် ပန်ဆင်သူ လူ နတ်ပြဟ္မာ သတ္တဝါနှင့် ပြိတ္တာ ဘီလူး စသည် မကျန် အယုတ်အလတ် အမြတ်မရွေး အများအပြားရှိရာ

ထိုခေတ်ကာလက အဝတ်မပါ ဗလာကိုယ်ထည်နှင့် လူတန်းစားများလည်း ပါဝင်ခဲ့ပေသည်။ ထိုလူတန်းစားထဲတွင် ယခုခေတ်ကာလတိုင်အောင် လူသိများလှသော မဆာဝါ (စာဝါ)၏ ခင်ပွန်းတော်စပ်သူ ဥပကလည်း ပါဝင်ခဲ့ပေသည်၊ ဥပကသည် ဥယျာဉ်မှူးဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်ကို ဥရုဝေလတောမှ ဗာရာဏသီ ' မိဂဒါဝုန်သို့အသွားလမ်းခုလပ်၌ တကြိမ်သာတွေ့ဆုံဘူးခဲ့လေသည်။သို့သော်ငြားလည်း ဥပကသည်မိတ်ဆွေအဖြစ် သဘောထားလျက်ရှာဖွေ၍ တွေ့ဆုံပေါင်းဖက်ပြီးလျှင် တရားဥယျာဉ်တော်သို့ ဝင်ရောက်ခါ အပွင့်အသီးများကို စားသောက်ပန်ဆင်ရသဖြင့် အနာဂါမိမဂ်, ဖိုလ် တည်းဟူသော အရသာမြတ် အငြိမ်းခါတ်ကို ရရှိခဲ့ပေသည်။

တေန ဘိက္ခဝေ ဓမ္မဒေသနူပနိဿယေန ဥပကော တေရဟိ အနာဂါမိ ဇာတော။ သံဝ္ဂနိ-မူနိသုတ်]

## ဥယျာဉ်တော်သို့သွားရာလမ်း

ထိုတရားဥယျာဉ်တော်သို့ သွားရမည့်လမ်းကား တလမ်းတည်းသာဖြစ်ပေသည်၊ အမည်ကား အာနာပါနခင်းထားသော သတိပဋ္ဌာန်လမ်းတည်း၊သို့ရာတွင် ထိုလမ်းအတိုင်းသွားသူတိုင်း ဥယျာဉ်တော်သို့ ရောက်နိုင်သည်ကား မဟုတ်ပါချေ၊ သဒ္ဓါဓာတ်ခံရှိသူတို့သာ သတိပဋ္ဌာန်လမ်းကို မှန်မှန်လျှောက်သဖြင့် ဥယျာဉ်တော်သို့ရောက်ရှိခါ အရသာစုံကို စားသုံးနိုင်ပေသည်။

ဤအာနာပါန ခင်းထားသောသတိပဋ္ဌာန်လမ်းသို့ တိတိ မတ်မတ် ဖြောင့်ဖြောင့်တန်းတန်းနှင့် ရောက်အောင် ပို့နိုင်သော မိတ်ကောင်းလည်း ရရှိရန်အမှန်ပင် လိုအပ်ပြန်ချေ သည်၊ လမ်းမှန်သို့မရောက် လမ်းမှားသို့ ပို့ဆောင်ပေးသော ပုဂ္ဂိုလ်နှင့် ပေါင်းစပ်မိပါက ခါးစပ်သော မကောင်းကျိုး အပွင့်အသီးတို့ကိုသာ ခံစားစံစားရပေလိမ့်မည်။

ဗုဒ္ဓရှင်တော်မြတ်သည် ရှင်အာနန္ဒာ မထေရ်အား မိတ် ကောင်း တယောက်ရရှိပါက မဂ်, ဖိုလ်, နိဗ္ဗာန်တည်းဟူ သော အပွင့်အသီးများကို ရရှိသုံးဆောင်ခံစားနိုင်ရန် ကိစ္စ အားလုံးပြီးနိုင်ကြောင်း ဟောကြားတော်မူခဲ့ပေသည်။

[သံ၊ ၃၊ ၂၊ ၃။ နှာ]

## သဒ္ဓါစေတ်ခံ မျိုးစေ့မှန်မှ လိုရာရ၏

ယင်းသတိပဋ္ဌာန် ဝိပဿနာလမ်းသို့ သွားလိုသူအတွက် ပင်ရင်းအခြေခံအကြောင်းဖြစ်သော သဒ္ဓါတရားရှိရန် အလွန် ပင် လိုအပ်လှပေသည်၊ သဒ္ဓါတရားရှိသူသာ ဥယျာဉ်မှူး သဖွယ် ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်နှင့် ဥယျာဉ်သဖွယ် ဖြစ်တော်မူသော တရားတော် အမြဲမပြတ်ရှင်သန်နေအောင် စောင့်ရှောက်တော်မူကြသော သံဃာတော်တို့၌ နောက်ကြော ခြင်းမရှိပဲ မြင်တက်ရှုတတ်နိုင်ပေသည်။ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသား သဒ္ဓါတရား ရှိသူတို့သည်သာပင် ဗုဒ္ဓ ဖြစ်ထွန်းပေါ်ပေါက်ရာ အလင်းရောင်ခေတ်၌ တရားမျိုးစို့

လွှမ်းကာခြုံသော တရားဥယျာဉ်တော်ဝယ် လူနတ် နိဗ္ဗာန် သုံးတန်ချမ်းသာ ပေးစွမ်းနိုင်သော အပွင့်အသီးတို့ကို သုံးဆောင်စားသောက်နိုင်ပေသည်။

[သာစ (သဒ္ဓါ) သဗ္ဗကိုသလာနံ မူလဘူတာ။ သုတ္တနိ-ဋ္ဌ-၁၊ ၁၃၀-၁။]

မိတ်ဆွေကောင်းဟူသည် ဓမ္မကထိက

သဒ္ဓါတရား နည်းပါးသောသူတို့သည် ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ မည်မျှပင် ကောင်းစေကာမူ မျက်နှာမဲ့၍မစားလိုသော လူမမာနှင့် တူလှပေသည်။ ဗုဒ္ဓမြတ်စွာ ဖြစ်ထွန်းပေါ်ပေါက်ရာ အလင်းရောင် ခေတ်ကြီး၌ ဓမ္မရသာ တည်ရှိနေသော တရားသီးပွင့်တို့သည် မည်မျှပင်ကောင်းမွန်စေကာမူ သဒ္ဓါတရား ကင်းမဲ့နေသူတို့ကား မကြားနာလို မသုံးဆောင်လို မျက်နှာလွှဲ၍ နေလိုကြပေသည်။

ခံတွင်းပျက် လူမမာအားရောဂါကင်းပျောက်ရေးအတွက် မိဘဆွေမျိုးကောင်းတို့က ချော့မော့ကာ သင့်တော်သော ခဲဘွယ်ဘောဇဉ်များကို ကျွေးဘိသကဲ့သို့ သဒ္ဓါတရားကင်းမဲ့သူ လူမမာခံတွင်းပျက်တို့အား မိဘဆွေမျိုးကောင်းမိတ်ဆွေကောင်းဘို့နှင့် တူသော ဓမ္မကထိက ဆရာတော် များက လောဘ ဒေါသ မောဟ စသော ကိလေသာရောဂါ ကင်းပျောက်၍ လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာ ရရှိရေးအတွက် ဆေးစွမ်းကောင်းဖြစ်သော တရားသီးပွင့်များကို စားချင်သဖွယ်ဖြစ်အောင် ထိုထို ဥယျာဉ်တော် တည်းဟူသော

နိကာယ်ငါးရပ် ပိဋကသုံးပုံတို့မှ ကောင်းနိုးရာရာ သင့်လျော်သော သုတ်တော်များကို ထုတ်ယူနုတ်ဆွတ်၍ ကျွေးမွေးတော်မူလျက် ရှိကြပေသည်။

## အဆိပ်သီးစားလိုသူနှင့် တိုက်ကျွေးသူ

အဆိပ်အတောက်ကင်းသော အသီးအပွင့်များကိုမေတ္တာကရုဏာရှင်များက ကျွေးမွေးကြစေကာမူ အဆိပ်အတောက်ပါသော အသီးအပွင့်ကိုသာ စားလိုသူများ ရှိကြပေသေးသည်၊ ကရုဏာရှင်ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ် လက်ထက်က အဆိပ်သီးအဆိပ်ပွင့်များကို ကျွေးမွေးလေ့ရှိသော ပူရဏကဿပ စသောဆရာကြီးများနှင့် ဒေဝဒတ် စသော ဆရာကြီးတို့သည် သဒ္ဒါတရားကင်းမဲ့သူ လူမမာခံတွင်းပျက်များအား အဆိပ်အတောက် အသီးအပွင့်များကို ကျွေးမွေးပေးကြသဖြင့် ခံတွင်းတွေ့ကြသောကြောင့် လောလောလတ်လတ် သေအန်သူ သေဆုံးပျက်ဆီး၍ ဆင်းရဲအတိပြည့်သော အပါယ်ငရဲကျရောက်သူ အများအပြားပင် ရှိကြလေသည်။ ထိုသူတို့ကား အလင်းရောင်ခေတ်၏ ရောင်ခြည်ကို ကျောပေး၍ အမှောင်ခေတ်၏ လွဲမှားသောလမ်းကြောင်းသို့ ပြေးသွားနေကြသော သဒ္ဓါဗီဇနည်းပါးသူတို့သာ ဖြစ်ကြပေသည်။ လောဘ လူသားတို့ မှောက်မှား၍ သောက်စားမိသော အဆိပ်သီးပွင့်တို့၏ သတ္တိသည် တဘဝ တခန္ဓာသာ ဆုံးရှုံးရသော်လည်း အယူမှားယွင်းသော တရားသီးပွင့်

အဆိပ်အတောက်ကို မှောက်မှား၍ စားသောက်မိသူကား တသံသရာလုံးပင် ဒုက္ခရောက်ရပေလိမ့်မည်။

ဆေးဆရာနှင့် တူတော်မူသော ဗုဒ္ဓမြတ်စွာ

ယင်းသို့သော အယူအဆစသော အစားအသောက်များ လူမမာခံတွင်းပျက်တို့အတွက် ဗုဒ္ဓရှင်တော်မြတ်သည် သမားတော်ကြီးသဖွယ် ဖြစ်တော်မူခဲ့ပေသည်။ လောက၌ သမားတော်များသည် လေ သည်းခြေ သလိပ်ကြောင့် ဖြစ်ပေါ်သော အနာရောဂါအတွက် အန်ဆေးသို့မဟုတ်ဝမ်းနုတ်ဆေးကို တိုက်ကျွေးသဖြင့် ပျောက်ကင်းသကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်သည်လည်း အစားအသောက်များ လူမမာခံတွင်းပျက်တို့အား တရားတော်တည်းဟူသော အန်ဆေး သို့မဟုတ် ဝမ်းနုတ်ဆေးကို တိုက်ကျွေးတော်မူလေသည်။ ''အနာနှင့်ဆေး သင့်အောင်ပေး''ဆိုသကဲ့သို့ ဗုဒ္ဓရှင်တော်မြတ်သည်—

၁။ မှားယွင်းသော အမြင် အနာရောဂါရှိသူအား မှန်သော အမြင်တည်းဟူသော အန်ဆေး သို့မဟုတ် ဝမ်းနုတ်ဆေးကို တိုက်ကျွေးခြင်းဖြင့် မှားယွင်းသော အမြင် အနာရောဂါကို အန်စေ၏၊ ဝမ်းလျှောစေ၏။

၂။ မှားယွင်းသော အကြံအစည် အနာရောဂါရှိသူအား မှန်ကန်သော အကြံအစည်တည်းဟူသော အန်ဆေး

သို့မဟုတ် ဝမ်းနုတ်ဆေးကို တိုက်ကျွေးခြင်းဖြင့် မှားယွင်းသော အကြံအစည်အနာရောဂါကို အန်စေ၏၊ ဝမ်းလျှောစေ၏။

၃။ မှားယွင်းသောစကား (ပြောဆိုမှု) အနာရောဂါရှိသူအား မှန်ကန်သောစကား တည်းဟူသော အန်ဆေး သို့မဟုတ် ဝမ်းနုတ်ဆေးကို တိုက်ကျွေးခြင်းဖြင့် မှားယွင်းသော စကား အနာရောဂါကို အန်စေ၏၊ ဝမ်းလျှောစေ၏။

၄။ မှားယွင်းသော ပြုလုပ်မှု အနာရောဂါ ရှိသူအား မှန်ကန်သော ပြုလုပ်မှု တည်းဟူသော အန်ဆေး သို့မဟုတ် ဝမ်းနုတ်ဆေးကို တိုက်ကျွေးခြင်းဖြင့် မှားယွင်းသော ပြုလုပ်မှု အနာရောဂါတို့ အန်စေ၏၊ ဝမ်းလျှောစေ၏။

၅။ မှားယွင်းသောအသက်မွေးမှု အနာရောဂါရှိသူအား မှန်ကန်သော အသက်မွေးမှုတည်းဟူသော အန်ဆေး သို့မဟုတ် ဝမ်းနုတ်ဆေးကို တိုက်ကျွေးခြင်းဖြင့် မှားယွင်းသော အသက်မွေးမှု အနာရောဂါကို အန်စေ၏ ဝမ်းလျှောစေ၏။

၆။ မှားယွင်းသော လုံ့လစိုက်မှု အနာရောဂါရှိသူအား မှန်ကန်သော လုံ့လစိုက်မှုတည်းဟူသော အန်ဆေး

ဝမ်းနုတ်ဆေးကို တိုက်ကျွေးခြင်းဖြင့် မှားယွင်းသော လုံ့လစိုက်မှု အနာရောဂါကို အန်စေ၍၊ ဝမ်းလျှောစေ၍။

၇။ မှားယွင်းသော အောက်မေ့မှု သတိ အနာရောဂါ ရှိသူအား မှန်မှန်ကန်ကန် အောက်မေ့မှုသတိတည်း ဟူသော အန်ဆေးဝမ်းနုတ်ဆေးကို တိုက်ကျွေးခြင်း ဖြင့် မှားယွင်းသော အောက်မေ့မှု သတိအနာရောဂါ ကို အန်စေ၍၊ ဝမ်းလျှောစေ၍။

၈။ မှားယွင်းသော တည်ငြိမ်မှု သမာဓိ အနာရောဂါ ရှိသူအား မှန်ကန်သော တည်ငြိမ်မှု တည်းဟူသော အန်ဆေး ဝမ်းနုတ်ဆေးကို တိုက်ကျွေး ခြင်းဖြင့် မှားယွင်းသော တည်ငြိမ်မှု သမာဓိ အနာရောဂါကို အန်စေ၍၊ ဝမ်းလျှောစေ၍။

ဤသို့ပင် သမားတော်ကြီးဖြစ်တော်မူသော ဗုဒ္ဓရှင်တော် မြတ်သည် ဆရာမှားနှင့် လမ်းမှားသို့ လိုက်မိ၍ အဆိပ် အတောက်သင့်သူများ ပင်ကိုကပင် သဒ္ဓါ ဝီဇနည်းပါး လှသဖြင့် ကိုးကွယ်ရာမှန် ယုံကြည်ရန်ထိုက်သော ရတနာ သုံးတန် ဂုဏ်ရည်မှန်၍ ခံတွင်းပျက် လူနာများအား အန် ဆေး ဝမ်းနုတ်ဆေးများကို တိုက်ကျွေးတော်မူသဖြင့် ချမ်း သာ သုခရရှိကြသူ အသင်္ချေ အနန္တ များပြားလှပေသည်။

[အံ-၃၊ ၄၃၃၊ ၄၃၄၊ အံ=မြန်-၃-၄၂၇၊၄၂၈။ တိကိစ္ဆကသုတ်၊ ဝမနသုတ်တို့ကို မှီငြမ်းပြုသည်]

မင်းဒဏ်သင့်၍ တံကျင်လျှိုခံရသောသူသည် တံကျင်၌သာယာနှစ်သက်မှုမရှိပဲ လွတ်မြောက်ခြင်းကိုသာ အလိုရှိသကဲ့သို့ရင်း။

အဆိပ်ကို စားသောက်မိသောသူသည် အသက်ရှင်ရန် အဆိပ်ပျောက်ဆေးကို ရှာမှီးရသကဲ့သို့ရင်း သီလ သမာဓိ ပညာတည်းဟူသော သာသနာသုံးရပ်နှင့် ဆက်စပ်၍ မှားယွင်းသော ကျင့်ပုံကျင့်နည်း စူးဝင်ခံနေရသူ သို့မဟုတ် မှားယွင်းသော ကျင့်ပုံကျင့်နည်း အဆိပ်သင့်နေသူများသည် သမားတော်ကြီး ဗုဒ္ဓရှင်တော်မြတ်၏ မှန်ကန်သော တရားတော် တည်းဟူသော ဆေးကို နုတ်ပယ်ရန် အန်ထွက်စေရန်၊ ဝမ်းလျှောစေရန် သုံးဆောင်ကျင့်သုံးဘို့ ရှာမှီးရပေလိမ့်မည်။

## လက်ဆင့်ကမ်း ဖြန့်ဝေပေးသောပုဂ္ဂိုလ်

ဗုဒ္ဓရှင်တော်မြတ်၏ မှန်ကန်သော ကျင့်ပုံကျင့်နည်း တရားတော်ဆေးကို အလိုရှိ၍ ရှာမှီးနေသူတို့အတွက် အလွယ်တကူ ရယူနိုင်ရန် ဖြန့်ဝေပေးကမ်းနေသူ ဘုရားသားတော် ရဟန်းတော်များကား ဘုရားရှင်လက်ထက်မှသည် ယခုခေတ်ကာလတိုင်အောင် အများအပြားပင် ရှိပေသည်။

ထိုဘုရားရှင်သာသနာတော်များတွင် တပါးအပါအဝင် ဖြစ်သော ထူးကြီးဆရာတော်ဘုရားသည် ရဟန်းရှင်လူ ပြည်သူပြည်သား ဗုဒ္ဓဘာသာဝင်များအတွက် ဥပါလိထေရ ပဒါန် ပါဠိတော်နှင့် ထေရာဂါထာ ပါဠိတော်လာသာသနာတော်နှင့် ပတ်သက်၍ ကျင့်သုံးပုံ ကျင့်သုံးနည်းများကို—

၁။ သာသနာတော်ကို အန်ဆေးအဖြစ် သုံးပုံသုံးနည်း၊

၂။ သာသနာတော်ကို ဝမ်းလျှောဆေးအဖြစ် သုံးပုံသုံးနည်း။

၃။ သာသနာတော်ကို နှတ်ဆေးအဖြစ် သုံးပုံသုံးနည်း၊

၄။ သာသနာတော်ကို အဆိပ်ဆေးအဖြစ် သုံးပုံသုံးနည်း

ဟု လေးမျိုးလေးစား ဖော်ပြလျက် အန်ဆေး ဝမ်းလျှောဆေး နှတ်ဆေး အဖြစ် သုံးဆောင်ရန်နှင့် အဆိပ်သဖွယ် သုံးဆောင်သူတို့အတွက် အကျိုးမဲ့ရပုံများကို ညွှန်ပြ၍ ရန်ကုန်မြို့ မလွန်ဆန်လှ သင်းထောက် ဆားနှင့်ဆီလှူအသင်း၏ တတိယအကြိမ် အလှူတော်ဖွင့် ရေစက်ချ ဓမ္မသဘင်၌ ဖော်ပြပါဆေးလေးမျိုးကို ဝေငှပေးသနားတော်မူခဲ့လေသည်။

ထိုဆေးနည်းများကို စားသောက်နေရသဖြင့် လောဘ ဒေါသ မောဟ တည်းဟူသော အနာရောဂါများ သက်

သာရာရမှုကို ကိုယ်တိုင်တွေ့ထိခံစားနေရသူ သဒ္ဒါဝိဇ္ဇ ကြီးမားလှသော ကျောင်းအမကြီး ဒေါ်ငွေတင်နှင့် ညီမ ဒေါ်သန်းမေတို့က မိမိတို့ကဲ့သို့ လောဘ စသော အနုသယတို့မှ လွတ်ကင်းစေရန် သက်သာစေရန် အလိုရှိသော သဒ္ဒါဝိဇ္ဇ အခြေခံရှိသူတို့အတွက် ရည်သန်၍ ထူးကြီးဆရာတော်ဘုရား ဟောကြားစဉ်က အသံသွင်း ဖမ်းယူထားသော တိတ်ခွေမှ ကူးယူ၍ စာအုပ်အဖြစ် ရိုက်နှိပ်ကာ ဖြန့်ချိလိုက်ရကြောင်းကို ဖေါ်ပြရင်း နိဂုံးသတ်ရပေတော့သည်။

အယူလွဲမှားသူနှင့် မာရ်စစ်သည်ကိုနှိမ်နင်းလျက်
မောဟအမိုက်မှောင်ကို ပယ်ဖျောက်ပြီးလျှင်
ထိန်ထိန်ညီးသော တရားမြို့တော်ကြီးကို
တည်ထောင်နိုင်ကြပါစေသတည်း။

ဦးကုဏ္ဍလ
မဟာစရိယ၊ ဓမ္မာစရိယ၊ ဒီဃဘာဏက
ထူးကြီးဓမ္မဝိမာန်
ကျောင်းတိုက်။

# သာသနာ့ကျင့်သုံးပုံနည်းပြတရားတော်

သာသနာသက္ကရာဇ် ၂၅၂၃-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၄၁-ခုနှစ် ကဆုန်လပြည့်ကျော် ၂-ရက် ရန်ကုန်မြို့ ဗိုလ်တထောင်စေတီတော်မြတ်ကြီး၏ ပရိ-ဝုဏ်အတွင်း တည်ခင်းအပ်သော ဆိပ်ကမ်းလုပ်သား ဓမ္မာရုံတော်ကြီးတွင် မလွန် ဆန်၊ ဆီ၊ ဆား လှူ အသင်း ရန်ကုန်မြို့၏ ၁၃၄၀-ခုနှစ် ပဉ္စမအကြိမ်အလှူ ရေစက်ချ အနုမောဒနာနှင့် ၁၃၄၁-ခုနှစ် ဒုတိယ အကြိမ် အလှူတော်ဖွင့် ဓမ္မသဘင်တွင် ဟောကြား အပ်သော ဥပါလိထေရာပဒါန် ဥပါလိထေရဂါထာ၌လာသော အနုမောဒနာ ဓမ္မကထာဒေသနာ။

ယင်းဒေသနာတော်ကို တရားဟောပုဂ္ဂိုလ် တရားနာ ပုဂ္ဂိုလ်တို့၏ အနေဖြင့် တရားမဟောခင် တရားမနာခင် ရှေး ဦးစွာ ဒီတရားဒေသနာတော်များကို ဟောကြားတော်မူခဲ့တဲ့ ဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ် တော်မြတ်ကြီးရဲ့ ဂုဏ်တော် ကျေးဇူးတော်များကို သဒ္ဓါ ကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြရအောင် အမျိုး ကောင်းသားများ အမျိုးကောင်းသမီးများကလဲ လက်အုပ် ချီပြီးတော့ထားကြပါ။ ဘုန်းကြီးက သဗ္ဗညုမြတ်စွာဘုရား ရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်ကျေးဇူးတော်များကို

ရွတ်ဖတ်သရဇ္ဈာယ်ပြီးတော့ ဘုရားရှိခိုးပါမယ်။ ဘုရားရှိခိုးထဲမှာပါတဲ့ ဂုဏ်တော်ကျေးဇူးတော်များကို အာရုံပြုကြပြီးတော့ ဒီကနေ့ည ဆရာတော်များကို နာယူမှတ်သား၍ သာသနာပြု ကုသိုလ်ထူးကို ဆည်းပူးတော်မူကြတဲ့ သူတော်ကောင်း အမျိုးကောင်းသားများအမျိုးကောင်းသမီးများ သဗ္ဗညုရှင်တော်မြတ်ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်တော်ကျေးဇူးတော်များကို ကြည်ညိုသဒ္ဓါ ပွားများတော် မူနိုင်ကြပါစေသော်။

## ဘုရားရှင် လက်ထက်တော်က ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(သုံးကြိမ်)

အရဟတော၊ တဏှာထောင့်ငါးရာ ကိလေသာ ရန်သူအပေါင်းတို့မှ ဝေးကွာကင်းလွတ်တော် မူပါပေထသော။ အရဟတော၊ တဏှာထောင့်ငါးရာကိလေသာရန်သူအပေါင်းတို့ကို အောင်တော်မူ, နိုင်တော်မူ, သတ်တော်မူတတ်ပါပေထသော၊ အရဟတော၊ သံသရာစက်၏ အကန့်အကွက် အချက်အချာ အဝိဇ္ဇာနှင့် တဏှာတရား နှစ်ပါးတို့ဦးစီးတဲ့ ပုညာဘိသင်္ခါရ အပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရဟုဆိုအပ်ကုန်သော သင်္ခါရစက်တို့ကို မလည်မပတ်နိုင်အောင် ချိုးဖျက်တော်မူတတ်ပါပေထသော။ အရဟတော၊ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့၏ ပစ္စည်းလေးဖြာ လှူဒါန်းဘွယ်ရာနှင့်တကွ အရိုအသေ အလေးအမြတ်ပြုခြင်း, မှီဝဲဆည်းကပ်

အားကိုးအားထားပြုလုပ်ခြင်း, ကိုးကွယ်ယုံကြည်ပူဇော်ခြင်း တို့ကိုခံယူခြင်းငှာ ထိုက်တော်မူပါပေထသော။ အရဟံတော၊ ဆိတ်ကွယ်ရာအရပ်၌ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ဖြင့် မကောင်းမှု မှန်သမျှတွေကို ပြုတော်မမူတတ်ပါပေထသော။ မကောင်းမှု မှန်သမျှတွေကို ပြောတော်မမူတတ်ပါပေထသော၊ မကောင်းမှုမှန်သမျှတွေကို ကြံစည်တော် မမူတတ်ပေထသော။

သမ္မာသမ္ဗုဒ္ဓေါ၊ သင်္ခတ အသင်္ခတအားဖြင့် ပြားသော သင်္ခါရ ဝိကာရ လက္ခဏ နိဗ္ဗာန် ပညတ်ဟု ဆိုအပ်သော ငါးပါးသော ဉေယျဓမ်တရားမှန်ကို ဆရာမကူ သယမ္ဘူမှန် ပင်တွက် ဉာဏ်ဖြင့် ကိုယ်တော်မြတ်ကိုယ်တော်တိုင်သာလျှင်ကောင်းစွာ ထိုးထွင်း၍ သိတော်မူတတ်ပါပေထသော။

ဘဂဝတော၊ ဣဿရိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တမည် ဘုန်းတော်ခြောက်လီနှင့် ပြည့်စုံတော်မူပါပေထသော။

ဟဿ၊ လောကဓမ်လေ့ မုန်တိုင်းတွေ့လည်း မရွှေ့မယိုင် ကျောက်စာတိုင်ကဲ့သို့ ဖေါက်ပြန်တုန်လှုပ်ခြင်းမရှိ ပကတိသော တာဒိဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါပေထသော ထိုဘုန်းတော်ခြောက်ပါးသခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား။

အမှာကံ၊ တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ်ဖြစ်ကြကုန်သော ရုပ်နာမ်နှစ်ဖြာ ငါးခန္ဓာကို သူငါသမုတ် အကျွန်ုပ်တို့၏။

နမော၊ တရားဟော တရားနာ သားရန်ကွာ၍ အန္တရာယ်ကင်းလိုခြင်း ဟောလိုသောတရားတော်မြတ်၏နာယူမှတ်သား၍ ပွားများအားထုတ်သော တရားတော်မြတ်၏ အရဟတ္တဖိုလ်ပေါက် အပြီးအဆုံးသို့ရောက်အောင် အထောက်အပံ့ကို ကောင်းစွာမသေ ပြုနိုင်ပါစေခြင်းငှာ ကိုယ်နှုတ်နှလုံး သုံးပါးပေါင်းပျော့ ကန်ကိုလျှော့၍ ကန်တော့မြတ်နိုး လက်စုံမိုးလျက် ရှိခိုးခြင်းသည်။ အတ္ထု၊ ကောင်းစွာမသေ ဖြစ်ပါစေသတည်း။

သာဓု သာဓု သာဓု

"ဒုတိယအကြိမ်ဖြစ်သွားပြီပေါ့နော်" "မှန်ပါ"

"မသန့် ဘန်လှသင်းကောက် ဆားနှင့် ဆီလှအသင်း ရန်ကုန်မြို့ရဲ့ နှစ်ကြိမ်မြောက် ဆားနဲ့ဆီ လှူဒါန်းတဲ့အသင်း၊ ဆားဆိုတာကတော့ ဘယ်နေ့ရာမဆို သူပါမှ ကိစ္စပြီးတာပဲ ဆား၊ ဟုတ်လား" "မှန်ပါဘုရား"

"အစစ အရာရာ သူမပါယင် ဘယ်ဒင်းမှနေရာမကျဘူး။ ဒီတော့ အာဟာရ ကိစ္စနဲ့ပတ်သက်လို့ သူကလဲ အရေးကြီးတဲ့ ဝတ္ထုပစ္စည်းတမျိုးဘဲ၊ ဒီတော့ အဲဒီအရေးကြီးတဲ့ ဝတ္ထုပစ္စည်းကို လှူဒါန်း ရတဲ့ ပုဂ္ဂိုလ်တွေဟာ အရေးကြီးတဲ့ အရာဝတ္ထုကို အလှူခံပုဂ္ဂိုလ်တွေက ရသည်ဖြစ်သောကြောင့်အရေးအကြီးဆုံးတရားတော့ ရကြရမှာပေါ့ ဟုတ်လား" "မှန်ပါဘုရား"

"အေး ဒီတော့ ဘုန်းကြီး ဒီကနေ့ ဟောမှာကတော့ အနုမောဒနာရယ်လို့တော့ မဟုတ်ဘူး၊ သာသနာတော်ကြီးနဲ့ ပတ်သက်ပြီးတော့ ဟောမလို့၊ အဲဒီအနုမောဒနာနဲ့ ပတ်သက်လို့တော့ နောက်ည နောက်ညတွေမှာ ပင့်လျှောက်ထားတဲ့ ဓမ္မကထိကဆရာတော် တွေက ဟောကြပါလိမ့်မယ်၊ ဟုတ်လား" "မှန်ပါဘုရား"

## သာသနကိစ္စ ဆောင်ရွက်ရန် ဝန်မလေး

ဒီတော့ ဘယ်ကိစ္စဘဲဖြစ်ဖြစ် သာသနာတော်မှာ သာသနာကိစ္စ လုပ်ငန်းတွေနဲ့ပတ်သက်လို့ သာသနာအတွက်ဆိုယင် ဘုန်းကြီးတို့ ဘယ်ကိစ္စမဆို သာသနာ့ဝန်ထမ်းတယောက်အနေနဲ့ ဆောင်ရွက်ရမှာပေါ့ သို့သော်လဲ မအားလပ်ယင်တော့ မဘတ်နိုင်ဘူးပေါ့ကွယ် ကိစ္စတွေက ဝိုင်းဆုံနေလို့ ဟုတ်လား" "မှန်ပါဘုရား"

## ရှေးဆရာတော်ကြီးများ သာသနာတော်နှင့်လောက သားများအတွက် ဆုတောင်းပတ္ထနာပြုတော်မူပုံ

> သာသနဿစ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
> သာသနမ္ပိ စ လောကဥ္စ၊ ဒေဝေါ ရက္ခတု သဗ္ဗဒါ။

[ဒီဂါထာက ထေရဂါထာ သို့မဟုတ် ဥပါလိထေရာ အပဒါန်မှာလာတဲ့ သာသနာ့ရေး အသုံးချနည်း လေးမျိုးကို ဟောမလို့ ပဏာမပျိုးလိုက်တဲ့ ဂါထာ။]

သာသနဿ ၏၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး၏ရင်း။ လောကဿ၊ သာသနာတော်ကို မှီခို၍ ကြည်ညိုလေးစား လူအများ၏ရင်း။ ဝုဍ္ဎိ၊ လောကီ လောကုတ္တရာ နှစ်ဖြာ၏ တိုးပွားခြင်းသည်။ သမ္ဘဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ ဖြစ်ပါစေသတည်း။ သာသနဿ ၏၊ မင်္ဂလာသုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို ရင်း။ လောကဿ၊ သာသနာတော်ကို မှီခို၍ ကြည်ညိုလေးစား နေကြတဲ့ လူအများကိုရင်း။ ဝေဝါဒ၊ နှုတ်အပေါင်း တို့သည်။ သမ္ဘဒါ၊ အခါခပ်သိမ်း။ ရက္ခန္တု၊ သာသနာ တော်ရေး လောကရေးတွင် မြတ်လေးကြည်ဖြူ အရေးယူ၍ ဖေးကူစောင့်ရှောက်တော်မူနိုင်ကြပါစေသတည်း။

သာဓု သာဓု သာဓု

"ဘုန်းကြီး တခါတလေ ငယ်ငယ်တုန်းကလို ပြန်ဖော မယ်လို့ စိတ်ကူးကြည့်တယ်။ ပါးစပ်က မထွက်ဘူး။ ရှက် စရာကြီးတွေ ဖြစ်နေရော။ ပါဠိတော်ကြီးတွေက ခန့်ငြား ပါတယ်ကွယ် ဟုတ်လား" "မှန်ပါ"။

"ဒီဂါထာဟာ ပရိတ်ကြီးမှာပါတဲ့ ဂါထာဘဲ၊ ရှေးက မထေရ်ကြီးများ သာသနာတော်နဲ့ သာသနာမှီခိုတဲ့ ပုဂ္ဂိုလ် များအတွက် ပတ္ထနာ အာသီသပြုခဲ့တဲ့ ဂါထာ"။

သာသနာတော်လို့ဆိုတာ ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး လေးသင်္ချေနှင့်ကမ္ဘာ တသိန်း ကာလပတ်လုံး ဒါနစသော ပါရမီတော်များကို

ဖြည့်ကျင့်ဆည်းပူးတော်မူပြီးလျှင် နောက်ဆုံး သိဒ္ဓတ္ထမင်းသား အဖြစ်မှာ ခြောက်နှစ်တိုင်တိုင် အပင်ပန်းခံပြီးတော့ လူသာမန်တို့ ကြံဘို့ခက်တာင်မှ တွေးဘို့ခက်တာင်မှ မတွေးဝံ့လောက်တဲ့ အကျင့်တွေကို ကျင့်ကြံကြိုးစား ပွားများ အားထုတ်တော်မူလျက် အပင်ပန်းခံတော်မူပြီးတော့မှ နောက်ဆုံးတွင် ဗောဓိပင်နဲ့ ရွှေပလ္လင်တော်မှာ အရဟတ္တမဂ်ဉာဏ်တော်ကြီးနှင့် သဗ္ဗညုတဉာဏ်တော်ကြီးကို ပြီးတော့ သတ္တဝါတို့ရဲ့ ကောင်းကျိုးကို ဆောင်ရွက်ပါတော့မယ်လို့ ဆောင်ရွက်လိုသဖြင့် ပါရမီတော်တွေကို ဖြည့်ကျင့် ဆည်းပူးတော် မူခဲ့ရတယ်။

"တိရစ္ဆာန် တာရေယျံ-တဲ့ ဟုတ်လား" "မှန်ပါ"။

ဒီပက်ကျပြတ်မွာဘုရားရဲ့ ခြေတော်ရင်းမှာ နိယတဗျာဒိတ်ကို ယူတော်မူစဉ်အခါကာလက အတိညာဏ်ရနေတဲ့သုမေဓာရှင်ရသေ့ဟာ သမာဓိအား အင်မတန်ကောင်းတယ်။ နှာမ်ရုပ်ကို ပိုင်းခြားထင်ထင် ဉာဏ်၌မြင်အောင် ကြည့်လိုက်မယ်ဆိုယင် ချက်ချင်းမြင်နိုင်တဲ့ ဉာဏ်မျက်လုံးမျိုး သူ့မှာရတယ်။ "မှန်ပါဘုရား"။

အဲဒီမှာ နာမ်ရုပ်ကို ပိုင်းခြားထင်ထင် ထိမြင်နိုင်တဲ့ဉာဏ်မျိုးကို ကြည့်နိုင်တဲ့ သမာဓိအား အင်မတန် ကောင်းတဲ့ ဉာဏ်မျက်လုံးနဲ့ အဲဒီတုန်းက ကြည့်လိုက်ယင် နာမ် ရုပ်ကို ခဏကလေးနဲ့ သူက ပိုင်းခြားထင်ထင် မြင်သိပြီး သင်္ခါရလဝိပဿနာဉာဏ်တွေ အဆင့်ဆင့် တက်ပြီးတော့ မဂ်ဖိုလ်ကို

ရသွားနိုင်လောက်တဲ့ ဉာဏ်မျက်လုံးမျိုး သုမေဓာရှင်ရသေ့မှာ ရှိတယ်'' ''မှန်ပါဘုရား''

အဲဒါကြောင့် သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီး၏ ခြေတော်ရင်းမှာ ဝပ်စင်းလည်းလျောင်းတဲ့ အချိန်တုန်းက သူစဉ်းစားခဲ့တယ်မဟုတ်လား'' ''မှန်ပါ''

ဘယ်လိုစဉ်းစားကြံစည်ခဲ့သလဲဆိုတော့—

ပထဝိယံ နိပန္နဿ၊ ဣဒံ မေ အာသိ စေတသော။
ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ဈာပယေ မမ။

ပထဝိယံ၊ မြေဟူသောငါတွင် ရှိုသ္ကန်ပြင်၌။ နိပန္နဿ၊ လည်းလျောင်းရှိပေးသော။ မေ၊ သုမေဓာဟု နာမတွင်ပြား ငါရသေ့အား။ ဣဒံ၊ ဤသို့။ စေတသော၊ စိတ်အကြံသည်။ အာသိ၊ ဖြစ်ခဲ့လေပြီ။ (ဘယ်လိုအကြံဖြစ်သလဲ) အဟံ၊ သုမေဓာမည်သော ငါရသေ့သည်။ ဣစ္ဆ-မာနော၊ အလိုရှိခဲ့သော်။ ဝါ၊ အလိုရှိခဲ့ယင်ဖြင့်။ အဇ္ဇ၊ ဤခါကာလ ဤနေ့မှာပင်လျှင်။ မမ၊ ငါ၏။ ကိလေသေ၊ ကိလေသာဟူသမျှတွေကို။ ဈာပယေ၊ ရှို့မြိုက်လောင်ကျွမ်းစေနိုင်ရာ၏။

လေးသင်္ချေနဲ့ကမ္ဘာတသိန်းလောက်က ဖြစ်ခဲ့တဲ့ အကြံအစည်ကို ဘုရားဖြစ်တဲ့အခါကျတော့ ပြန်ပြောပြတာနော် ''မှန်ပါဘုရား''။

ဒီဂါထာရဲ့ အဓိပ္ပါယ်က–

"ရဟန္တာပေါင်း လေးသိန်းနဲ့အတူ ဒီပင်္ကရာ မြတ်စွာဘုရားကြွလာလို့ ငါ၏ကိုယ်ကို ရှုညွန့်ပြင်မှာ တံတားခင်းပြီးတော့ လည်းလျောင်းနေတဲ့ အချိန်တုန်းက ငါဟာ အလိုရှိခဲ့ယင် ချက်ချင်း ရဟန္တာဖြစ်သွားနိုင်ခဲ့ပါတယ်=တဲ့ ဟုတ်လား" "မှန်ပါဘုရား"

"သူကအဘိညာဉ်ရပြီးသားရသေ့ကွဲ" "မှန်ပါဘုရား"

"ဒီသုမေဓာရသေ့က ဟိမဝန္တာတောမှာ တရား အားထုတ်တာ ခုနစ်ရက်ထဲဘဲ အားထုတ်ရတယ်၊ အဘိညာဉ် ငါးပါးနဲ့သမာပတ်ရှစ်ပါးကို တခါထဲရတယ်*။ဟုတ်လား" "မှန်ပါ"

"ဒီရသေ့ရဲ့ မျိုးရိုးကလဲ ပုဏ္ဏားမျိုးကွဲ" "မှန်ပါ"။

"သူရသေ့လုပ်ခင်က သူ့မှာဥစ္စာပစ္စည်းတွေဟာ ကုဋေပေါင်း တရာမကများစွာဘဲ ချမ်းသာတဲ့ သူဌေးသား"။ "မှန်ပါ"

"ဗေဒင်သုံးပုံကိုလဲဘဲ တဘက်ကမ်းခပ်အောင်တတ်တယ်၊ ဒါပေမယ့် သူ့ရဲ့အမြင် သူ့ရဲ့အတွေး သူ့ရဲ့အကြံအစည်က ဘယ်နှယ်တွေးမိသလဲဆိုတော့–"

---

*မေဃိယသုတ္တန် ပါဠိတော်ဌကထာစဉ်၊ နှာ-၂၀၇၊ အောက်ခြေ ရှင်းလင်းချက်ကြည့်။

"ငါသည် တနေ့မှာ ဘဝသစ်ပဋိသန္ဓေ နေရ
အုံးမယ်၊ အိုရအုံးမယ်၊ ငါသည် တနေ့မှာ နာရ
အုံးမယ်၊ သေရအုံးမယ်"။

"အဲဒီ ပဋိသန္ဓေနေခြင်း အိုခြင်း သေခြင်းတရားတွေ မဖြစ်နိုင်တဲ့ အေးငြိမ်းရာဆိုတဲ့ နိဗ္ဗာန်ချမ်းသာကို ရှာမှီးမယ်လို့ဆိုပြီးတော့ တခါထဲ အကြံအစည်ဖြစ်တာနဲ့ တပြိုင်နက်ထဲဘဲ ရှိသမျှ ပစ္စည်းဥစ္စာတွေ စပါးတွေ ဆန်တွေ ရတနာ့အမျိုးမျိုးတွေဖြစ်တဲ့ ကုဋေပေါင်းတရာ ကတဲ့ ပစ္စည်းအားလုံးကို ဆင်းရဲချမ်းသာမရွေးတဲ့ ရွန့်ကြဲပေးကမ်းပြီးတော့ တောထွက်တယ် မဟုတ်လား" "မှန်ပါဘုရား"။

"အေး အဲဒီလို တောထွက်ပြီး ကမ္မဋ္ဌာန်းတရား အားထုတ်လိုက်တော့ ခုနှစ်ရက်နဲ့ ဘာဖြစ်သလဲ" "အဘိညာဉ်ရပါတယ်ဘုရား"

"အဘိညာဉ်ငါးပါးကိုရတယ်"။

"အဲဒီလို အဘိညာဉ်တွေ သမာပတ်တွေကို ရနေတော့ သုမေဓာရှင်ရသေ့ဟာလေ၊ သူရနေတဲ့ ဈာန်သမာပတ်ချမ်းသာပေါ်မှာဘဲ နှစ်သက်ပျော်မွေ့ပြီး နေနေလိုက်တာ သူလိုချင်တဲ့ သူရှာမှီးနေတဲ့ နိဗ္ဗာန်ချမ်းသာကိုတော့ မရသေးဘူးနော်"၊ "မှန်ပါဘုရား"။

"အခုရနေတဲ့ ဈာန်သမာပတ်ကဲ လောကီဈာန်သမာပတ်တွေကွဲ့" "မှန်ပါ"။

"သံသရာ လည်နိုင်သေးတဲ့ ဈာန်တွေ သမာပတ်တွေ"၊ "မှန်ပါဘုရား"။

"အေး အဲဒီလို မိမိရထားတဲ့ လောကီ ဈာန်သမာပတ် ပေါ်မှာ နှစ်သက်မှုမွေ့လျော်မှုတွေနဲ့ အဲဒီသုမေဓာရသေ့ နေလာခဲ့တာဟာ ဒီပင်္ကရာမြတ်စွာဘုရားအလောင်း ပဋိသန္ဓေ နေလို့ မြေလျင်လှုပ်တာတို့၊ ဒီပင်္ကရာမြတ်စွာဘုရားလောင်း ဖွားမြင်တာတို့၊ ဘုရားဖြစ်တဲ့အခါမှာလဲဘဲ စကြဝဠာတိုက် တသောင်းလုံး တုန်လှုပ်ပြီးတော့ အုတ်အုတ်ကျက်ကျက်နဲ့ ဘုရားဖူးကြတာတို့၊ ဟုတ်လား" "မှန်ပါ"။

"ဘုရားဖြစ်ပြီး သဗ္ဗညုတဉာဏ် ရပြီးတော့ ဓမ္မစကြာ ကရားဟောတာတို့၊ အဲဒီအခါတွေကို သူတာမှ မသိခဲ့ဘူး၊ သူရနေတဲ့ဈာန်ပေါ်မှာဘဲ မွေ့လျော် ပျော်ပိုက်နေခဲ့လို့ဘဲ ဟုတ်လား" "မှန်ပါဘုရား"။

"အေး ဘုန်းကြီးတို့ ပရိသတ် ကိုယ်လုပ်လို့ ကိုယ်ရနေတဲ့ တရားကို တကယ့် အဟုတ်ကြီး ထင်မနေကြနဲ့အုံးနော်" "မှန်ပါဘုရား"။

"အဲဒီလိုနဲ့ သုမေဓာရှင်ရသေ့ ဘုရားလောင်းဟာ ဈာန်နဲ့ မွေ့လျော်နေလိုက်တာ၊ အခု ဒီပင်္ကရာ မြတ်စွာဘုရားက ရဟန္တာလေးသိန်းခြံရံပြီးတော့ ဒေသစာရီ ကြွချီတော်မူလာ လို့ ရမ္မာမြို့က သုဒဿနကျောင်းတော်ကြီးမှာ မြို့သူမြို့သား တွေ သွားကြ လာကြ လှူကြ တန်းကြ တရားနာကြနဲ့ တမြို့

လုံး တရုံးရုံးဖြစ်နေတာကို သူမစာရသေ့ကြီး သိရဲ့လား"၊ "မသိပါဘုရား"၊

"မသိဘူး"

"ဘယ်အချိန်ကျမှ သိသလဲဆိုတော့၊ အဲဒီ မြို့သူမြို့သား အမျိုးကောင်းသားသမီးတွေဟာ တမြို့လုံးပေါ့လေ၊ အေသဒိသ အလှူကြီးလှူဘို့အတွက် မဏ္ဍပ်တွေ ဆောက်သူက ဆောက်၊ လှူဘို့ တန်းဘို့ ပစ္စည်းပစ္စယတွေကို ပြင်ဆင်ကြတဲ့လူတွေကလဲ ပြင်ကြပေါ့၊ ဟုတ်လား"၊ "မှန်ပါဘုရား"

"အဲ....မြတ်စွာဘုရား ကြွတော်မူဘို့အတွက် လမ်းတွေ တံတားတွေ သုတ်သင်ပြင်ဆင်ရှင်းလင်းတဲ့ လူတွေကလဲ သုတ်သင် ရှင်းလင်းနေကြတယ် မဟုတ်လား"၊ "မှန်ပါဘုရား"။

"အေး အဲဒီအချိန်အခါမှာ ပေါ့လေ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ သိဘူး ကြားဘူးကြတဲ့ အတိုင်း သုမေဓာရှင်ရသေ့က သူ့သင်္ခမ်းကျောင်းက နေပြီး တော့ မြို့ထဲကို ကောင်းကင်ခရီးက အလာမှာ အဲဒီလို လမ်း တွေရှင်းလင်းခုတ်ထွင် ခင်းကျင်းနေကြတဲ့ ပရိသတ်ကြီးကို မြင်ရတော့ ကောင်းကင်ကဆင်းပြီးတော့ မေးတယ်။ မေး တော့ မြို့သူမြို့သားတွေက ဖြေကြတာပေါ့လေ"

"လောကမှာ သစ္စာလေးပါးကို သိတော်မူသော၊ လော ကမှာ အမြတ်ဆုံး ဖြစ်တော်မူသော ဒီပင်္ကရာမြတ်စွာဘုရား ပွင့်တော်မူပါပြီ ထိုမြတ်စွာဘုရား ကြွလာတော်မူဘို့အတွက် ဤလမ်းခရီးတွေကို သုတ်သင် ရှင်းလင်းနေကြတာပါ ဘုရား လို့လဲ ဖြေလိုက်တော့...."

## ဘုရားဆိုတဲ့အသံကြားတော့ ပီတိလှိုင်းထ

ဗုဒ္ဓေါတိ ဝစနံ သုတွာန၊ ပီတိ ဥပ္ပဇ္ဇိ ဟာဝဒေ၊
ဗုဒ္ဓေါ ဗုဒ္ဓေါတိ ကထယန္တော၊ သောမနဿံ
ပဝေဒယိံ။

“ဗုဒ္ဓဝင် ပါဠိတော်က” “မှန်ပါ”

“ဒါနေရာက်ကြောင်းကို ဘုန်းကြီးနဲ့ ပြန်ပြောပေးနေတာနော်” “မှန်ပါဘုရား”

အဲဒီလို မြို့သူမြို့သားတွေရဲ့ ဖြေသံကိုလဲ ကြားလိုက်ရော—

တာဝဒေ၊ ထိုအခါ၌။ ဗုဒ္ဓေါတိ ဝစနံ၊ ဘုရားဟူသော စကားသံကို။ သုတွာန၊ ကြားရခြင်းကြောင့်။ မေ၊ ငါ့အား။ ပီတိ၊ နှစ်သက်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်ခဲ့ပြီ။ အဟံ၊ သုမေဓာမည်သော ငါရသေ့သည်။ ဗုဒ္ဓေါ ဗုဒ္ဓေါတိ၊ မြတ်စွာဘုရား မြတ်စွာဘုရားဟု။ ကထယန္တော၊ ယောင်ယမ်း မြည်တမ်း ပြောဆိုလျက်။ သောမနဿံ၊ ဝမ်းမြောက်ခြင်း သောမနဿ ဝေဒနာကို။ ပဝေဒယိံ၊ ခံစားခဲ့ရပေ၏။

“သောမနဿ ဝေဒနာကွဲ့”၊ “မှန်ပါဘုရား”

“အဲဒီ သောမနဿဝေဒနာက ဘာကိုမှီတဲ့ သောမနဿဝေဒနာလဲကွဲ့”

“ကာမဂုဏ်က ထွက်မြောက်ခြင်းကို မှီတဲ့သောမနဿပါဘုရား”

"အေး နေကွမ္ဗိသိဟ သောမနဿဇ၀ဒနာနော်"၊ "မှန်ပါ ဘုရား"။

## တန်ခိုးအသုံးမချ ခန္ဓာကိုယ်ကို အသုံးချ

"ဘုရား ဘုရား၊ မြတ်စွာဘုရား ကြလာတို့အတွက် မြတ်စွာဘုရား၊ မြတ်စွာဘုရားနဲ့ ရှင်လန်းနှစ်သက်သော စိတ်တွေနဲ့ သူဖြစ်နေကြတယ်မဟုတ်လား"၊ "ဖြစ်နေပါတယ်ဘုရား"။

"အေး အဲဒီတော့ သူလဲလမ်းရှင်းတို့အတွက် တနေရာကောင်းတယ်။ ကောင်းတော့ ဟိုလူတွေကလဲ နဂိုကထဲက သူမေတ္တာရသေ့ကြီးသော ဟုန်းကြီးတယ်၊ တန်ခိုးရှိနေတယ် ဆိုတာ သိနေကြတယ် မဟုတ်လား"၊ "မှန်ပါဘုရား"။

"အဲဒီလို သိနေကြတဲ့အတွက် သူတို့က နေရာကောင်းကောင်း မပေးဘူးကွဲ့"၊ "မှန်ပါ"။

"ခြုံထူတဲ့နေရာ ရွံ့ညွန်တွေထူထပ်များပြားတဲ့နေရာ၊ မြေမညီမညာတ်နဲ့ ချိုင့်ဝှမ်းတွေ များတဲ့နေရာကို ပေးကြတယ် မဟုတ်လား"၊ "မှန်ပါဘုရား"။

"ဒါပေမဲ့ မိမိမှာ တန်ခိုး ဣဒ္ဓိပါဒ်တွေရှိနေလို့ ဒီနေရာကို တခဏချင်းနဲ့ ရှင်းလင်းပစ်နိုင်ပေမဲ့ တန်ခိုးနဲ့မလုပ်ဘူး" "မှန်ပါ"။

ကိုယ်တိုင် မြေကြီးတွေကို ယမ်းပိုးပြီးတော့ သယ်ဖို့တယ် ကိုယ်တိုင် ခုတ်တွင်ရှင်းလင်းတယ်နော်"။ "မှန်ပါဘုရား"။

"အမျှားလုပ်သလိုဘဲ သူလုပ်တယ်"။

"အချိန်ကလဲ ကျလာပြီ သဗ္ဗညုရှင်တော်မြတ်ဘုရားလဲ ကြွလာနေပြီ၊ ရဟန္တာလေးသိန်းနဲ့"၊ "မှန်ပါ"။

"သူလမ်းပြင်ဆင်လို့ ပြီးပလား"၊ "မပြီးသေးပါဘူး ဘုရား"။

"လမ်းပြုပြင်လို့ မပြီးသေးဘူးနော်၊ နံနဲကျန်နေသေးတယ်။ မြတ်စွာဘုရား ကြွလာတော်မူတော့ မြတ်စွာဘုရားကို သုမေဓာရသေ့က သေသေချာချာ ကြည့်တယ်"၊ "မှန်ပါ"။

"မြတ်စွာဘုရားရဲ့ လက္ခဏာတော်ကြီး ၃၂-ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်နဲ့ ပြည့်စုံပုံ၊ ဟုတ်လား"၊ "မှန်ပါ"၊

"ရောင်ခြည်တော် ခြောက်သွယ်လွှတ်ပြီးတော့ ကြွလာတော်မူတဲ့ မြတ်စွာဘုရားရဲ့ အဆင်းတော် ရူပကာယ၏ ပြည့်စုံပုံ ဟုတ်လား"၊ "မှန်ပါ"။

"ကြည့်ပြီးလျှင် အားရကျေနပ်အောင် ဖူးမျှော်ပြီးတော့ 'ငါဟာ အခုဘဲ ငါ့အသက်ကို မြတ်စွာဘုရားအား ပေးလှူတော့မယ်' ဆိုပြီး တခါထဲ သူမပြီးသေးတဲ့ နေရာကွာလေးနဲ့နဲ ရွှံ့ညွန်ထဲမှာ ဝမ်းလျှားမှောက် တံတားခင်းတယ် မဟုတ်လား"၊ "မှန်ပါဘုရား"။

"ခုနင်ကနေရာရောက်လာပြီနော်"၊ "မှန်ပါ"။

"ဘုရား ဘယ်နေရာရောက်လာပြီလဲ" "ခုနင့်ကနေရာပါဘုရား"

"ခုနင်ကနေရာက ဘယ်နေရာတုန်း ပြောစမ်း"၊ တံတားခင်းတဲ့နေရာပါ ဘုရား"

"ဘယ်သူ တံတားခင်းသလဲ"။ "သုမေဓာရှင်ရသေ့ပါဘုရား"

"အေး အဲဒီအချိန် ရှုံ့ညွှန်ထဲမှာ ဘုရားထံ အာကာ်စွန့်လှုပြီးတော့ လည်းလျှောင်းနေတဲ့အချိန်တုန်းက စဉ်းစားတယ်မဟုတ်လား"၊ "မှန်ပါဘုရား"

အာဇာနည်သူရဲကောင်းတို့ကြုံးဝါးသံ

ပထဝိယံ နိပန္နဿ၊ ဧဝံ မေ အာသိ စေတသော။
ဣစ္ဆမာနော အဟံ အဇ္ဇ၊ ကိလေသေ ဈာပယေ မမ။

"ဒိဂါထာခနှင့်"၊ "မှန်ပါ"

"အနက်ပေးပြီးပြီ၊ အဓိပ္ပါယ်ပြောပြီးပြီ မဟုတ်လား၊ ဒီ ဂါထာတည်းမဟုတ်ဘူးကွဲ့- နောက်လေးဂါထာကျန်သေးတယ်။ သုမေဓာ ရှင်ရသေ့ ဘုရားလောင်းတော်ကြီးကြံစည်ပုံက ငါးဂါထာရှိတယ်။ အခု ဂါထာပြီးပြီနော်" "မှန်ပါဘုရား"

သူဆက်ပြီးတော့ကြံစည်ပုံက=

ကိံ မေ အညာတဝေသေန၊ ဓမ္မံ သစ္ဆိကာတနိဓ။
သဗ္ဗညုတံ ပါပုဏိတွာ၊ ဗုဒ္ဓေါ ဟေဿံ သဒေဝကေ။

ဣဓ၊ ဤ ဒီပင်္ကရာ မြတ်စွာဘုရားသာသနာတော်၌။ အညာတဝေသေန၊ မထင်ရှားသောအသွင်ဖြင့်။ ဓမ္မံ၊ အရဟတ္တဖိုလ်ဆိုတဲ့ မြတ်တရားထူးကို။ ဝါ၊ မအို မနာ မသေရာ နိဗ္ဗာန်ကို။ သစ္ဆိကတေန၊ မျက်မှောက်ပြုခြင်းဖြင့်။ မေ၊ ငါ့အား။ ကိံ၊ ဘာအကျိုးရှိအံ့နည်း။

"ငါဟာတဲ့၊ ဒီ ဒီပင်္ကရာဘုရားသာသနာတော်မှာ မထင်မရှား သာမညအနေ ရဟန္တာအဖြစ်နှင့် နိဗ္ဗာန်မျက်မှောက်ပြုရရုံနဲ့ငါ့မှာ ဘာအကျိုးရှိမှာလဲတဲ့ ကြံစည်ပုံက" "မှန်ပါ"။

"သူက ဒီလို ရဟန္တာအဖြစ်နှင့် နိဗ္ဗာန်မျက်မှောက်ပြုရရုံလောက်ကလေးကို မရည်ရွယ်ဘူးကွဲ့၊ ဘုရားကိုဖြစ်ရမှကျေနပ်မှာ" "မှန်ပါဘုရား"။

"ဘာဖြစ်လို့ သူဘုရားဖြစ်ချင်တာလဲ= နောက်တော့ လာလိမ့်မယ်ဟုတ်လား" "မှန်ပါ"။

အဟံ၊ ငါသည်။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်တော်ကြီးကို။ ပါပုဏိတွာ၊ ရောက်၍ရ၍။ သဒေဝကေ၊ နတ်နှင့်တကွသော လောက၌။ ဗုဒ္ဓေါ၊ သစ္စာလေးပါးတရားသိမြင် ဘုရားရှင်သည်။ ဟေဿံ၊ ဖြစ်ဦးအံ့။

ဆိုလိုတဲ့အဓိပ္ပါယ်က—

"ဘုရားဖြစ်ရမယ်၊မဖြစ်ဖြစ်အောင်ကိုလုပ်မယ်။လူ့လောက နတ်လောက ဗြဟ္မာလောကဆိုတဲ့ လောကသုံးပါးမှာ သစ္စာလေးပါး ဖြတ်တရားကို သိမြင်တဲ့ ဘုရားဖြစ်အောင် ကျင့်မယ်–တဲ့" "မှန်ပါဘုရား" ဘုရားဖြစ်တော့ ဘာလုပ်မလဲ=

"တိဏ္ဏော တာရေယျံ၊
မုတ္တော မောစေယျံ၊
ဗုဒ္ဓေါ ဗောဓေယျံ–တဲ့"၊[၁]

"မှန်ပါ"

"သုမေဓာရှင်ရသေ့ဘဝနဲ့ ဗျာဒိတ်မရခင်ကတဲက သူဆုတောင်းခဲ့တယ်မဟုတ်လား" "မှန်ပါဘုရား"

"အဘိနီဟာရ တဲ့ ကွဲ့၊ပြင်းပြင်းထန်ထန် စွဲစွဲလမ်းလမ်းနဲ့ ရှေးဦးမဆွ အရင်းမူလ ကတည်းက ဆုတောင်းခဲ့တာ"

"မှန်ပါဘုရား"

တိဏ္ဏော၊ သံသရာမှ ကူးခပ်ပြီးသော။ အဟံ၊ ငါသည်။ တာရေယျံ၊ သတ္တဝါဝေနေ များဗိုလ်ခြေတို့ကို သံသရာမှ ကူးခပ်လွန်မြောက်စေအံ့။

မုတ္တော၊ သံသရာမှ လွတ်မြောက်ပြီးသော။ အဟံ၊ ငါသည်။ မောစေယျံ၊ သတ္တဝါဝေနေ များဗိုလ်ခြေတို့ကို သံသရာကြီးမှလွတ်မြောက်အောင် လုပ်အံ့။

---

၁။ ဗုဒ္ဓဝံ၊ ဋ္ဌ။ ၁၂။ စရိယာ၊ ဋ္ဌ။ ၂၇၄။

ဗုဒ္ဓါ၊ သစ္စာလေးပါးကိုသိပြီးသော။ အဟံ၊ငါသည်။ ဗောဓေယျံ သတ္တဝါတွေကို သစ္စာလေးပါးသိအောင်ညွှန်ပြ ဆုံးမဟောကြားပေအံ့။

"ဒီလို အကြံအစည်ပြုပြီးတော့ ဆုတောင်းခဲ့တယ်မဟုတ်လား" "မှန်ပါဘုရား"

မေး- အဲဒါကြောင့် သုမေဓာရှင်ရသေ့ ရှုံညွှန်မှာ လည်းလျောင်းပြီးတော့ အသက်ကိုစွန့်လွှတ်ပြီးတော့ နေတဲ့ အခါတုန်းက-

## သုမေဓာရသေ့ ဘဝက ထူးမြတ်တဲ့စိတ်

ကိံ မေ ဧကေန တိဏ္ဏေန၊ ပုရိသေန ထာမဒဿိနာ၊
သဗ္ဗညုတံ ပါပုဏိတွာ၊ သန္တာရေဿံ သဒေဝကံ။

ထာမဒဿိနာ၊ ယောကျ်ားကောင်း တို့ရဲ့ အားအစွမ်း လုံ့လကိုကောင်းစွာသိမြင်၍နေသော။ ပုရိသေန၊ယောကျ်ား ကောင်း တယောက်စင်စစ် အမှန်ဖြစ်ပါလျက်နဲ့။ ဧကေန တိဏ္ဏေန၊ တယောက်ထည်းထည်း နိဗ္ဗာန်ကို ကူးသွားသဖြင့်။ မေ၊ ငါ့အတွက်။ ကိံ၊ ဘာအကျိုးရှိမှာနည်း။ သဗ္ဗညုတံ၊ သဗ္ဗညုဘာဉာဏ်တော်မြတ်သို့။ ပါပုဏိတွာန၊ ကောင်းစွာ မသေ့ရောက်တော်မူပြီး၍။ သဒေဝကံ၊ နတ်နှင့်တကွသော၊ လောကံ၊ သတ္တဝါအပေါင်းကို။ သန္တာရေဿံ၊ သံသရာ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်မသေ့ ကယ်တင်တော်မူခဲ့ပေအံ့။

"ငါသည် မိမိရဲ့ အားအစွမ်းကို သိမြင်နေတဲ့ယောကျ်ား ကောင်းတယောက် ဖြစ်နေပါလျက်သားနဲ့ ဆင်းရဲဒုက္ခတွေ ထပ်တလဲလဲဖြစ်ပြီးတော့ သံသရာတည်းဟူသော သမုဒ္ဒရာရေ အယဉ်ကြောမှာ မျောချင်တိုင်း မျောနေကြတဲ့ သတ္တဝါ တွေကို ကျောခိုင်းပြီးတော့ ငါတယောက်ထဲ ငြိမ်းအေးချမ်း မြေ့ရာဖြစ်တဲ့ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းဘက်သို့ ကူး သွားခြင်းဖြင့် ဘာအကျိုးရှိမှာတုန်း တဲ့" "မှန်ပါဘုရား"

"ဘေးအမျိုးမျိုး အန္တရာယ် အသွယ်သွယ်တွေ ဒုက္ခပင် လယ်ဝေနေကြတဲ့ သတ္တဝါတွေကို ဟုတ်လား" "မှန်ပါ"။

"ဘေးအမျိုးမျိုးတွေ ဆိုက်မနေကြဘူးလား"

"ဆိုက်နေပါတယ်ဘုရား"

"ဇာတိမီး ဇရာမီး ဗျာဓိမီးတွေ ရာဂ ဒေါသ မောဟ မီးတွေ ဟုတ်လား" "မှန်ပါ"

"သောကမီး ပရိဒေဝမီး ဒုက္ခ ဒေမနဿ ဥပါယာသဆို တဲ့မီးတွေ ဟုန်းဟုန်း လောင်မြိုက်မနေကြဘူးလားကွဲ့" "လောင်မြိုက်နေပါတယ်ဘုရား"

"ဘယ်နှစ်ပါးတုန်း" "တဆယ့်တပါးပါဘုရား"

"အေး အဲဒီလိုမီးတဆယ့်တမျိုးတို့ လောင်မြိုက်နေကြတဲ့ သတ္တဝါတွေကို "သတ္တဝါ" ဆိုတာ ဖြဟ္မာလဲပါတယ်၊ နတ်လဲပါတယ်နော်" "မှန်ပါ"

လူတွင်မက "တိရစ္ဆာန်တွေလဲပါတယ်ကွဲ." "မှန်ပါဘုရား"

"သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ-စိုးရိမ်ပူဆွေးငိုကြွေးရခြင်း ကိုယ်စိတ်ဆင်းရဲရခြင်းတွေ တွေ့မနေကြဘူးလား"၊ "တွေ့နေပါတယ်ဘုရား"

"သောက-စိုးရိမ်ကြောင့်ကြပူပန်ရမှုတွေမဖြစ်ဘူးလား" "ဖြစ်နေပါတယ်ဘုရား"

"သားရေး သမီးရေးတွေ၊ ဝတ်ရေး စားရေးတွေ၊ နေရေးထိုင်ရေးတွေ အကုန်လုံး ပူနေကြရတယ်မဟုတ်လား" "မှန်ပါဘုရား"

အေး အဲဒီလို မီးအမျိုးမျိုးအလောင်ခံပြီးတော့ သံသရာဝဲယဉ်ကြားမှာ မျောပါနေကြတဲ့သတ္တဝါတွေကို ငါ ဘုရားဖြစ်အောင် ကျင့်ပြီးတော့ပါရမီကုသိုလ်တွေကို ဖြည့်ဆည်းပြီးတော့ သဗ္ဗညုတဉာဏ်တော်ကို မရအောင်ကျင့်လို့သဗ္ဗညုတဉာဏ်ရလို့ ဘုရားဖြစ်တဲ့အခါမှာ ဒီ ဒုက္ခသယ် သတ္တဝါတွေကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်ကယ်တင်မယ်တဲ့" "ဟုတ်လား" "မှန်ပါဘုရား"

"အဲဒါဟာ အဘိနီဟာရ ဘုရားရှင်ရဲ့ အလောင်းတော်ဘဝက ရှေးဦး ဆုတောင်းတော်ကြီးနော်"၊ "မှန်ပါဘုရား"

ဣမိနာ ဓမေ အဓိကာရေန၊ ကတေန ပုရိသုတ္တမေ။
သဗ္ဗညုတံ ပါပုဏိတွာ၊ တာရေမိ ဇနတံ ဗဟုံ။

ပုရိသုတ္တမေ၊ ယောကျ်ားမြတ်ဖြစ်သော။ ဓမေ မယ်ဝါ၊ ငါသုမေဓာရှင်သည်။ ကတေန၊ ပြုအပ်သော။ ဣမိနာ အဓိကာရေန၊ ကိုယ့်အသက်ကို ငဲ့ကွက်မညှာ စွန့်လွှတ်ကာဖြင့် ညွန်မှာဝပ်လျောင်း ဤသို့ လွန်ကဲ မြင့်မြတ်သော ကောင်းမှုကုသိုလ်ထူးကြောင့်။ သဗ္ဗညုတံ၊ သဗ္ဗညုတဉာဏ်တော်သို့။ ပါပုဏိတွာ၊ ရောက်၍။ ဗဟုံ၊ ဘေးဒုက္ခအဖုံဖုံကို အစုန်အဆန်ခံစား များပြားလှစွာသော။ ဇနတံ၊ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းကို။ သံသာရသောကတော၊ သံသရာတည်းဟူသော သမုဒ္ဒရာရေအယဉ်မှ။ တာရေမိ၊ ဒုက္ခ ငြိမ်းကင်းငြိမ်းအောင် မနေ့အလျင် ကယ်တင်ပေတော့အံ့။

ဒီပင်္ကရာမြတ်စွာဘုရားသည် နောက်ပါ ရဟန္တာလေးသိန်းတို့နှင့်အတူ တပည့်တော်ကို နင်းပြီး ကြွတော်မူပါဘုရား။ ရှုံညွန်တွေကိုနင်းတော်မမူပါနှင့်ဘုရား။ တပည့်တော်ကို နင်းပြီး ကြွတော်မူခြင်းသည် တပည့်တော်၏အကျိုးစီးပွား ဖြစ်ပါလိမ့်မယ်ဘုရားလို့ အဲဒီလိုတောင်းပန်လျှောက်ထားပြီးတော့ မိမိခန္ဓာ ကိုယ် အသက်ကို ပဓာနမထားဘဲ ညွန်ပျောင်းမှာ ဝပ်လျောင်းရတဲ့ ကောင်းမှုကုသိုလ်ထူးကြောင့် သဗ္ဗညုတဉာဏ်ကိုရပြီး ဘုရားဖြစ်တဲ့အခါ

မှာ သံသရာမှာ မျောပါနေကြတဲ့ သတ္တဝါအပေါင်း
ကို ကယ်တင်မယ်” တဲ့။

“ဆိုလိုတဲ့ အဓိပ္ပါယ်ကနော်”၊ “မှန်ပါဘုရား”

“ဒါတင်လားဆိုတော့မကသေးဘူးကွဲ့၊ဒို့ဘုရားလောင်းက စိတ်နဲ့ ကြံစည်ဆုတောင်းတဲ့ ဂါထာက တဂါထာ ကျန်သေးတယ် ဟုတ်လား” မှန်ပါဘုရား”

အေး ဒါကြောင့်—

သံသရသောတံ ဆိန္ဒိတွာ၊
ဝိဒ္ဓံ သေတွာ တယော ဘဝေ။
ဓမ္မနာဝံ သမာရုယှ၊
သန္တာ ရေဿံ သဒေဝကံ။”တဲ့—

“စိတ်နဲ့ ကြံပြီးတော့ ဆုတောင်းတယ်” “မှန်ပါ”

“မငြေ့ာပကာိမိပေါ့” “မှန်ပါ”

အဟံ၊ ငါသည်မဓာရသေ့သည်။ သံသာရသောတံ၊ သံသရာတည်းဟူသော သမုဒ္ဒရာရေအယဉ်ကို။ ဆိန္ဒိတွာ၊ ဖြတ်တောက်၍။ တယော်ဘဝေ၊ ကာမဘဝ ရူပဘဝ အရူပဘဝလို့ ဆိုတဲ့ သုံးဘုံလောကသုံးဘဝတို့ကို။ ဝိဒ္ဓံသေတွာ၊ ဖျက်ဆီးပြီးတော့-.

“ဖျက်ဆီးပစ်မယ်တဲ့ကွဲ့”- “မှန်ပါ”

“ရူပဘဝကိုလဲ သူဖျက်ဆီးပစ်မယ်။ အရူပဘဝကိုလဲ သူဖျက်ဆီးမယ်၊ ကာမဘဝကိုလဲ သူဖျက်ဆီးပစ်မယ်၊ ဟုတ်လား”၊ “မှန်ပါဘုရား”

ဆိုလိုတာကတော့—

"အဲဒီ ကာမဘဝရယ် ရူပဘဝရယ် အရူပဘဝရယ် ဆိုတဲ့ ဘဝသုံးပါးကို ဖြစ်စေတတ်တဲ့ကမ္မာဘိသင်္ခါရတွေ၊ ကိလေသာတွေကို အမြစ်ပြတ်အောင် ဖျက်ဆီးပစ်တာကို ဆိုလိုတယ်နော်" "မှန်ပါဘုရား"

အေး အဲဒါကြောင့်—

တယောဘဝေ၊ ဘဝသုံးပါးတို့ကို။ ဝိဒ္ဓံသေတွာ၊ ဖျက်ဆီးပြီးတော့။ ဓမ္မနာဝံ၊ အရိယာမဂ္ဂင်တည်းဟူသော တရား လှေ သင်္ဘောသို့။ ယမာရုယှ၊ ကောင်းစွာ တက်စီးလျက်။ သဒေဝကံ၊ နတ်နှင့်တကွသော သတ္တဝါ အပေါင်းတို့ကို။ သန္တာရေဿသိ၊ သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်၍သွား ကယ်တင်တော်မူပေတော့အံ့—

အထောက်အပံ့နှစ်မျိုးစုံမှ တရားဟောနိုင်

ဒီလို ကြိုးဝါးတော်မူပြီးတော့ လေးသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ဒါနစတဲ့ ပါရမီတော်တွေကို ဖြည့်ကျင့်ဆည်းပူးတော်မူပြီးလျှင် ပါရမီအင်အားပြည့်လို့ ဘုရားဖြစ်ပြီ၊ သတ္တဝါတွေကို ကယ်တင်နိုင်တဲ့ အခြေအနေရောက်ပြီဆိုတော့ ပါရမီအင်အားပြည့်လို့ ဘုရားဖြစ်ရုံနဲ့ သတ္တဝါတွေကို ကယ်တင်နိုင်ဘို့အရေးကို ကြည့်လိုက်တော့ ဝိသာခါ အနာထပိဏ်စတဲ့ တကာ တကာမများလို ပုဂ္ဂိုလ်သတ္တဝါတွေကို ရှင်တော်ဘုရား တရားဟောနိုင်ဘို့အတွက် အထောက်

အပ်ပုံက လိုလာပြန်သေးတယ်ကွဲ့ ဟုတ်လား။ "မှန်ပါ ဘုရား"

"ဘယ်သူမျှ ထောက်ပံ့မယ့်သူ မရှိဘူးဆိုယင် ဘုရားဖြစ် ပေမယ့် တရားဟောနိုင်ပါ့မလား""မဟောနိုင်ပါဘုရား"

ဒီတော့ တခါတရံ မြတ်စွာဘုရားက အနာထပိဏ်သူဌေး ကြီးကို ဟောတယ်။

- ကျောင်းတကာကြီးတဲ့၊ သတ္တဝါတွေကို ချွတ်တော်မူဘို့ရန်အတွက် တရားဟောတော်မူနေရတယ် ဆိုတာ ပေးတဲ့အကြောင်းကိုကြည့်ယင် ပါရမီ အင်အားတည်းဟူသော အထောက်အပံ့ အကြောင်း တခု—

  နီးတဲ့အကြောင်းကိုကြည့်မယ်ဆိုယင် ဝိသာခါ၊ အနာထပိဏ်စသော တကာ တကာမများက သဗ္ဗညု ရှင်တော်မြတ်ဘုရားကိုယ်တော်မြတ်ကြီးကို စားရေး ဝတ်ရေး နေရေး ကျန်းမာရေးစသည်တို့ကိုမကြောင့် ကြ မစိုးရိမ်ရအောင် ထောက်ပံ့လှူဒါန်းပြီးတော့ နေတယ် ဆိုတဲ့ စွည်းလေးပါးဖြင့် တကာ တကာမ များရဲ့ ထောက်ပံ့မှုအကြောင်းတခု—"

ဒီအကြောင်း နှစ်ခုကို မှီပြီးတော့ ငါဘုရားကိုယ်တော် မြတ်သည် သတ္တဝါတို့ကို သံသရာဝဋ်ဆင်းရဲက ထုတ်ဆောင် ကယ်တင်တော်မူနိုင်ပါတယ်တဲ့။

"ဒီတော့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သတ္တဝါတွေကို ကယ်တင်တော်မူတဲ့ နေရာမှာ အကြောင်း ဘယ်နှစ်မျိုးပါလိမ့်" "နှစ်မျိုးပါဘုရား"

အကြောင်းတခုက ဘာတုန်း—

"ပါရမီ အင်အား တည်းဟူသော အကြောင်း၊ ကိုယ်တော်မြတ် ဖြည့်ကျင့်ဆည်းပူးခဲ့တာ"

အကြောင်းတခုက—

"တကာ့ တကာမများရဲ့ ဆွမ်းစားရေးအတွက်၊ သင်္ကန်း ဝတ်ရေးအတွက်၊ ကျောင်းနေရေးအတွက်၊ ပြီးတော့ဘာလဲ"

"ဆေးပါဘုရား"

ဆေး ကျန်းမာရေးအတွက်။

ပါရမီ အင်အားပြည့်ပြီးတော့ အလုပ်လုပ်နိုင်တဲ့ အသိ ဉာဏ် ရှိသေမယ့် အဲဒီအလုပ် လုပ်ရမယ့် ပုဂ္ဂိုလ်ဟာ—

၁။ ကျန်းမာရေး မပြည့်စုံယင် ဒီအလုပ် လုပ်နိုင် ပါ့မလား၊
"မလုပ်နိုင်ပါဘူးဘုရား"

၂။ စားရေး မပြည့်စုံယင်ကော၊
"မလုပ်နိုင်ပါဘူးဘုရား"

၃။ ဝတ်ရေး မပြည့်စုံယင်ကော၊
"မလုပ်နိုင်ပါဘူးဘုရား"

## ၄။ နေရေး မပြည့်စုံယင်တော့၊ “မလုပ်နိုင်ပါဘူးဘုရား”

“ဘယ်နည်းနဲ့မှ သဗ္ဗညုမြတ်စွာဘုရားသည် သတ္တဝါဝေနေ များဗိုလ်ခြေတို့ကို ဒေသစာရီ လှည့်လည်ပြီးတော့ ချေချွတ်တော်မူနိုင်မှာမဟုတ်ဘူး၊ ဟုတ်လား” “မှန်ပါဘုရား”။

ဒီတော့–

ကျန်းမာရေး ပြည့်စုံဘို့ရန်အတွက် ဆေးပစ္စည်း တည်းဟူသော အထောက်အပံ့။

နေရေး အတွက် ကျောင်းပစ္စည်း တည်းဟူသော အထောက်အပံ့။

ဝတ်ရေး အတွက် သင်္ကန်းပစ္စည်း တည်းဟူသော အထောက်အပံ့။

စားရေး အတွက် ဆွမ်းပစ္စည်းလို့ဆိုတဲ့ အထောက်အပံ့။

ဒီ အထောက်အပံ့ကြီး လေးခုကို တကာ တကာမများကို မှီပြီးတော့ အဲဒီ အထောက်အပံ့ကြီး လေးခုကို သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ရတော်မူတယ်၊ “မှန်ပါဘုရား”။

အဲဒီလို ရသည်ဖြစ်သောကြောင့် ကိုယ်တော်မြတ် ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ ပါရမီတော် အင်အားကြောင့် သိထားတဲ့ သဗ္ဗညုတဉာဏ် အရဟတ္တမဂ်ဉာဏ်တို့ဖြင့် သတ္တဝါဝေနေ များ

ဗိုလ်ခြေတို့ကို ကိုယ်တော်မြတ် သံသရာက လွှတ်မြောက်သလို သတ္တဝါတွေကိုလဲ လွတ်မြောက်အောင် ကယ်တင်တော်မူနိုင်ခဲ့တာ၊ "မှန်ပါဘုရား"

## ပစ္စည်းလေးပါး ချီးမြှောက်ထောက်ပံ့မှ သာသနာအရှည်တည်တံ့မယ်

ဒီတော့ သာသနာတော်မှာ ဆွမ်း သင်္ကန်း ကျောင်း ဆေးပစ္စည်းလေးပါးတို့ဖြင့် ချီးမြှောက်ထောက်ပံ့မှုလို့ဆိုတာ ပါရမီအင်အားဖြည့်သလောက်ပဲ သူလဲ အရေးကြီးတဲ့အပိုင်းက ပါလာတယ်၊ "မှန်ပါဘုရား"

"မြတ်စွာဘုရား အလုပ် လုပ်နိုင်ဘို့ရန် အတွက်နော်"၊ "မှန်ပါဘုရား"

"ဆွမ်း သင်္ကန်း ကျောင်း ဆေးပစ္စည်းလေးပါတို့တွင် အခုဘုန်းကြီးတို့ ရန်ကုန်မြို့ရှိ အမျိုးကောင်းသားများ သမီးများကလဲဘဲ စစ်ကိုင်းတောင်ရိုးရယ် မင်းဝံတောင်ရိုးရယ် မင်းကွန်းတောင်ရိုးရယ်ဆိုတဲ့ တောင်ရိုးကြီးသုံးခုမှာ သိတင်းသုံးပြီးတော့ ပရိယတ်နဲ့ ပဋိပတ်ကို အားထုတ်ပြီး သာသနာ့အင်အားကို ဖြည့်တင်းနေကြတဲ့ ရဟန်း သာမဏေ သူတော်သီလရှင်များကို တနိုင်ငံလုံးကနေပြီးတော့ ဆွမ်းဆန်ကော်အလှူကြီးလှူပြီး မလွန်ဆန်လှူသင်းက နေပြီးတော့ ကြီးပွားလာလိုက်တာ အခု ဆန်တင်မကဘူး၊ ဆားဆရာ ဆီရောပါတ်လား"၊ "မှန်ပါဘုရား"

"အဲဒါ ဘာလဲ အာဟာရအတွက် အထောက်အပံ့။ ဒီ အာဟာရအတွက် အထောက်အပံ့ မရဘူးဆိုခဲ့လို့ရှိလျှင် ကိုင်း–ဘုရားရှင် ကိုယ်တော်မြတ်ကြီးကော သာသနာပြုနိုင်ပါ့မလား"၊ "မပြုနိုင်ပါဘူးဘုရား"

ပြုနိုင်တဲ့ အင်အားတော့ ရှိတယ်နော်"၊ "မှန်ပါ"

"အဲဒီ အာဟာရတည်းဟူသော အထောက်အပံ့ကို မရဘည်ဖြစ်သောကြောင့် သာသနာပြုနိုင်ပါ့မလား"၊ "မပြုနိုင်ပါဘူးဘုရား"

"မပြုနိုင်ဘူး။ ပါရမီ အင်အားလဲရှိတယ်၊ ဆွမ်းဆိုတဲ့ အာဟာရ အထောက်အပံ့လဲရှိဘယ်လို့ဆိုတော့ သာသနာပြုနိုင်တဲ့အတွက် သာသနာ ဒီကနေ့ထိ အရှည်တည်တံ့အောင် ဘုန်းကြီးတို့ အမျိုးကောင်းသားများ သမီးများ ဆက်လက်ပြီးတော့ စောင့်ရှောက်လာခဲ့တာ"၊ "မှန်ပါ"

## သဒ္ဓမ္မသုံးဖြာ သာသနာ

သာသနာသာ စ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီး၏ ဂုဏ်။ သာသနာဟာ ဘာလဲ၊ "ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ သာသနာဟာ ဘာတုန်း။ သဒ္ဓမ္မသုံးဖြာ တဲ့"

"ပရိယတ္တိသဒ္ဓမ္မ ပဋိပတ္တိသဒ္ဓမ္မ အဓိဂမသဒ္ဓမ္မလို့ဆိုတဲ့ ဒီ သဒ္ဓမ္မ သုံးပါးသည်သာလျှင် သာသနာ"၊ "မှန်ပါဘုရား"။

ပိဋကသုံးပုံ နိကာယ်ငါးရပ် ပရိယတ္တိကို သင်အံ ပို့ချခြင်းသည် ပရိယတ္တိ သာသနာ။

ဝိပဿနာတရားတွေ ဟောတယ်၊ ဝိပဿနာလုပ်ငန်းတွေကို လုပ်နေကြတယ် ဆိုတာဟာ ပဋိပတ္တိ သာသနာ။

မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသွားတယ်ဆိုတာကတော့ အဓိဂမသာသနာ။

အဲဒါ သဒ္ဓမ္မသုံးပြား၊ သာသနာဟာ ဒါပဲ။

## သာသနာပြုလုပ်ငန်း၌ သုံးမျိုး

"ဒီတော့ သာသနာပြုချင်တယ်ဆိုယင် ပရိယတ္တိကို ပြုပါ၊ ပဋိပတ္တိကို ပြုပါ၊ အဓိဂမ ရအောင် လုပ်ပါ"၊ "မှန်ပါ"

"အဲဒီ သုံးမျိုးသည် သာသနာပြုလုပ်ငန်း သုံးမျိုးပဲ"၊ "မှန်ပါဘုရား"

အဲဒီ သာသနာပြု လုပ်ငန်းလုပ်တဲ့နေရာမှာ ပရိယတ္တိကို ပဋိပတ္တိကိုအဓိဂမကိုရအောင် ကြိုးကုတ်အားထုတ်တော် မူနေကြတဲ့ပုဂ္ဂိုလ်များကိုဆွမ်း သင်္ကန်း ကျောင်း ဆေးဆိုတဲ့ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ပြုစုတဲ့ လုပ်ငန်းကို လုပ်နေယင် 'အဲဒါ ဘာလုပ်ငန်းတုန်း' 'သာသနာပြုလုပ်ငန်းပါဘုရား' ဒါ သာသနာပြုလုပ်ငန်း။ "ဟုတ်လား"၊ "မှန်ပါဘုရား"။

## တကာတကာမအပေါ် သာသနာအမှီပြုရပုံ

သာသနသာ စ၊သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီး၏ရင်း။ လောကသာ၊ သာသနာမှီခို၍ ကြည်ညိုလေးစား လူအများ၏ရင်း။

"ဒီသာသနာတော်က အခုနင်ကပြောတဲ့ အထောက်အပံ့တွေပေါ်မှာ မှီနေရတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ အပေါ်မှာကော မမှီရဘူးလား"၊ "မှီရပါတယ်ဘုရား"

"ဒီအမျိုးကောင်းသားများ သမီးများက လှူမှ တန်းမှ ဆွမ်း သင်္ကန်း ကျောင်း ဆေး ဆိုတဲ့ ပစ္စည်း လေးပါးက သာသနာတော်မှာ လုံလောက်မယ် မဟုတ်လား"။ "မှန်ပါဘုရား"

"အဲဒီသာသနာတော်မှာ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး တည်းဟူသော အထောက်အပံ့ ရမှလဲဘဲ ပရိယတ္တိသာသနာတော်က ကြီးပွားမယ်။" "မှန်ပါ"

"ပဋိပတ္တိသာသနာတော်ကလဲ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး အထောက်အပံ့ရမှ ကြီးပွားနိုင်တယ် နော်" "မှန်ပါ"

## သံဃာတော်အား ပစ္စည်းလေးပါး လှူဒါန်းရန် ဘုရားရှင် ညွှန်ပြတော်မူခဲ့သည်

ဒီနေရာ ဘုန်းတော်ခြောက်ပါးသခင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် အရပ်လေးမျက်နှာမှ လာရောက်

လူ့ဒါန်းကြကုန်သော သာသနာတော်နဲ့လဲ အပ်စပ်၍ အပြစ်လဲကင်းတဲ့ ပစ္စည်းလေးပါးတို့ကို ကိုယ်တော်မြတ် ကိုယ်တော်တိုင် အလှူခံတော်မမူပဲ သံဃာတော်များကို လေးစားသဖြင့် သံဃာတော်တို့အားသာ လှူဒါန်းစေတော် မူခဲ့ပါတယ်။

ဥပမာ—

ပြရှုလျှင် ဥပရိပဏ္ဏာသပါဠိတော် ဒက္ခိဏာဝိဘင်္ဂသုတ်တော်ဝယ် မိထွေးတော်ဂေါတမီသည် သာဗ္ဗည ရှင်တော်မြတ်ဘုရားကို ရည်ရွယ်၍ သက်န်းသစ်တစ်စုံကို ကိုယ်တိုင်ရက်လုပ်ပြီးလျှင် ရှင်တော်မြတ်ဘုရားထံမှောက်သို့ ရောက်အောင်သွားပြီးတော့—

"ဣဒံ မေ ဘန္တေ နဝံ ဒုဿယုဂံ ဘဂဝန္တံ ဥဒ္ဒိဿ သာမံ ကန္တံ သာမံ ဝါယိတံ တံ မေ ဘန္တေ ဘဂဝါ ပဋိဂ္ဂဏှာတု အနုကမ္ပံ ဥပါဒါယ"

[မ-၃၊ ၂၉၆၊ နှာ]

လို့ လျှောက်ထားတယ်။ ဆိုလိုတာကတော့ ဘုန်းတော်ကြောက်ပါးသခင် အရှင်မြတ်ဘုရား၊ ဘုရားတပည့်တော်မ ကိုယ်တိုင် ချည်ငင်ပြီးတော့ တပည့်တော်မ ကိုယ်တိုင် ရက်ထားတဲ့ ဒီသင်္ကန်းအစုံကို အရှင်ဘုရားကိုယ်တိုင်အလှူခံတော်မူပါဘုရားလို့ လျှောက်ထားလိုက်တယ်"။

အဲဒီလို လျှောက်ထားတဲ့နေရာမှာ ဘုန်းတော်သခင် ရှင်တော်ဘုရားက သံဃာကို လေးစားတဲ့နေနဲ့ ဒီလိုပြန်ပြီး

တော့ မိန့်တော်မူလိုက်ရတယ်။ ဘယ်လိုလဲဆိုတော့-

"သံဃေ ဂေါတမီ ဒေဟိ၊သံဃေ တေ ဒိန္နေ
အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ"
[မ-၃၊ ၂၉၆-၇၁]

လို့ မိန့်တော်မူလိုက်တယ်။

အဓိပ္ပါယ်ကတော့ "မိထွေးတော် မိထွေးတော်၏ သင်္ကန်းသစ်အစုံကို သံဃာတော်အား လှူဒါန်းပါ၊သံဃာတော်ကို လှူဒါန်းယင် ငါဘုရားကိုငင်း သံဃာတော်ကို ငင်း ပူဇော်ရာသို့ ရောက်ပါတယ် မိထွေးတော်"လို့မိန့်တော် မူတာကို စဉ်းစားကြည့်ယင် သံဃာတော်များ အတွက် ပစ္စည်းလေးပါး ထောက်ပံ့မှု-အရေးကြီးပုံကို သိနိုင်လောက် ပါတယ်။

ဒီနေရာမှာ စဉ်းစားကြည့်ယင် မြတ်စွာဘုရားသည် ကိုယ်တော်မြတ်အား လှူဒါန်းသော သင်္ကန်းအစုံကို သံဃာ အား လှူဘို့ရန် ဘာပြုလို့ တိုက်တွန်းသလဲဆိုတော့-

ပစ္ဆိမာယ ဇနတာယ သံဃေ စိတ္တီကာရ ဇနနတ္ထံ-တဲ့။
[မ-ဋ္ဌ-၄၊၂၂၁]

"နောင်လာ နောက်သား လူအများရဲ့ ဆိုလိုတာကတော့ ဘုန်းကြီးတို့ရဲ့ ယခုခေတ် အမျိုးကောင်းသားများ-သမီး များရဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတော်မူနေကြတဲ့ ဘုန်းကြီးတို့ အမျိုး

ကောင်းသားများ–သမီးများရဲ့ ထံမှောက်သို့ ဗုဒ္ဓမြတ်စွာ သာသနာတော် မရောက်ရောက်အောင် ပို့ဆောင်ပေးနေတော်မူကြတဲ့ သုတဗုဒ္ဓအမည်တော်ကို ရကြကုန်သော ဓမ္မာစရိယ ဓမ္မကထိက စာချ စာသင် သံဃာတော် အရှင်မြတ်တို့ကို ရှိသေလေးစား စိတ်ထားရှမ်းစို ကြည်ညိုသဒ္ဓါ ဖြစ်စေခြင်းငှါ ရည်ရွယ်၍ ကိုယ်တော်မြတ်အား လှူဒါန်းသော လာဘ်လာဘများကို သံဃာတော်မြတ်အား လှူဒါန်းခိုင်းခြင်းဖြစ်တယ်နော်” “မှန်ပါဘုရား”

## ဘုရားရှင်၏ စိမံကိန်းနှစ်ရပ်

“မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက စဉ်းစားတော်မူပုံက ဒီလိုကွဲ့”၊ “မှန်ပါ”

သတ္တဝါဗိုလ်ခြေ များဝေနေတို့ကို သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင် ကယ်တင်ယော်မူဘို့ရန်အတွက် စီမံကိန်းကြီးနှစ်ရပ် ချမှတ်ပြီးတော့ ကိုယ်တော်တိုင် ဆောင်ရွက်တော်မူခဲ့တယ်။ “မှန်ပါဘုရား”

“အဲဒီ စိမံကိန်းကြီးနှစ်ရပ်က ဘာလဲလို့ဆိုတော့–

(၁) ပရိယတ္တိစိမံကိန်းကြီးက တရပ်ကွဲ့၊

(၂) ပဋိပတ္တိစိမံကိန်းကြီးက တရပ်–

“အဲဒီ စိမံကိန်းကြီး ၂–ရပ်ကို ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင် လေးဆယ့်ငါးနှစ် ပတ်လုံး အကောင် အထည် ပေါ်အောင် ဖော်ခဲ့တယ်နော်”၊ “မှန်ပါဘုရား”

ဗုဒ္ဓမြတ်စွာသည် လေးဆယ်ငါးနှစ်ပတ်လုံး အဲဒီသာသနာ့စိမံကိန်း ၂-ရပ်ကို အကောင်အထည်ပေါ်အောင် ဖော်ပြီး သတ္တဝါတွေကို ထုတ်ဆောင် ကယ်တင်တော်မူရရုံနဲ့ အားရတော် မမူသည့်အတွက် ကိုယ်တော်မြတ်ရဲ့ အရေးမြော်တွေးတော်မူလိုက်တော့-

အဟံ န စိရဋ္ဌိတိကော မယှံ ပန သာသနံ ဘိက္ခုသံဃေ ပတိဋ္ဌဟိဿတိ၊ ပစ္ဆိမာ ဇနတာ သံဃေ စိတ္တီကာရံ ဇနေတု-

[မ၊ဋ္ဌ၊၄၊၂၂၁]

"ဆိုလိုတဲ့အဓိပ္ပါယ်က ဘယ်လိုတုန်း၊ 'ငါဘုရားကိုယ်မြတ်ဟာ-အဲဒီ သာသနာ စိမံကိန်းကြီး ၂-ရပ်ကို ကြာရှည်စွာ အကောင်အထည်ဖော်၍ သတ္တဝါများကို ကယ်တင်တော်မူနိုင်မှာ မဟုတ်ဘူး။ လေးဆယ့်ငါးနှစ်မျှသာ ကယ်တင်၍ ပရိနိဗ္ဗာန်ပြုရလိမ့်မယ်-တဲ့'၊ 'မှန်ပါ'။ သာသနာ့စိမံကိန်းနှစ်ရပ်ကို ငါဘုရား မျက်နှာလွှဲခဲ့ယင် သုတဗုဒ္ဓခေါ်ဆိုရတဲ့ ဓမ္မာစရိယ, ဓမ္မကထိက စာချစာသင် အရှင်မွန် အရှင်ကောင်း သံဃာတော် အပေါင်းတို့က အဲဒီသာသနာ့ စိမံကိန်း ၂-ရပ်ကို အကောင်အထည် ဖော်၍ သတ္တဝါဝေနေ မျှားပိုလ်ခြေကို ကယ်တင်တော်မူကြလိမ့်မယ်-တဲ့"၊ "မှန်ပါဘုရား"

"ကိုင်း ဒီတော့ ဒီသာသနာ့ စိမံကိန်း ၂-ရပ်ကို အကောင်အထည်ပေါ်အောင် ဖော်ရမှာက ဘသူတွေလဲ

ဆိုတော့-ဓမ္မာစရိယ-စာချ စာသင် အရှင်မွန် အရှင်ကောင်းတွေ ဓမ္မကထိက ဆရာတော်သံဃာတော် အရှင်မြတ်တွေကွဲ့-ဟုတ်လား"၊ "မှန်ပါဘုရား"

ဟေး-အဲဒီတော့-ဒီသာသနာ့ စိမ်ကိန်းကြီး ၂-ရပ်ကို အကောင်အထည်ပေါ်အောင် ဖေါ်ရမဲ့ သံဃာတော် အရှင်မြတ်တွေမှာ-

(၁) စားရေးမပြည့်စုံယင်-ဟုတ်လား(မှန်ပါဘုရား)။
(၂) ဝတ်ရေးမပြည့်စုံယင် -
(၃) နေရေး မပြည့်စုံယင်-
(၄) ကျန်းမာရေးမပြည့်စုံယင်-

"ဒါလောက်ကောင်းတဲ့ စိမ်ကိန်းကြီး ၂-ရပ်ကို ဘယ်နည်းနဲ့မှ အကောင်အထည်ပေါ်အောင် ဖေါ်နိုင်မှာမဟုတ်ဘူးကွဲ့"၊ 'မှန်ပါဘုရား'။ "ဖေါ်နိုင်ပါ့မလား"၊"မဖေါ်နိုင်ပါဘုရား"

ဒါကြောင့်-

သံဃော စတုဟိ ပစ္စယေဟိ အကိလမန္တော ဗုဒ္ဓဝစနံ ဥဂ္ဂဟေတွာ သမဏဓမ္မံ ကရိယာတိ၊စေ မမ သာသနံ ပဉ္စဝဿသဟဿာနိ ဌဿတိ။

[မ၊ဋ္ဌ။၄၊၂၂၀]

ဒီစကားရဲ့ အဓိပ္ပါယ်ကတော့ သာသနာ့ စိမ်ကိန်းကြီးနှစ်ရပ်ကို အကောင်အထည်ပေါ်အောင် ဖေါ်ရမယ့် သံဃာ

တော်များဟာ စားရေး ဝတ်ရေး နေရေး ကျန်းမာရေးတို့ ကို ထောက်ပံ့နိုင်တဲ့ ပစ္စည်းလေးပါးတို့ အတွက် မတောင့် မတ မကြောင့်မကြ ပြည့်စုံပါမှ ပရိယတ် ပဋိပတ် ဟု ဆို အပ်သော သာသနာ့စိမ်ကိန်းကြီးများကို အကောင်အထည် ပေါ်အောင် ဖော်နိုင်မှာ။ ဒါမှ မြတ်စွာဘုရားရဲ့ သာ သနာတော် တည်းဟူသော အဆုံးအမ သာသနာကြီး အဓွန့်ရှည်စွာတည်နိုင်ပါတယ်။

## ရှင်ငယ် ရဟန်းငယ် ပိုမိုအားပေးကြ

ဒီနေရာမှာ အရေးကြီးတာကတော့ သာသနာတော်ကြီး အတွင်းသို့ ဝင်ရောက်ခါစဖြစ်တဲ့ ရှင်ငယ် ရဟန်းငယ်များ အတွက် ဂရုစိုက်ပေးဘို့ လိုပါတယ်။ သာသာနာ့စိမ်ကိန်းနှစ် ရပ်ကို အကောင်အထည် ဖော်နိုင်အောင် ကြိုးစားအားထုတ် နေကြရတဲ့ ရဟန်းငယ် ရှင်ငယ်ကလေးများဟာ စားဝတ်နေ ရေး ကျန်းမာရေး ချို့တဲ့နေမယ်ဆိုယင် ဘယ်နည်းနဲ့မှ ပရိ ယတ္တိ သာသနာကို အားထုတ်နိုင်ကြမှာ မဟုတ်ဘူး။

ရှင်ငယ်ရဟန်းငယ်များကို ပစ္စည်း လေးပါးတို့ဖြင့် မချီး မြှောက် မထောက်ပံ့ကြယင် စာသင်ခြင်း စာချခြင်းအမှုကို ပြုနိုင်ကြမှာ မဟုတ်ဘူး။

အဲဒါကြောင့် သံယုတ်အဋ္ဌကထာမှာ—

အစိရပဗ္ဗဇိတာတိ သာမဏေရာစေဝ ဒဟရ-
ဘိက္ခူ စ စိရောဒိ ပစ္စယ ဝေကလ္လေ ဝါ သတိ

ဂေလညော၀ါ သတ္တာရာ၀ါ အာစရိယုပဇ္ဈာ ယေဟိ- ၀ါ အာမိသာနုဂ္ဂဟေန၀ါ ဓမ္မာနုဂ္ဂဟေန၀ါ အနုနုဂ္ဂဟိတာ ကိလမန္တာ န သက္ကောန္တိ သဇ္ဈာယံ၀ါ မနသိကာရံ၀ါ ကာတုံ။

[သံ၊ ဌ၊ ၂၊ ၂၇၅]

လို့ ပြောထားတယ်။

"အဲဒါကြောင့် သာသနာပြုတဲ့အရေးမှာ ရှင်ငယ် ရဟန်းငယ်ကလေးများကိုလဲဘဲ ကြိုးစားပြီး ချီးမြှောက်ဘို့ အရေးကြီးတယ် နော်"၊ "မှန်ပါ"

"အဲဒီ ပရိယတ် ပဋိပတ်တို့ကို ကြိုးပမ်းပြီးတော့ အားထုတ်နိုင်မှုလဲဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ်လို့ခေါ်တဲ့ အဓိဂမသဒ္ဓမ္မကလဲ တိုးတက်စည်ကားပြီးတော့ လာတယ်"။ "မှန်ပါဘုရား"

"ဒါ သာသနာ ထောက်ပံ့ပြီးတော့ ကုသိုလ်ပြုတဲ့ ပွဲလို့ ဒီလိုဆိုရမယ် နော်"။ "မှန်ပါ"

"သာသနာတော်ကြီးကို အခုလို စောင့်ရှောက်နေတာ ဘယ်သူတွေတုန်း။ အမျိုးကောင်းသားတွေ သမီးတွေ ဟုတ်လား"၊ "မှန်ပါဘုရား"

"အဲဒါကြောင့် လောကမှာ သာသနာ ကြီးပွားဘို့တင် မဟုတ်ပါဘူးကွဲ့၊ သာသနာ ကြီးပွားအောင် စောင့်ရှောက်ထောက်ပံ့နေကြတဲ့ သာသနာတော်ကို ကြည်ညိုမှီခိုနေကြတဲ့

အမျိုးကောင်းသားတွေ အမျိုးကောင်း သမီး တွေလဲဘဲ လောကီ လောကုတ္တရာ နှစ်ဖြာ အကျိုးစီးပွားတွေ တနေ့ တခြား တိုးတက်စည်ကားကြပါစေတဲ့၊ ဟုတ်လာ”၊ “မှန်ပါ ဘုရား”

အဲဒီလို တိုးတက် စည်ကားအောင် ဒီသာသနာတော် ကြီးကိုလဲ ပစ်မထားကြပါနဲ့၊ ဝိုင်းဝန်း စောင့်ရှောက် ကြပါ။ ဘယ်သူတွေ စောင့်ရှောက်ရမှာလဲလို့ ဆိုတော့–”

သာသနမ္ဟိ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကိုရင်း။ လောကသ္မိ၊ သာသနာကို မှီခို၍ ကြည်ညိုလေးစား လူအများ ကိုရင်း။ ဒေဝါ၊ နတ်အပေါင်းတို့သည်။ သဗ္ဗဒါ၊ အခါ ခပ်သိမ်း။ ရက္ခန္တု၊ သာသနာတော်အရေး လောကရေး တွင် မြတ်လေးကြည်ဖြူ အရေးယူ၍ ဖေးကူစောင့်ရှောက် တော်မူနိုင်ကြပါစေ။

“နတ်တွေ” “မှန်ပါ”။

## သာသနာတော်စောင့်နတ် သုံးမျိုး

“နတ်က ဘယ်နှစ်မျိုး ရှိသတုန်းလို့ဆိုတော့– သုံးမျိုး ရှိတယ်။ ဟုတ်လား–” “မှန်ပါဘုရား”

“သမ္မုတိနတ်, ဥပပတ္တိနတ်, ဝိသုဒ္ဓိနတ်–သုံးမျိုး။”

အဲ ဒီနတ်သုံးမျိုးတို့တွင် သမ္မုတိနတ်လို့ဆိုတာက မင်း မိဖုရား အိမ်ရှေ့မင်းသား မင်းချီ မင်းသားများကို သမ္မုတိ နတ်လို့ခေါ်တယ်။

အဲ ဒီသမုတိနတ်ကလဲဘဲ သာသနာတော်ကိုမှီခို၍ ကြည် ညိုလေးစား လူအများနှင့်တကွ ဗုဒ္ဓမြတ်စွာသာသနာတော် ကြီးကို အရေးတယူပြုပြီးတော့ ဖေးဖေးကူကူ စောင့်ရှောက် တော်မူနိုင်ပါစေ။ စောင့်ရှောက်ပါ 'မှန်ပါ'။ ဒါက သမုတိနတ်"။

"ဥပပတ္တိနတ်ဆိုတာတော့ ထား နေဦး- 'မှန်ပါ' ဥပပတ္တိဆိုတာတော့ စာတုမဟာရာဇ်, တာဝတိံသာ,ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတ ဝသဝတ္တိ ဆိုတဲ့ နတ်ပြည် ခြောက်ဆင့်မှာရှိတဲ့ နတ်တွေနဲ့ ဗြဟ္မာတွေကို ဥပပတ္တိနတ် လို့ ခေါ်တယ်။ 'မှန်ပါဘုရား' ဒါ ဥပပတ္တိနတ်"။

"ဝိသုဒ္ဓိနတ်လို့ဆိုတာက ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ- နေဦး၊ "မှန်ပါ"

"အဲဒီ ဝိသုဒ္ဓိနတ်ဆိုတဲ့ ဘုရား ပစ္စေကာ ဗုဒ္ဓါ ရဟန္တာတို့ ကလဲဘဲ ဒီသာသနာတော်ကြီးနှင့် သာသနာဖော်ကို မှီခို လေးစား လူအများကို ကြည်ညိုလေးစား စောင့်ရှောက် တော်မူနိုင်ကြပါစေ။စောင့်ရှောက်တော်မူပါ။ "ဟုတ်သား" "မှန်ပါဘုရား"

## ဝိသုဒ္ဓိနတ်များ သာသနာတော် စောင့်ရှောက်ပုံ

"အဲ ဒီတော့ကောင်းပြီ။ ဝိသုဒ္ဓိနတ်က စောင့်ရှောက်တို့ လို့ ဆိုတော့ ဝိသုဒ္ဓိနတ်က ဘယ်သူတုန်း- ဘုရား ပစ္စေကာဗုဒ္ဓါ ရဟန္တာ၊ ဘုရားရှိသေးသလား၊ 'မရှိပါဘူးဘုရား'။ ဘယ့်

နှယ်လုပ်စောင့်ရှောက်မလဲ။ ပစ္စေကဗုဒ္ဓါဆိုတဲ့ ဝိသုဒ္ဓိနတ်ကော ရှိသလား၊ 'မရှိပါဘူးဘုရား'။ ဘယ့် နှယ်လုပ်စောင့်ရှောက်မလဲ။ ရဟန္တာ လို့ဆိုတဲ့ ဝိသုဒ္ဓိနတ်ကော၊ ဒါကတော့ ရှိချင်ရှိမယ်။ 'မှန်ပါ' ရှိယင်တော့ အဲဒီ ဝိသုဒ္ဓိနတ်ခေါ်တဲ့ ရဟန္တာမြတ်ကလဲ စောင့်ရှောက်တော်မူပါ" သို့သော်–

## ဘုရားရှင်လေးမျိုး

"ဘုရားမရှိဘူးလို့ဆိုတဲ့ နေရာမှာ ဘုရားလေးမျိုးရှိတယ်ကွဲ့" "မှန်ပါဘုရား"

သာသနာတော်ကိုစောင့်ရှောက်ရမယ့် ဝိသုဒ္ဓိနတ်လို့ဆိုတဲ့ ဘုရားဟာ ဘယ်နှစ်မျိုးရှိသလဲ။ "လေးမျိုးရှိပါတယ်ဘုရား" လေးမျိုး။ အဲဒီလေးမျိုးဆိုတာက–

စတ္တာရောဟိ ဗုဒ္ဓါ သုတဗုဒ္ဓေါ စတုသစ္စဗုဒ္ဓေါ
ပစ္စေကဗုဒ္ဓေါ သဗ္ဗညုဗုဒ္ဓေါတိ။

(အံ၊ဋ္ဌ၊၁၊၇၉)

ဗုဒ္ဓေါ။ ဝိသုဒ္ဓိနတ်လို့ ဆိုတဲ့ ဘုရားတို့သည်။ စတ္တာရော၊ လေးမျိုးတို့ပေတည်း။ ကတမေ စတ္တာရော၊ လေးမျိုးက ဘာတုန်းလို့ဆိုတော့။ သုတဗုဒ္ဓေါ၊ သုတဗုဒ္ဓလို့ဆိုတဲ့ ဝိသုဒ္ဓိနတ်သည်ရင်း။ စတုသစ္စဗုဒ္ဓေါ၊ စတုသစ္စဗုဒ္ဓလို့ဆိုတဲ့ ဝိသုဒ္ဓိနတ်သည်ရင်း၊ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါ ဆိုတဲ့ ဝိသုဒ္ဓိနတ်သည်ရင်း။ သဗ္ဗညုဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓသဗ္ဗညုဘုရား

ရှင်ကိုယ်တော်မြတ်ဆိုတဲ့ ဝိသုဒ္ဓိနတ်သည်ရင်း။ ဝူတိ၊ ဤလေး မျိုးတို့ပေတည်း။

"အဲဒီ ဝိသုဒ္ဓိနတ်တွေ။ 'မှန်ပါဘုရား'။ သုတဗုဒ္ဓဆိုတဲ့ ဝိသုဒ္ဓိနတ်၊ စတုသစ္စဗုဒ္ဓလို့ဆိုတဲ့ ဝိသုဒ္ဓိနတ်၊ ပစ္စေကဗုဒ္ဓလို့ ဆိုတဲ့ ဝိသုဒ္ဓိနတ်၊ သမ္မာသမ္ဗုဒ္ဓ လို့ဆိုတဲ့ ဝိသုဒ္ဓိနတ်— ဘယ်နှစ်မျိုးလဲ၊" "လေးမျိုးပါဘုရား"

"အဲဒီလေးမျိုးထဲမှာ သမ္မာသမ္ဗုဒ္ဓဆိုတဲ့ ဝိသုဒ္ဓိနတ် အခု မရှိတော့ဘူး— ပုဂ္ဂိုလ်အားဖြင့်' 'မှန်ပါ"

"ပစ္စေကဗုဒ္ဓါဆိုတဲ့ ဝိသုဒ္ဓိနတ်လဲ သာသနာပေါ်တွင်း မှာမရှိဘူး"

"စတုသစ္စဗုဒ္ဓလို့ဆိုတဲ့ ရဟန္တာလို့ဆိုတဲ့ စတုသစ္စဗုဒ္ဓက တော့ ရှိချင်လဲရှိလိမ့်မယ်။ကျန်ရှိသာကဘာတုန်းလို့ဆိုတော့ သုတဗုဒ္ဓ"၊ "မှန်ပါဘုရား"

## သုတဗုဒ္ဓ ဆိုတာဘာလဲ

အဲဒီသုဘဗုဒ္ဓဆိုဘာ ဘယ်လိုပုဂ္ဂိုလ်မျိုးကို သုဘဗုဒ္ဓ ခေါ်သလဲဆိုတော့—

တတ္ထ ဗဟုသုတော ဘိက္ခု သုတဗုဒ္ဓေါနာမ။

တတ္ထ၊ ထိုလေးမျိုးသောဝိသုဒ္ဓိနတ်လို့ဆိုတဲ့ဘုရားတို့တွင်။ ဗဟုသုတောဘိက္ခု၊ ပရိယတ္တိဗဟုသုတ ပဋိပတ္တိဗဟုသုတနဲ့ ပြည့်စုံတဲ့ရဟန်းသည်။ သုတဗုဒ္ဓေါ နာမ၊ သုတဗုဒ္ဓလို့ဆိုတဲ့ ဝိသုဒ္ဓိနတ်မည်ပါပေ၏၊ "ဟုတ်လား၊" "မှန်ပါဘုရား"

"အခု ဆန်လူအသင်းကြီးက စောင့်ရှောက် ထိန်းသိမ်း လှူဒါန်းနေကြတဲ့ ဆရာတော် သံဃာတော်တွေ၊ တရား ဒေသနာ ဟောပြော ပြသနေကြတဲ့ ဆရာတော် သံဃာတော် တွေ အဲဒီပုဂ္ဂိုလ်တွေဟာ ပရိယတ္တိ ဗဟုသုတနဲ့ ပြည့်စုံကော် မူကြတဲ့ ဝိသုဒ္ဓိနတ်တွေကွဲ့၊ "မှန်ပါဘုရား" အဲဒါ ဘုရား တွေ၊ "မှန်ပါဘုရား" သူတို့ ဘုရားကွဲ့။ ဟုတ်လား၊ "မှန်ပါ" အမျိုးကောင်းသား အမျိုးကောင်းသမီး တကာ တကာမ တွေ ဘုရားတွေနဲ့ တွေ့နေတာ၊ ဘုန်းကြီးကတော့ သိပ်ဝမ်း သာတာဘဲ၊ "မှန်ပါ" ငါတည့်တွေ ဘုရားတွေနဲ့ တွေ့နေ ပြီဆိုပြီးတော့ ကိုယ်ကတော့ သိပ်ဝမ်းသာနေတာကွဲ့ ကြား လား "မှန်ပါဘုရား" သုတဗုဒ္ဓထဲမှာ ပါတယ်၊ ဟုတ်လား၊ "မှန်ပါဘုရား"

တတ္ထ ဗဟုသု တော ဘိက္ခု သုတဗုဒ္ဓေါ နာမ။

တတ္ထ၊ ထိုလေးမျိုးသော ဘုရားတို့တွင်။ ဗဟုသုတော ဘိက္ခု၊ ပရိယတ္တိ ဗဟုသုတနဲ့ ပြည့်စုံတဲ့ရဟန်းသည်။ သုတ ဗုဒ္ဓေါ နာမ၊ သုတဗုဒ္ဓ မည်ပါပေ၏။

"တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီးတွေ- တိပိဋကဓရ အောင်တော်မူကြတဲ့ ပုဂ္ဂိုလ်တွေ ဒွိပိဋကဓရတွေ ဧကပိဋကဓရတွေ၊ ပိဋက တပုံဆောင် နှစ်ပုံဆောင် သုံးပုံ ဆောင် အချိန်ကာယ် တကျမ်း နှစ်ကျမ်း စသည်ဖြင့် ဒီလို ဆောင်ကြတဲ့ ပုဂ္ဂိုလ်တွေက အားလုံး သံဃာတော် အရှင်

ကောင်း အရှင်မြတ်တွေထဲက ပရိယတ္တိ ဗဟုသုတနဲ့ပြည့်စုံတဲ့ သံဃာတော်အားလုံးဟာ အဲဒါ ဘုရားဘဲ၊ "မှန်ပါဘုရား"

"ကျောင်းတိုက်တွေမှာ စာချပို့နေကြတဲ့ ဆရာတော်တွေကို မမှာစရိယ ဆရာလို့ခေါ်တယ်၊ အဲဒီ စာချဆရာတော်တွေကော၊ 'ဘုရားတွေပါဘုရား' သုတဗုဒ္ဓတွေကွဲ့၊ 'မှန်ပါဘုရား' အဲဒီ သုတဗုဒ္ဓတွေက သာသနာတော်ကြီးကို လောကနေသူ ဗိုလ်လူများစွာ သာသနာ မှီခိုတဲ့ ကြည်ညိုတဲ့ လူအများကို ကရုဏာရှေ့ထား မေတ္တာအားဖြင့် သနားကြည်ဖြူ စောင့်ရှောက်တော်မူနိုင်ကြပါစေကုန်သတည်း"။

သာဓု သာဓု သာဓု

## လူသားတို့မျက်မှောက် သာသနာတော်ကြီး ရောက်နေပြီ

"ဒီကနေ့ သာသနာတော်မြတ်ကြီးဟာ ၊ ဘုန်းကြီးတို့ အမျိုးကောင်းသားများ သမီးများရဲ့ ရှေ့မှောက်ကို အခု သုတဗုဒ္ဓများရဲ့ စောင့်ရှောက်မှုကြောင့် ဒီ အမျိုးကောင်းသားတွေ သမီးတွေကို သုတဗုဒ္ဓအရှင်မြတ်များရဲ့ စောင့်ရှောက်မှုကြောင့် သာသနာတော်ကြီးသည် ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေရဲ့ မျက်မှောက်ကို ထင်ထင် ရှားရှား ရောက်သာသလား ရောက်မလာဘူးလား"၊ "ရောက်သ ပါတယ်ဘုရား"

"ဘုန်းကြီးတို့ ဗုဒ္ဓဘာသာဝင် သူတော်စင် အမျိုးကောင်းသားတွေ သမီးတွေက သာသနာကို မှီခိုနေကြသ

လား မှီခိုမနေကြဘူးလား၊ 'မှီခိုနေပါတယ်ဘုရား' မှီခိုနေကြတယ် နော်၊ 'မှန်ပါ' ဒါဖြင့် အဲဒီသာသနာကို ဘယ်လိုအသုံးချမလဲ။ သုတဗုဒ္ဓတွေက ညွှန်ပြထားတဲ့ သာသနာနော်၊ 'မှန်ပါ' သုတဗုဒ္ဓများက ညွှန်ပြထားတယ် မဟုတ်လား၊ 'ညွှန်ပြထားပါတယ်ဘုရား' သာသနာ ဟုတ်လား၊ ပရိယတ် ပဋိပတ် အဓိဂမဟု ဆိုအပ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီး မိမိတို့ရှေ့မှောက် မိမိတို့ထံမှောက်ကို အခု ဒီ သာသနာတော်ကြီး ရောက်လာသလား ရောက်မလာသေးဘူးလား၊ 'ရောက်လာပါတယ်ဘုရား' ဘယ်လိုလုပ် အသုံးချကြမလဲ"

## သာသနာကို ကျင့်ကြံအသုံးပြုနည်း လေးမျိုး

"သာသနာတော်သည် အချို့ပုဂ္ဂိုလ်များအတွက် အန်ဆေးကြီးနဲ့ တူသတဲ့၊ 'မှန်ပါ' တချို့ပုဂ္ဂိုလ်များ သာသနာတော်ကို ပျို့အန်ဆေးကြီးသဖွယ် အသုံးချကြတယ်"။

တချို့ပုဂ္ဂိုလ်များကျတော့ သာသနာတော်ကို မိမိတို့ရှေ့မှောက်မှာ သုတဗုဒ္ဓများရဲ့ စောင့်ရှောက်မှုကြောင့် မိမိတို့ရှေ့မှောက်ကို ရောက်လာတဲ့ သာသနာတော်ကို ဝမ်းလျှောဆေးကြီးသဖွယ် အသုံးပြုကြတယ်။

"ဘုန်းကြီးတို့ ရန်ကုန်ပရိသတ်တွေ နဲ့ ဒါလေးစဉ်စားကြ၊ ဘယ်လို ဒို့သုံးနေသလဲ ဒို့သာသနာတော်ကို အခု အသုံးပြုနေတာ ပျို့အန်တဲ့ အန်ဆေးကြီးသဖွယ် ဒို့အသုံး

ပြုနေသလား ဝမ်းလျှောဆေးကြီးလို ဒို့ဒီသာသနာ့ဆောင်ကို အသုံးပြုနေသလား"။

တချို့က သာသနာတော်ကြီးကို အဆိပ်အိုးကြီးသဖွယ် ပြုလုပ်၍ အသုံးပြုကြတယ်၊ ဘုန်းကြီးတို့ ပရိသတ် ဘယ်လို လုပ် သုံးနေကြတုန်း၊ သာသနာတော်နဲ့ ပတ်သက်လို့ အရေး ကြီးသလား မကြီးဘူးလားကွဲ့၊ 'ကြီးပါတယ် ဘုရား'၊ သာသနာတော်ကို သုံးဖူးတတ်ကြရဲ့လားကွဲ့၊ 'သုံးတတ်ကြပါ တယ်ဘုရား' နို့ ဘယ်လိုလုပ် သုံးမတုန်း၊ 'ဂုဏ်ဆိတ်ဆေးလို သုံးပါတယ် ဘုရား' နို့ မင်းတို့သုံးပုံက အဲဒီလိုဟုတ်ကဲ့လား၊ 'အဆိပ် ဖြေဆေးလို သုံးပါတယ်ဘုရား' ဟုတ်လား"။

"တချို့ပုဂ္ဂိုလ်တွေ သာသနာ့တော်ကို ဘယ့်နှယ် အသုံး ပြုကြသလဲဆိုတော့ အဆိပ်ကဲ့သို့ အသုံးပြုကြတယ်၊ ဟုတ် လား၊ 'မှန်ပါဘုရား' အဆိပ်"။

တချို့ပုဂ္ဂိုလ်တွေကတော့ သာသနာတော်ကို နတ်ဆေး သဖွယ် အသုံးပြုကြတယ်၊ ဘယ်နှစ်မျိုးတုန်း၊ "လေးမျိုးပါ ဘုရား"

တချို့က ဘယ်လို သုံးတုန်းကွဲ့၊ (ပျို့အန်ဆေးလို သုံးပါတယ် ဘုရား)။
တချို့က (ဝမ်းလျှောဆေးလိုသုံးပါတယ်ဘုရား)။
တချို့က (အဆိပ်ကဲ့သို့ သုံးပါတယ်ဘုရား)။
တချို့က (နတ်ဆေးသဖွယ် အသုံး ပြုပါတယ် ဘုရား)။

"ကိုင်း ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ သုံးနေပုံ ဟောတော့ ဟောရလိမ့်အုန်းမယ်၊ 'ဟောပါဘုရား' ပလ္လင်ပေါ်ရောက်လာမှကိုးကွဲ့၊ ဟောတော့ ဟောရအုန်း မှာဘဲ၊ သာသနာတော် သုံးနည်းကွဲ့၊" "မှန်ပါဘုရား"

"သုတဗုဒ္ဓလို့ဆိုတဲ့ အရှင်မြတ်များရဲ့ စောင့်ရှောက်မှု ကြောင့် ဘုန်းကြီးတို့ အမျိုးကောင်းသားများ သမီးများရဲ့ သန္တာန်မှာ သာသနာရောက်လာပြီ" "မှန်ပါဘုရား"

သီလသာသနာ သမာဓိသာသနာ ပညာသာသနာလို့လဲ ဆိုကွဲ့၊ "မှန်ပါ" ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ လို့လဲ ဆိုကွဲ့၊ "မှန်ပါ"

ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ ဒေသနာတော်ကို တကာ တကာမတို့ သေသေချာချာလိုက်နာကြဘို့- လိုက်နာရဲ့လား၊ "လိုက်နာပါတယ်ဘုရား"။ သာသနာတော်ကြီးကို သုံးသပ် ပြီးတော့=

"ဘုန်းကြီးတို့ သုတဗုဒ္ဓလို့ခေါ်တဲ့ ဓမ္မာစရိယ စာချ ဆရာတော်များနဲ့ ဓမ္မကထိကဆရာတော်များ၊ သာသနာ တော်မှာ အင်မတန်အရေးကြီးတဲ့ အပိုင်းက နေပြီးတော့ စောင့်ရှောက်ရတဲ့ ပုဂ္ဂိုလ်နှစ်ပါးဟာ ဒီနှစ်ပါးဘဲရှိတယ်"။ "မှန်ပါဘုရား"။

"ဓမ္မာစရိယ စာချဖြစ်တဲ့ပုဂ္ဂိုလ်တွေက သာသနာတော် တွင်းသို့ ဝင်ရောက်လာခါစဖြစ်တဲ့ ရှင်ငယ် ရဟန်းငယ် ကလေးများကို အသိဉာဏ် ဖွံ့ဖြိုးတိုးတက်အောင် သာသနာ

ရောက်အောင် ယင်ကြွားပို့ချပေးရတယ်၊ 'မှန်ပါဘုရား'။ သာသနာ့တော်တွင်းသို့ ရောက်လာခါစ ဖြစ်တဲ့ ရှင်ငယ် သာမဏေငယ်ကလေးများ ရဟန်းငယ်ကလေးများကို ဓမ္မာစရိယ စာချဆရာတော်များက အဲဒီရှင်ငယ် ရဟန်းငယ်များ ရှေ့မှောက်ကို သာသနာ့ရောက်သွားအောင် သူတို့က စောင့်ရှောက်ပေးရတယ်။ "မှန်ပါ"

"ပရိယတ္တိဗဟုသုတနဲ့ ပြည့်စုံတော်မူကြတဲ့ သုတဗုဒ္ဓတွေနော်၊ 'မှန်ပါ'။ ဓမ္မာစရိယရယ် ဓမ္မကထိကရယ်"

ဓမ္မကထိကလို့ ခေါ်တဲ့ သုတဗုဒ္ဓ အရှင်ကောင်း အရှင်မြတ်တွေကတော့ သာသနာ့ မှီခို၍ ကြည်ညိုလေးစားတဲ့ တကာ တကာမတို့ရဲ့ ထံမှောက်ကို သာသနာ့ရောက်အောင် စောင့်ရှောက်ပေးတော် မူရတယ်၊ ဟုတ်လား၊ "မှန်ပါ ဘုရား"

စာချ ဓမ္မာစရိယ ဆရာတော်များက ရှင်သာမဏေငယ် များ ရဟန်းငယ်များ၏ ထံမှောက်ကို သာသနာ့ရောက် အောင် စောင့်ရှောက်တော်မူကြတယ်၊ ဟုတ်လား၊ "မှန်ပါ ဘုရား"

သုတဗုဒ္ဓ၌ အကျုံးဝင်တော်မူကြတဲ့ ဓမ္မကထိက အရှင် ကောင်း အရှင်မြတ်များကတော့ဖြင့် သာသနာ့မှီခို၍ ကြည်ညို လေးစားနေကြတဲ့ တကာ တကာမ အမျိုးကောင်း သား-သမီးတို့ရဲ့ ထံမှောက်ကို သာသနာ့ရောက်အောင် စောင့် ရှောက်၍ ပေးတော်မူကြတယ်၊ နော်-"မှန်ပါဘုရား"

အဲဒီလို အသီး အသီး ဓမ္မာစရိယ စာချဆရာတော် များနဲ့ ဓမ္မကထိက အရှင်ကောင်း အရှင်မြတ်များက စောင့်ရှောက်၍ ပေးသည်ဖြစ်သောကြောင့် အမျိုးကောင်း သားများ-အမျိုးကောင်းသမီးများရဲ့ ထံမှောက်ကိုလဲ သာ သနာတော်ရောက်လာသည်။ အခုရောက်နေပြီမဟုတ်လား၊ "ရောက်ပါတယ်ဘုရား" ဒီလို မကျင့်ကြနဲ့ ဒီလိုကျင့်၊ ဒီလို အားမထုတ်ကြနဲ့ ဒီလို အားထုတ်။ ဒါနကုသိုလ် ဆိုတာ ဘယ်ပုံဘယ်နည်းပြုရတယ်၊ ဘယ်ပုံဘယ်နည်း မပြု ရဘူး။ သီလကုသိုလ် ဆောက်တည်တဲ့ နေရာမှာ ဘယ်ပုံ ဘယ်နည်း ဆောက်တည်ရမယ်။ ဘယ်ပုံ ဘယ်နည်း မဆောက်တည်ရဘူး။

သမာဓိကုသိုလ်တွေ ပွါးများတဲ့အခါ ဝိပဿနာ ကုသိုလ် တွေ ပွါးများတဲ့အခါ ဘယ်ပုံ ဘယ်နည်းအားထုတ်ပြုလုပ် ရတယ်ဆိုတဲ့ ဘုရားရှင်ရဲ့ အဆုံးအမတွေကို ပေးပေးပြီးတော့ ဓမ္မကထိက အရှင်ကောင်း အရှင်မြတ်တွေက ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ= သမီးတွေကို စောင့်ရှောက် ပေး မထားဘူးလား၊ "ပေးထားပါတယ်ဘုရား"

ဒီတော့ ဒီ အမျိုးကောင်းသားတွေ-သမီးတွေရဲ့ အသိ ဉာဏ်မှာ ဒီသာသနာရောက်မနေပေဘူးလား၊ "ရောက်ပါ တယ် ဘုရား"

"ဘယ်သူစောင့်ရှောက်ပေးလို့လဲ"၊

"သုတဗုဒ္ဓက စောင့်ရှောက်လို့ပါဘုရား"

သုတမဲ့ဒွလို့ဆိုတဲ့ ဓမ္မကထိက အရှင်ကောင်း အရှင်မြတ် တွေက စောင့်ရှောက်ပေးလို့၊ "မှန်ပါဘုရား"

ရဟန်းငယ် ရှင်ငယ်တို့ရဲ့ ထံမှောက်မှာလဲ့ဘဲ ဒီသာသနာ ရောက်မနေဘူးလား၊ 'ရောက်နေပါတယ်ဘုရား' ဘယ်သူ စောင့်ရှောက်ပေးလို့လဲ၊ 'သုတမဲ့ဒွကပါဘုရား' သုတမဲ့ဒွလို့ ဆိုတဲ့ ဓမ္မာစရိယ စာချဆရာတော်များက စောင့်ရှောက် ပေးလို့ သူတို့ထံမှောက်လဲ သာသနာရောက်နေတယ်၊ "မှန် ပါဘုရား"

သုတမဲ့ဒွလို့ဆိုတဲ့ ဓမ္မကထိက အရှင်ကောင်း အရှင်မြတ် များက စောင့်ရှောက်ပေးလို့လဲ့ဘဲ ဘုန်းကြီးတို့ အမျိုး ကောင်းသား-သမီးတွေရဲ့ ထံမှောက်မှာ သာသနာကြီးက လက်ထဲရောက်နေကြပြီ၊ 'မှန်ပါဘုရား' ဒီသာသနာတော်ကို ဘယ်လိုသုံးမလဲ ဆိုတော့ အကောင်းဆုံးတော့ သူတို့က ပြောမှာဘဲ။ သို့သော် သုံးပုံသုံးနည်းသာ မဟုတ်ရှိရမယ်၊ "မှန်ပါဘုရား"

ပျို့အံဆေးအနေနဲ့ သုံးမှာလား၊

ဝမ်းလားဆေးအနေနဲ့ သုံးမှာလား၊

အဆိပ်အနေနဲ့ သုံးမှာလား၊

နတ်ဆေးအနေနဲ့ သုံးမှာလား။

ဒီတော့ ပရိသတ်က ဘယ့်နှယ်ပြန်ပြောမလဲ- နတ်ဆေး အနေနဲ့ သုံးပါ့မယ်ဘုရားလို့ ပြောတယ်။'မှန်ပါ' နတ်ဆေး အနေနဲ့သုံးယင် ဘာပြုလို့ ကမောက်ကမတွေ့ဖြစ်ကုန်သလဲ၊ 'ပျက်တဲ့လူတွေရှိလို့ပါ ဘုရား' မင်းတို့ရော၊ (ပါဘာတယ်

ဘုရား။ မပျက်တဲ့လူလဲ ရှိပါတယ် ဘုရား)။ အေး–ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး တည်ရှိနေတာနော်၊ (မှန်ပါဘုရား)။ ခု–သာသနာတော် အရှည်တည်တန့်ခိုင်မြဲရေးအတွက် ကျင့်သုံးပုံ ကျင့်သုံးနည်း လေးခု ဟောမှာဘဲကွဲ့–နော်၊ (မှန်ပါ)။ မိမိထံမှောက်ကို ရောက်လာတဲ့ သာသနာတော်ကို ဒီလေးမျိုးသော သုံးနည်းတို့တွင် မိမိတို့ ဘယ်လို သုံးနည်းမျိုးနဲ့ သုံးရမယ်ဆိုတာ အဲဒါပြောမလို့ကွဲ့–နော်၊ "မှန်ပါဘုရား"

ဥပါလိထေရာ အပဒါန်ပါဠိတော်, ဥပါလိထေရဂါထာ အဋ္ဌကထာ၊ အဲဒီမှာ ဒီဂါထာတွေပါတယ်၊ 'မှန်ပါဘုရား' ဘုန်းကြီး များများ မဟောပါဘူး၊ သိပ်လဲ မဟောနိုင်ဘူးကွဲ့၊ လူက နဲနဲကြီးလာပြီ ဟုတ်လား၊ သိပ် မဟောနိုင်တော့ဘူး၊ ဟိုတုန်းကလို သုံးနာရီ လေးနာရီ မဟောနိုင်တော့ဘူး၊ ဒီတော့ တနာရီနီးလာက်ဆို တော်ရော ပေါ့ကွယ်၊ ဒို့က အဖွင့်ဟောဒါဘဲ ဟုတ်လား။ ဒီတော့–

> မာ ဝေါ ခဏံ ဝိရာဓေသိ၊ ခဏာတီတာ ဟိ သောစရေ။ သုဒ္ဓတ္တေ ဝါယမေယျာထ၊ ခဏော ဝေါ ပဋိပါဒိတော။
>
> [အပ၊ ၁၊ ၅၁။]

ဟောဒီ ဂါထာဟာ ဥပါလိထေရ အပဒါန်မှာလာတဲ့ ဂါထာ၊ "မှန်ပါဘုရား"။

သာဓေဝါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား သမီးအပေါင်း သူတော်ကောင်းတို့။ ဓေဝါ၊ သင် အမျိုး ကောင်းသား သမီးတို့သည်။ ခဏံ၊ သုတဗုဒ္ဓလို့ခေါ်တဲ့ ဓမ္မကထိက အရှင်မြတ်များက စောင့်ရှောက်၍ထားသည်ဖြစ် သောကြောင့် မိမိတို့ထံမှောက် ရောက်ရှိ၍လာတဲ့ ဗုဒ္ဓုပ္ပါဒ နဝမခဏလို့ခေါ်တဲ့ ခဏကို။ မာ ဝိရာဓေထ၊ ချွတ်ယွင်း အောင် မပြုလုပ်လိုက်ကြပါနဲ့။

ကမောက်ကမ မလုပ်လိုက်ကြပါနဲ့တဲ့၊ 'မှန်ပါ'။ အရှင် ဘုရားကလဲ တပည့်တော်တို့က ကမောက်ကမလုပ်နေလို့လား လို့ဆိုတော့ မဟုတ်ပါဘူး၊ ပါဠိတော်ထဲရှိနေတဲ့အတိုင်းသာ ဟောတာ၊ ဒီပရိသတ်က သာသနာတော်ကို ကမောက်ကမ ဖြစ်အောင် လုပ်နေတဲ့ ပရိသတ် မဟုတ်ဘူးနော်၊ "မှန်ပါ ဘုရား"။

သာသနာတော်ကို မစင်ကြယ် စင်ကြယ်အောင် မသန့် ရှင်းသန့်ရှင်းအောင် မကောင်း ကောင်းအောင် လုပ်နေတဲ့ ပရိသတ်ပါ၊ "မှန်ပါဘုရား"။

သို့သော် ဘုန်းကြီးတို့ သာသနာတော်မှာ ဖြစ်နေတာ တွေက ဘယ်လိုလဲလို့ဆိုတော့ ဒါနကုသိုလ်က သံသရာရှည် သတဲ့၊ ဟုတ်လား၊ 'မှန်ပါ'၊ လုပ်သမျှ ဘာတဲ့၊ 'ဒုက္ခ ပါဘုရား'၊ အဲဒီလို ဝိရာဓေထ ကမောက်ကမတွေ၊ မလုပ်ကြ ပါနဲ့ ဟုတ်လား၊ "မှန်ပါ"။

"မာ ဓေဝါ ခဏံ ဝိရာဓေထ၊"

သာမဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား သမီးအပေါင်းတို့။ ဝေါ၊ သင် အမျိုးကောင်းသား သမီး အပေါင်း သူတော်ကောင်းတို့သည်။ ခဏံ၊ သုတ ဗုဒ္ဓတွေက ပေးထားလို့ရတဲ့ဆိုတဲ့ ဗုဒ္ဓုပ္ပါဒနဝမခဏလို့ခေါ်တဲ့ သာသနာ တော်ကြီးကို။ မာဝိရာဓေထ၊ ချွတ်ယွင်းအောင် ဖေါက်ပြန် အောင် ပျက်စီးအောင် ကမောက်ကမ မလုပ်လိုက်ကြနဲ့။

အမျိုးကောင်းသားတွေ သမီးတွေ သာသနာတော်ကို ကမောက်ကမဖြစ်အောင် ချို့ယွင်းပျက်စီးအောင် မလုပ်ကြ နဲ့တဲ့၊ 'မှန်ပါဘုရား' ဒိပရိသတ်တွေလုပ်လို့လား၊ 'မလုပ်ပါဘူး ဘုရား' နဲ့ကရေးလဲ တွေးကြည့်ကြအုံးကွဲ့။ လုပ်ဆိုတာ ဘယ်လိုလဲလို့ဆိုတော့ ဘုန်းကြီးတို့ကို၊ ဟုတ်လား။ ကိုယ်က ခေါင်းစပြောမယ်နော်။ 'မှန်ပါ'။ ထူးကြီးဆရာတော် တရားဟောကောင်းလိုက်တာ တရားဟောကောင်းလိုက်တာ၊ ထူးကြီးဆရာတော် သိပ်တရားဟောကောင်းတာဘဲ၊ ထူးကြီး ဆရာတော်တရားမနာလို့ မဖြစ်ဘူး၊ ထူးကြီးဆရာတော်မှ၊ ထူးကြီးဆရာတော်မှဆိုပြီးတော့ ထူးကြီးဆရာတော်ကို ဝိုင်း ဝိုင်း ဝိုင်းဝိုင်း ပြီးတော့ မြှောက်လိုက်ကြတာ၊ တကာတို့ မှတ်မိသေးလား၊ 'မှတ်မိပါတယ်ဘုရား'။ ကမောက်ကမ ဖြစ်အောင် မလုပ်လိုက်ကြပါနဲ့၊ 'မလုပ်ပါဘူးဘုရား'။ အေး မလုပ်ပါနဲ့လို့ပြောတာပါ၊ လုပ်တယ်လို့ ဘုန်းကြီးမပြောပါ ဘူး။ ဘုန်းကြီးက ဒိပရိသတ်ကို ကမောက်ကမ ဖြစ်အောင် လုပ်တယ်လို့ ဟောနေသလားကွဲ့၊ 'မဟောပါဘူးဘုရား'။ မလုပ်ပါနဲ့လို့ဟောတာ။ ဒါလဲ ဘုန်းကြီးဟောတာ မဟုတ်

ပါဘူး၊ ထေရဂါထာ ပါဠိတော်မှာ ပါနေတာကို ပြောတာပါ။ "မှန်ပါဘုရား"။

"မာ ဝေါ ခဏံ ဝိရာဓေထ"

အဲဒီစာပိုဒ် တပိုဒ်နဲ့ဘဲ ငါတော့ ဒီကနေ့ည သွားလိမ့်မယ် ထင်တယ် ဟုတ်လား။ နေစမ်းပါအုံး ဒီဘုန်းကြီးတရား အားရပါးရနာခဲ့လို့ဆိုတော့ ဒီတည် အားရပါးရနာပြီးယင် ပြီးရောလား "မဟုတ်ပါဘူးဘုရား"။

"မာ ဝေါ ခဏံ ဝိရာဓေထ"

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား သမီးအပေါင်းတို့။ ဝေါ၊ သင်အမျိုးကောင်းသား သမီး အပေါင်းတို့သည်။ ခဏော၊ သုတာဗုဒ္ဓတွေက ဟောကြား၍ ပေးသည်ဖြစ်သောကြောင့် မိမိတို့ထံမှောက်ကို ရောက်လာတဲ့ ဗုဒ္ဓုပ္ပါဒ သာသနာဆိုတဲ့ ခဏကလေးကို။ မာ ဝိရာဓေထ၊ ချွတ်ယွင်းဖေါက်ပြန်၍သွားအောင် ကမောက်ကမ မလုပ်လိုက်ကြပါနဲ့။

သာသနာတော်ကြီးနော်၊ 'မှန်ပါဘုရား'။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးက ဒီကနေ့ အန္တရာယ်တွေ အင်မတန်များလားတယ်ကွဲ့၊ အမျိုးမျိုးသော နည်းမျိုးစုံနဲ့ ဒီသာသနာတော်မှာ အန္တရာယ်တွေဝင်လာတယ်၊ 'မှန်ပါဘုရား'။ ဒါတွေကို ဘုန်းကြီးတို့ပရိသတ်တွေမြင်နေတယ်မဟုတ်လား၊ 'မြင်ပါတယ်ဘုရား'။ ဟင် သာသနာတော်ထဲမှာ ဟိုဟာက တမျိုး၊ ဟိုဒင်းကတမျိုး၊ ဒီကတမျိုး၊ ဟိုအဖွဲ့ကတမျိုး ဒီအဖွဲ့က တမျိုးနဲ့ အမျိုးမျိုးကမောက်ကမတွေ ဟုတ်လား၊

ဒါနတဲ မပြုရဘူးလိုလို၊ သီလတဲ မဆောက်တည်ရဘူးလိုလို၊ ဝိပဿနာတရားတဲ အားမထုတ်ရဘူးလိုလို ဒီလိုဟာတွေကလဲ ဝင်လာတယ်မဟုတ်လား၊ 'ဝင်လာပါတယ်ဘုရား'။ အဲဒါ ခဏကလေး ကိုယ်နဲ့ တွေ့ရတဲ့ သာသနာတော်ကို ဘာဖြစ်အောင် လုပ်နေကြတာလဲ။ ဟင် အဲဒါ ပြောမယ်ဆိုယင် အများကြီးတဲ။

သာသနာတော်ကိုမှီပြီးတော့ သာသနာတော်ဆိုတဲ့ အသံကိုပေးပြီးတော့ သာသနာတော်ဆိုတဲ့ နာမည်ကိုယူပြီးတော့ ကမ္မာက် ကမတွေ မလုပ်လိုက်ပါနဲ့ တဲ့ ဒါတဲဟုတ်လား၊ "မှန်ပါ"။

"မာဝေါ ခဏံ ဝိရာဓေထ"

သာဓဝေါ၊ သူတော်ကောင်းတို့။ ဝေါ၊ သင်သူတော်ကောင်းတို့သည်။ ခဏံ၊ သုဘာဗုဒ္ဓေါတဲ့ မြေကထိက အရှင်မြတ်များက ဟောကြား၍ ပေးတော်မူသည်ဖြစ်သောကြောင့် မိမိတို့ထံကို ရောက်နေတဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို။ မာဝိရာဓေထ၊ ကျော်လွန်၍ မသွားကြပါစေနှင့်....။

သာသနာကို ကျော်လွန်ပြီးတော့ မသွားကြပါစေနဲ့လို့ ဆိုတာ မြတ်စွာဘုရား ဟောထားတဲ့ ပရိယတ္တိ စည်းကမ်းကို ကျော်မသွားပါစေနဲ့လို့ပြောတာ၊ "မှန်ပါဘုရား"။

ဒါနပြုတဲ့နေရာမှာလဲ ပရိယတ္တိစည်းကမ်းကို မကျော်လွန်ပါနဲ့၊ "မှန်ပါ"။

သီလဆောက်တည်တဲ့ နေရာမှာလဲတဲ ပရိယတ္တိစည်းကမ်းကို ကျော်ပြီးတော့ မသွားပါစေနဲ့။

သမထ ဝိပဿနာ ဘာဝနာတွေကို ရှုပွားကြတဲ့အခါ မှာလဲဘဲ ပရိယတ္တိစည်းကမ်းလို့ခေါ်တဲ့ ပါဠိတော်နည်းလမ်း ကို နဲနဲမှ ကျော်မသွားကြပါစေနဲ့၊ "မှန်ပါ" သဘောပေါက် ပြီမဟုတ်လား၊ "ပေါက်ပါတယ်ဘုရား" ကျော်သွားအောင် လဲ မလုပ်ကြပါနဲ့။

ဓာတာတီတာ ဟိ သောစရေ

နောက်စာတပိုဒ်၊ ဒါလေးက်ဆို တော်ရောပေါ့ကွာ၊ ဒါလောက်ဆိုယင် ရန်ကုန်က လူတွေက လက်တလုံးလောက် ပြယင် အများကြီး မြင်ပါဘယ်၊ ဟုတ်တယ် မဟုတ်လား၊ "မှန်ပါဘုရား"။

"မာဝေါ ခဏံ ဝိရာဓေထ" ကိုတော့ သဘောပေါက် ပြီမဟုတ်လား၊ "ပေါက်ပါတယ်ဘုရား"။

ဟို သုဘဗုဒ္ဓလို့ခေါ်တဲ့ မွေကထိက အရှင်မြတ်တွေက စောင့်ရှောက်ပေးထားလို့ မိမိထံမှောက်ကို ရောက်လာတဲ့ သာသနာတော်ကို "မာဝိရာဓေထ" ပျက်စီး၍သွားအောင် ချွတ်ယွင်းဖေါက်ပြန် ကမောက်ကမဖြစ်အောင် မလုပ်လိုက် ကြပါနဲ့၊ ဒါဘဲ ငါ့အနက်ကတော့။ မလုပ်ကြနဲ့နော်၊ "မလုပ် ပါဘူးဘုရား" လုပ်ဆိုတာက ဘယ့်နှယ်တုံးဆိုတော့ သိပ် မြောက်အားကြီးယင်လဲဘဲ ဘယ်လိုတုံး၊ "မြောက်လွန်းအား ကြီးပါတယ်ဘုရား" သိပ်နှိပ်ကွပ် အားကြီးယင်ကောကွဲ့၊ "နိမ့်ပါတယ်ဘုရား" ဒီတော့ မဖြစ်ဘူး၊ ဟုတ်တယ် မဟုတ် လား၊ အဲဒီတော—

"မာ ဝေါ ခဏံ ဝိရာဓေထ၊ ခဏာတီတာ ဟိ
သောစရေ"

ဟိ၊ သာသနာတော်ကို ကမောက်ကမ လုပ်ကြတယ်ဆိုတဲ့ အကျိုးကား။ ခဏာတီတာ၊ ဗုဒ္ဓုပ္ပါဒ ဒုလ္လဘခဏကို လွန်မြောက်၍ သွားကြကုန်သော၊ ဝါ၊ ကမောက်ကမ ပြုလုပ်ကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ သောစရေ၊ မျက်ရေစက်လက်နဲ့ ငိုပွဲဆင်ကြရကုန်၏။

နောက်ဆုံးကြတော့ သူတို့ရမဲ့အကျိုးက ငိုပွဲဆင်ရတော့တာဘဲ၊ 'မှန်ပါဘုရား' ဘြော်- ဒို ဖြစ်မှုဖြစ်ရလေခြင်း၊ ဒီ သာသနာတော်ကြီးနဲ့တွေ့တာ ခဏကလေးရှယ်။ အဲဒီ မမှကထိက အရှင်ကောင်းအရှင်မြတ်တွေက ပေးထားလို့ ရတဲ့ သာသနာတော်နဲ့ ကိုယ်နဲ့တွေ့ရတာက ခဏကလေးရယ်၊ 'မှန်ပါဘုရား' အဲဒီ ခဏလေး တွေ့ရတဲ့ သာသနာတော်ကို လွန်မြောက်ပြီးတော့သာသနာကို နောက်ထားပြစ်ခဲ့ပြီးတော့ ကိုယ် လုပ်ချင်ရာတွေကို မလုပ်ကြပါနဲ့ ငိုပွဲဆင်ရလိမ့်မယ်လို့ ဒီလို ပြောတာ၊ "မှန်ပါဘုရား"

သာသနာတော်မှာရှိနေတဲ့ တရားတွေ သီလသာသနာ သမာဓိသာသနာ ပညာသာသနာဆိုတဲ့ ဒီသာသနာသုံးရပ်ကိုတော့ လိုက်စားခြင်း လေ့လာခြင်း ပွါးများခြင်း အားထုတ်ခြင်း မပြုဘဲ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖေါဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေ သံယောဇဉ်တရားတွေနဲ့ပျော်မွေ့၍ မေ့လျော့နေခြင်းသည် သာသနာတော်ကို ကျော်လွန်၍သွားတာဘဲမဟုတ်လား၊ 'မှန်ပါဘုရား'။

ဘုရားကမှာတယ်၊

"မာ ပမာဒတ္ထ ဘိက္ခဝေ ပစ္ဆာ ဝိပ္ပဋိသာရိနော"

ဘိက္ခဝေ၊ ချစ်သားတို့၊ချစ်သမီးတို့။ တုမှေ၊သင်ချစ်သား ချစ်သမီးအပေါင်းတို့သည်။ မာ ပမာဒတ္ထ၊ သံယောဇဉ်ငွေ ပျော်ရွှင်မှု၌ မေ့ကာလျော့ကာ သာသနာ့ဘော်ကြီးရနေ ပါလျက်သားနဲ့ မနေကြပါကုန်လင့်။

ဒီ သာသနာ့ဘော်ကိုမေ့နေကြတယ်တဲ့၊ ရဟန်းသံဃာ တော်တွေကိုလဲ မေ့နေတာဘဲ၊ ဟုတ်လား၊'မှန်ပါ'။ လူတွေ ဟာလေ ဓမ္မပဒအဋ္ဌကထာမှာ စကားကလေးတခုရှိတယ်ကွဲ့၊ ဟုတ်လား၊ 'မှန်ပါ'။ လူတွေဟာ တဲ့ သူတို့ ကိုယ်ချမ်းသာ စိတ်ချမ်းသာနဲ့သားနဲ့ သမီးနဲ့ ပစ္စည်းဥစ္စာတွေနဲ့ပျော်ပျော် ပါးပါးနဲ့နေရတဲ့ အခါမှာ ရဟန်းတော်တွေကို ရှိတယ်လို့ သောင်မအောက်မေ့ဘူးတဲ့ကွဲ့၊ 'မှန်ပါဘုရား' ဆင်းရဲဒုက္ခ ရောက်လာကာမှ ကျောင်းနားကန်နား ကပ်ချင်တဲ့သဘော တွေပေါ်လာသတဲ့ 'မှန်ပါဘုရား'။ ဟုတ်လား—

"ဣမေ ဟိ နာမ သတ္တာ သုခိတကာလေ ဘိက္ခူနံ အတ္ထိဘာဝမ္ပိ အဇာနိတွာ ဒုက္ခာဘိဘူတကာလေ ဝိဟာရံ ဂန္တုကာမာ ဟောန္တိ"။

(ဓမ္မ၊ဋ္ဌ၊၁၊၂၀၄)။

အဋ္ဌကထာက 'မှန်ပါဘုရား'။ ဣမေသတ္တာ၊ ဤ လူ သတ္တဝါတို့သည်။ သုခိတကာလေ၊ ချမ်းသာနေသောအခါ

ကာလ၌။ ဘိက္ခုနံ၊ ရဟန်းတော်အရှင်မြတ်တို့အား။ အတ္တိဘာဝမ္ပိ၊ ရှိသည်၏အဖြစ်ကိုလည်း။ အဇာနိတ္ဝာ၊ မသိကြကုန်မူ၍သာလျှင်။ ဒုက္ခာဘိဘူတကာလေ၊ ဆင်းရဲဒုက္ခတွေနဲ့လွှမ်းမိုးနှိပ်စက်လာကာမှ။ ဝိဟာရံ၊ ဘုရားရှင်ကိုယ်တော်မြတ်ရှိ ကျောင်းတော်သို့။ ဂန္တုကာမာ၊ သွားလိုကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

စိတ်ချမ်းသာကိုယ်ချမ်းသာနဲ့ ကျန်းကျန်းမာမာ ပျော်နေရပြီဆိုယင် ဘုန်းကြီးတွေ ရှိတယ်လို့တောင် မအောင်းမေ့ဘူး မဟုတ်လား 'မှန်လှပါဘုရား'။ ဘယ်တော့ကျတော့မှ ကျောင်းသွားချင်လဲ၊ ဆောကမိး တောက်လာလို့ကသိကအောက် ဖြစ်လာပလားဆိုယင် အဲဒီတော့ ဘယ်လိုတုံး၊ 'ကျောင်းပြေးလာပါဘယ်ဘုရား' ဘုရားနားကျောင်းနား အဲဒီတော့မှ ကပ်ချင်တာတဲ့၊ ဒီလို ကျော်မသွားပါစေနဲ့တဲ့ မြတ်စွာဘုရားက ဟုတ်လား၊ "မှန်ပါဘုရား"။

"မာ ပမာဒတ္ထ ဘိက္ခဝေ"

ဘိက္ခဝေ၊ ချစ်သားတို့ချစ်သမီးတို့။ တုမှေ၊ သင်ချစ်သားချစ်သမီးတို့သည်။ မာ ပမာဒတ္ထ၊ သံဝေဇဥ်ဌေ ပျော်ရွှင်မွေ့၍ မေ့ကာ လျော့ကာ မနေကြပါကုန်နှင့်။

သားတွေသမီးတွေ ပစ္စည်းဥစ္စာတွေ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်

တရားတွေနဲ့ ပျော်မွေ့ပြီးတော့ သာသနာတော်နဲ့ ခဏ ကလေး ကြုံကြိုက်ရတဲ့အခါမှာ မေ့လျော့ပြီးတော့ ဒီ သား အာရုံ သမီးအာရုံတွေ လွှမ်းခြုံပြီးသကာလ မေ့လျော့ မနေ ကြပါနဲ့၊ တွေ့ကြုံရတဲ့ ခဏကလေး လွန်သွားမှာစိုးလို့ 'မှန်ပါဘုရား'။

ပစ္ဆာ၊ သက်ရှယ်ကြီးရင့် ဇရာသင့်၍ မကျင့်နိုင်လောက် သေချိန်ဆောက်မှ နောက်ကာလ၌။ ဝိပ္ပဋိသာရိနော၊ ငယ် ရွယ်ဝဲ့အခါ ကျင့်ထိုက်ရာကို နှလုံးမသွင်း လွန်ဘိခြင်းဟု ထန်ပြင်းတဲ့ စိတ်နှလုံး မသာယာခြင်းတို့သည်။ မာ အဟော ထ၊ ပူရှိန်ဇောကျ၊ ဒေါမနဖြင့် သောကဖြာဖြာ မဖြစ်ကြ ပါစေကုန်နှင့်။

ဘုန်းကြီးတို့ သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ် ကြီး သက်တော်ထင်ရှားရှိစဉ်ကပင်လျှင် ဒီသာသနာတော်နဲ့ တွေ့ပါလျက်နဲ့ သာသနာဘောင်ကို ကမောက်ကမ မဖြစ် ဖြစ်အောင် "ဝိဆာဒေထ" လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေ အများ ကြီးဘဲ မဟုတ်လား၊ 'အများကြီးပါဘုရား'။ သာသနာ တရှောက်လုံးနော်၊ သာသနာပြုတဲ့ လုပ်ငန်းကို လုပ်ရဘယ် လို့ဆိုတာ လွယ်လွယ်ကူကူနဲ့ လုပ်ရတာ မဟုတ်ဘူး၊ အနှောင့်အရှက်တွေ အင်မတန်များတယ်၊ "များပါတယ် ဘုရား"။

နို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်တော်မူလာတာဖြစ် တော်မူလာဘာကော လွယ်လွယ်နဲ့များ ဖြစ်ပွင့်တော်မူဘယ် လို့ ထင်သလား၊ ပါရမီတော်တွေ ဖြည့်ကျင့်ရတာ လေး

သင်္ချိုင်းနဲ့ ကမ္ဘာတသိန်း မဟုတ်လား၊ 'မှန်ပါဘုရား' ဘုရားအဖြစ်ရောက်တော့မယ်လို့ ဆိုတော့လဲ လွယ်လွယ်ကူကူနဲ့ များ ဘုရားဖြစ်လာတယ်ထင်သလား။ အမယ်လေးအတိုက်အခိုက်တွေ များလိုက်တာ လွန်လို့။ ဘုရားဖြစ်ကာနီးမှာကိုပဲ အခုနက ဝေသန္တရာမင်းပြည်က မာနတ်ကြီးလာပြီးတကတဲ စစ်တွေတိုက်ကြသေးဆို မဟုတ်လား၊ 'မှန်ပါဘုရား'။ ခဲခဲယဉ်းယဉ်းဖြစ်ရတာ၊ "မှန်ပါ"။

မီးပုံကြီးထဲက ပေါက်လာတဲ့ ကြာပွင့်ကြီးလိုဘဲတဲ၊ 'မှန်ပါဘုရား'။

"ကပ္ပကောဋိ ကလိယုဂေ၊ ဗုဒ္ဓုပ္ပါဒေါ အဟော မဟစ္ဆရိယံ"

ကပ္ပကောဋိ၊ ကပ်ကမ္ဘာအပေါင်းဖြင့် ရေတွက်အပ်သော။ ကလိယုဂေ၊ ကလိယုဂ်၌။ ဝါ၊ ယုဂ်လေးပါးတို့တွင် နှစ်ပေါင်း (၄၃၂၀၀၀) အရေအတွက်ရှိသော ကပ်ဆိုးကပ်ယုတ် ကလိယုဂ်၌။ ဗုဒ္ဓုပ္ပါဒေါ ဘုရားဖြစ် ပွင့်တော်မူလာခြင်းသည်။ အဟောမဟစ္ဆရိယံ၊ အလွန့်အလွန်အံ့ဩချီးမွမ်း၍ မဆုံးနိုင်ဖွယ်ကြီးပါတကား တဲ့၊

ဟုတ်လား၊ 'မှန်ပါဘုရား'။

[အံ၊ ဋီ ၁၊ ၃၇]

အေး ဒီလို အခါမျိုးမှာ ဘုရားရယ်လို့ပွင့်လာတဲ့ ဥစ္စာဟာ အင်မတန် အံ့ဩဘွယ်ကောင်းတယ်တဲ့။ တဟုန်းဟုန်း

တပြောင်ပြောင် လောင်နေတဲ့ မီးပုံကြီးထဲမှာ ပဒုမ္မာ ကြာပွင့်ကြီး လန်းလန်းဆန်းဆန်း ပွင့်လာသလိုဘဲ တဲ့ အဲဒါ လောကကို ခဲခဲယဉ်းယဉ်းဖြစ်ရတယ်။ ကဲ မီးပုံထဲက ကြာ ပေါက်နိုင်ပါ့မလား၊ 'မပေါက်နိုင်ပါဘူးဘုရား'၊ အဲဒီလို မီးပုံထဲက ကြာမပေါက်နိုင်တာကို ပေါက်နိုင်အောင် ခဲခဲယဉ်းယဉ်းလုပ်ရသလိုပေါ့လေ၊ ဟုတ်လား၊ 'မှန်ပါဘုရား'၊ အေး ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်တော်မူလာတဲ့ ဗုဒ္ဓုပ္ပါဒနဝမခဏလို့ဆိုတာလဲ ဘုန်းကြီးတို့ အမျိုးကောင်း သားတွေ သမီးတွေရဲ့ အသိဉာဏ်ရှေ့မှောက်ကို လွယ်လွယ် ကူကူနဲ့ ရောက်လာတာ မဟုတ်ဘူး၊ 'မရောက်ပါဘုရား'။

အဲဒီလို လွယ်လွယ်ကူကူနဲ့ ရောက်လာတာမဟုတ်တဲ့ ဒီ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး မိမိတို့ထံမှောက်ကို ရောက် လာပြီ၊ ဘယ်သူ့ကြောင့်လဲ။

ရဟန်းငယ် ရှင်ငယ်ထံမှောက်ကို ဒီသာသနာတော်ကြီး ရောက်လာတာကတော့ မမွာစရိယ စာချဖြစ်တဲ့ သုတဗုဒ္ဓ တွေက စောင့်ရှောက်လို့ကွဲ့၊ 'မှန်ပါဘုရား'။

သာသနာမှီခို၍ ကြည်ညိုလေးစားကြတဲ့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေရဲ့ အသိဉာဏ်ရှေ့မှောက်ကို ဒီ သာသနာ ရောက်လာတာကတော့ဖြင့် မမွကထိကဆိုတဲ့ သုတဗုဒ္ဓအရှင်မြတ်တွေ စောင့်ရှောက်လို့။ ရောက်လာတဲ့ သာသနာကို "မာ ဝိရာ ခေထ" ကျော်၍ မသွားကြပါ စေကုန်လင့်။

သာသနာတော်နဲ့တွေ့နေလို့ ခဏကလေးတွေ့ရတဲ့ သာသနာတော်ကို မေ့လျော့ပေါ့တန်ပြီးတော့ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတို့နဲ့ ပျော်ပါပြီးတော့ မနေလိုက်ကြပါနဲ့တဲ့ မြတ်စွာဘုရားက အဲဒီ ခဏကို လွန်မြောက်သွားယင် တော်ကြာကျတော့ သောကမီးဘောက်တတ်တယ်တဲ့၊ 'မှန်ပါဘုရား' ဪ ဒို့ဒီလို ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနဲ့ တွေ့ခဲ့သည် ဖြစ်ပါလျက်သားနဲ့ ငယ်ရွယ်စဉ်အခါကာလက ကြိုးပန်းပြီးတော့ ဒီ ဒါနမပြုခဲ့ရလေခြင်း၊ ဒီ သီလ မဆောက်တည်ခဲ့ရလေခြင်း၊ ဒီ သမထ ဘာဝနာ ဝိပဿနာဘာဝနာတွေကို ဒို့မပွားခဲ့ရလေခြင်း အားမထုတ်ခဲ့ရလေခြင်း၊ ဒီ သီလ ဒီ သမာဓိ ဒီ ပညာတွေကို မပွားများရသည် ဖြစ်သောကြောင့် ဒို့ အခု အပါယ်လေးပါးကို ဆင်းပြီးတော့ နေရလေခြင်းလို့ ဒီလို စိတ်နှလုံး မသာယာမှုတွေ နောက်တော့ မဖြစ်ပါစေနဲ့ ဟုတ်သား 'မှန်ပါဘုရား'။

"ခဏာ တီတာ ဟိ သောစရေ"

ဟိ၊ ဗုဒ္ဓုပ္ပါဒ နဝမခဏလို့ခေါ်တဲ့ သာသနာတော်ကြီးကို လွန်မြောက်၍ သွားခြင်းရဲ့အကျိုးကား။ ဘာရှိသလဲ၊ ခဏာတီတာ၊ ဗုဒ္ဓုပ္ပါဒ နဝမခဏကို လွန်မြောက်၍ သွားကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်။ သောစရေ၊ အပါယ်လေးပါးကို ကျရောက်မည်ဖြစ်သောကြောင့် စိုးရိမ်ပူဆွေးနေကြရတယ်တဲ့၊ "မှန်ပါဘုရား"။

ဒါကြောင့်—

"သဒ္ဒါတွေ ဝါယမေယျာထ"

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား သမီးအပေါင်း သူတော်ကောင်းတို့။ သာသနေ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ညီးအောင် သံဃာတော်မြတ်တွေက ပေးထား စောင့်ရှောက်ထားသည် ဖြစ်သောကြောင့် မိမိတို့ထံ မှောက်ကို ရောက်နေတဲ့ ဒီသာသနာတော်မြတ်ကြီး၌။

လိုချင်တာတွေရနိုင်တယ်ကွဲ့ ဒီ သာသနာတော်က၊ "မှန်ပါဘုရား"။

သဒ္ဒါတွေ၊ မိမိရဲ့လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားတို့ကို။ ဝါယမေယျာထ၊ မရ ရအောင်ကြိုးကုတ် အားထုတ်တော် မူနိုင်ကြပါစေကုန်သတည်း။

သာဓု သာဓု သာဓု။

မိမိရဲ့ လောကီ အကျိုးစီးပွားတွေနဲ့ ပတ်သက်လို့လဲ သကြားမင်းဖြစ်ချင်ယင် ဒီသာသနာတော်မှာ ရခွင့် ယူခွင့်ရှိတယ်။ ဗြဟ္မာမင်းဖြစ်ချင်ယင် ဒီသာသနာတော်မှာ ရခွင့် ယူခွင့်ရှိတယ်၊ ဟုတ်လား။ စကြာမင်း မန္ဓာတ်မင်းများ ဖြစ်ချင်ယင်လဲဘဲ ဒီသာသနာတော်တွင်းမှာ ရခွင့် ယူခွင့် ရှိတယ်၊ ဟုတ်လား။ သာဝက ဗောဓိဉာဏ် ပစ္စေက ဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ်ကို ရချင် ယူချင်ယင်လဲဘဲ ဒီသာသနာတော်မှာ ရခွင့် ယူခွင့်ရှိတယ်၊ "မှန်ပါဘုရား" ဒါ မိမိရဲ့ လောကီအကျိုး လောကုတ္တရာအကျိုး၊ "မှန်ပါဘုရား"။

ဒီကနေ့ ဘုန်းကြီးတို့ အမျိုးကောင်းသားများ သမီးများ ဝိပဿနာလုပ်ငန်းကို ကြိုးပမ်းပြီးတော့ အဟုတ်တန်း မဆုတ်တန်း အားထုတ်ကြမယ်ဆိုယင် မဂ် ဖိုလ် နိဗ္ဗာန် ရနိုင်မဲ့ ခေတ်ရှိတယ်မဟုတ်လား၊ "ရှိပါတယ်ဘုရား" အဲဒါ မိမိရဲ့ လောကုတ္တရာ အကျိုးစီးပွား၊ "မှန်ပါဘုရား"။

"သဒ္ဓေတ္ထ ဝါယမေယျာထ"

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား သမီးအပေါင်းတို့။ ဝေါ၊ သင် အမျိုးကောင်းသား သမီး အပေါင်းတို့သည်။ သဒ္ဓေတ္ထ၊ သာသနာတော်တွင်းမှာမှ ရနိုင်တယ်ဆိုတဲ့ မိမိရဲ့ လောကီအကျိုး လောကုတ္တရာ အကျိုး စီးပွားတွေကို။ ဝါယမေယျာထ၊ မရ ရအောင်ကြိုးကုတ် အားထုတ်၍ ယူကြပါကုန်လော့။

မေ့မနေကြပါနဲ့ 'မှန်ပါဘုရား'။ မရ ရအောင်ယူပါ။ ဒါနမှု ရအောင်ယူလို့ရတယ်၊ သီလမှုရအောင်ယူလို့ရတယ်၊ သမထမှု ဝိပဿနာမှု ရအောင်ယူလို့ ရတယ်၊ဟုတ်လား။ 'မှန်ပါ'။ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ စကြာ မင်းတို့ရဲ့ ချမ်းသာကြီးတွေကို မရရအောင်ယူယင် ရနိုင်တယ်။ သာဝကပါရမီဉာဏ်- ဟုတ်လား၊ ရှင်သာရိပုတ္တရာတို့လို ရှင်မဟာမောဂ္ဂလ္လာန်တို့လို ခေမာထေရီတို့လို ဥပ္ပလဝဏ် ထေရီတို့လို ဒီလို သာဝကပါရမီဉာဏ်တွေကို ရအောင်ယူ နိုင်တဲ့ အခါကြီး၊ ပစ္စေကဗောဓိဉာဏ် သမ္မာသမ္ဗောဓိဉာဏ် တွေကိုရအောင် ယူနိုင်တဲ့အခါကြီး။

## "ခဏော ဝေါ ပစ္စုပါဒိတော"

သာခဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား သမီးအပေါင်းတို့၊ ခဏော၊ ကိုယ်လိုချင်တဲ့ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွါးတွေကို ရအောင်ယူနိုင်တယ်ဆိုတဲ့ ဗုဒ္ဓုပ္ပါဒ နဝမခဏကြီးသည်။ ဝေါ တုမှာကံ၊ သင် အမျိုးကောင်းသား–သမီး တို့၏ရှေ့မျှောက်သို့၊ ပစ္စုပါ-ဒိတော၊ သုဘာဗုဒ္ဓလို့ခေါ်တဲ့ ဓမ္မကထိက အရှင်သူမြတ်တွေက စောင့်ရှောက်သဖြင့် ကောင်းစွာမသွေ ရှောက်ရှိရရှိ၍ လာပါပေ၏။

'မရဘူးလား' 'ရပါတယ်ဘုရား' 'ဒီသာသနာတော်ကြီး ရလာပြီနော်' 'ရပါပြီဘုရား'။ ကိုင်း– လွန်မသွားပါစေနဲ့၊ ဒီ သာသနာတော် အသုံးချဖြစ်အောင် ချပါ၊ 'မှန်ပါ'။ သာသနာဆိုတာ အသုံးချရေး ပစ္စည်းတခုအနေနဲ့ အသုံးချပါ။ 'မှန်ပါ' အဲဒီတော့ ဥပါလိ ထေရာ အပဒါန်မှာ သာသနာတော်ကို အသုံးချတဲ့နည်း ကျင့်သုံးတဲ့နည်း လို့ ဆိုပြီးတော့ လေးနည်းပြထားကယ်၊ 'မှန်ပါဘုရား'။

ကေစွာနုဒ္ဓ ဝမနံ၊ ကေစွာနံ ဝိရေစနံ။
ဝိသံ ဟလာဟလံ ဧဝေ၊ ကေစွာနုဒ္ဓ ဩသဓံ။

သာခဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား သမီးအပေါင်းတို့။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်တ သဒ္ဓမ္မသုံးဖြာ သင်တို့ရှေ့မျှောက် ရှောက်လာတဲ့ ဒီသာ-

သနာတော်ကြီးသည်။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ သင်တို့ရှေ့မှောက်မှာ ရောက်လာတဲ့အဲဒီ သာသနာတော်ကြီးသည်။ ကေစ္စာနံ၊တချို့သော အမျိုးကောင်းသား- သမီးတို့အတွက်။ ဝမနံ၊ ပျို့အန်ဆေးကြီးသဖွယ်ဖြစ်ပါပေ၏။

အန်ဆေးကြီး သုံးမလား၊ 'မသုံးပါဘူးဘုရား'သုံးရမယ်။ မသိသေးဘဲနဲ့ မသုံးပါဘူးလို့ပြောမနေနဲ့ -သုံးရမှာ။ သာ-သနာတော်ကို အန်ဆေးကြီး သဖွယ်ဖြစ်အောင်သုံးရမယ်၊ 'မှန်ပါ'။ ကေစ္စာနံ ဝိရေစနံ- ဟော—နောက်သပိုဒ်က—

သာခဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသားသမီးအပေါင်းတို့။ သာသနံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးသည်၊ ကေစ္စာနံ၊ အချို့သော အမျိုးကောင်းသားသမီးတို့အတွက်၊ ဝိရေစနံ၊ ဝမ်းလားဆေးကြီးသဖွယ် ဖြစ်ပါပေ၏။

သာသနာတော်ကို ပျို့အန်ဆေးကြီးသဖွယ် အသုံးပြုပါတဲ့။ သာသနာတော်ကို ဝမ်းလားဆေးကြီးသဖွယ် အသုံးပြုပါတဲ့၊ 'မှန်ပါ'။ ဒီဆေးတွေမသုံးရဘူးလား၊ 'သုံးရမှာပါဘုရား' ကိုယ်မှာရောဂါဝေဒနာတွေပျောက်ရအောင်အန်ဆေးကော မသုံးရဘူးလား၊ 'သုံးရမှာပါဘုရား' ဝိရေစနာ-လို့ခေါ်တဲ့ ဝမ်းသက်ဆေးကော မသုံးရဘူးလား၊ 'သုံးရပါတယ်ဘုရား'။ အန်ဆေးကို ဘယ်အခါသုံးလဲ 'ရင်ပြည့်တဲ့အခါပါဘုရား'။ ဝိရေစန ဆိုတဲ့ ဝမ်းလားဆေးက ဘယ် အချိန်သုံးလဲ 'ဝမ်းချုပ်တဲ့အခါပါဘုရား'။ ကြည့်သုံး။ အဲဒါသုံးတော့ သုံးတယ်၊ သုံးလိုက်လို့ ဝမ်းချုပ်နေတဲ့အခါမှာ ဝိရေစန

အနေနဲ့ သာသနာတော်ကြီးလဲ သုံးလဲသုံးလိုက်ကရော တခါ ထဲ လွန်သွားယင် ဘယ့်နှယ်တုန်း၊ 'သေသွားမှာပါဘုရား'။ ဘယ်နှယ် သုံးတတ်ကဲ့လား၊ 'မသုံးတတ်ပါဘူး ဘုရား'။ နို့ ခုနင်က ပြောတော့သုံးတတ်တယ်ဆို။

သာဓေဝါ၊ နှလုံးပျော့နပျောင်း အိုအမျိုးကောင်းသား သမီးအပေါင်းတို့။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင် ထ သဒ္ဒမ္မသုံးဖြာ သာသနာတော်ကြီးသည်။ ဘယ်ကရသလဲ ဒီသာသနာတော်ကြီး၊ 'သုတဗုဒ္ဓကပါဘုရား' အေး သုတ ဗုဒ္ဓလို့ဆိုတဲ့ ပရိယတ္တိဗဟုသုတနဲ့ ပြည့်စုံတော်မူကြတဲ့ ဝိသုဒ္ဓိ နှတ်လို့ခေါ်တဲ့ မဟာထေရ် အရှင်မြတ်များ စောင့်ရှောက် ပေးလို့ ဒီပရိယတ်ကို စောင့်ရှောက်ပေးလို့သာသနာတော် မှာ ဒီအသိဉာဏ်ရတာပါ၊ 'မှန်ပါဘုရား'။ ဘုန်းကြီးတို့ သာသနာတော်တွင်းက ရဟန်းရှင်ငယ်ကလေးများ ကျတော့ ဒီအသိဉာဏ်မျိုး ဘယ်ကရလဲ ဒီသာသနာ။ သုတဗုဒ္ဓလို့ဆိုတဲ့ မဟာထေရ် ဆရာတော်များက စောင့်ရှောက်ပေးလို့ ရတာ၊ 'မှန်ပါဘုရား'။ သူ့အပိုင်းနဲ့သူနော်၊ "မှန်ပါ"။

ဒီတော့ မဟာထေရ် ဆရာတော်တွေကို အားပေးသလို မဟာထေရ် ဆရာတော်တွေကော အားပေးဘို့ မကောင်းဘူး လား၊ 'ကောင်းပါတယ်ဘုရား'။ ပေးရဲလား၊ 'ပေးပါတယ် ဘုရား'။ အေး အေး–ကောင်းတယ် ကောင်းတယ်၊ ပေးယင် ကောင်းတာပါဘဲ။ အခုလဲ ဟုတ်လား မလွန်ဆန်လှုသင်း ကြီးနဲ့ ဒို့ရန်ကုန်ဆန်လှုသင်းထောက်ခဲ့က နေပြီးတော့ ဟိုမှာ ပရိယတ်ရော ပဋိပတ်ကော ကြိုးပမ်းတော်မူနေကြတဲ့စစ်ကိုင်

မင်းကွန်းမင်းဝံမှာရှိတဲ့ တောင်ရိုးကြီးသုံးခုမှာ ပရိယတ်ရော ပဋိပတ်ကော ကြိုးပမ်းအားထုတ်တော်မူကြတဲ့ သုတဗုဒ္ဓ အရှင်မြတ်တွေကို အခုအားပေးနေကြတာ မဟုတ်လား၊ 'မှန်ပါဘုရား'၊ အားပေးရမယ် ဒါမျိုးကို၊ 'မှန်ပါ'၊ အဲဒါ သာသနာပြု ကုသိုလ်ထူးဘဲ၊ "မှန်ပါဘုရား"။

သာဓေဝါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသားသမီးအပေါင်းတို့။ သာသနံ၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးသည်။ ကောစ္စာနံ၊ အချို့သော ပုဂ္ဂိုလ်တို့အတွက်။ ဝိရေစနံ၊ ငမ်းလားဆေးကြီးသဖွယ် ဖြစ်ပါပေ၏။

သာသနာတော်မှာ ဘုန်းကြီးတို့ အမျိုးကောင်းသားသမီးများက ရောဂါသယ်တွေကဲ့နော်၊ 'မှန်ပါ'။ ဘာရောဂါတွေရှိသလဲ။ ဒိဋ္ဌိ တဏှာ ကိလေသာ အဝိဇ္ဇာ အဲဒါ ရောဂါတွေနော်၊ 'မှန်ပါ။ တနည်းပြောရယ်ဆိုရင် ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါး ရှိနေတာဟာ ရောဂါရှိနေတာဘဲ၊ 'မှန်ပါဘုရား'။ အပါယ်လေးဘုံသူ လေးဘုံသားတွေမှာလဲ ရောဂါနဲ့၊ သူတို့မှာလဲ ခန္ဓာငါးပါး နာမ်ရုပ်တရားနှစ်ပါးနဲ့ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်မှာလဲ ခန္ဓာတွေနဲ့လို့ဆိုတော့ ရောဂါတွေနဲ့ချည်းဘဲ၊ "မှန်ပါဘုရား"။

ရောဂေါ ရောဂေါတိ ဘိက္ခု၊ ခန္ဓာန မေတံ အဓိဝစနံ။ ဘိက္ခု၊ ချစ်သားရဟန်း။ ရောဂေါ ရောဂေါတိ တော၊ ရောဂါ ရောဂါဟူသော ဤအမည်သည်ကား။ ခန္ဓာနံ၊ ခန္ဓာငါးပါး နာမ်ရုပ်တရားတို့၏။ အဓိဝစနံ၊ အမည်ပါပေတည်း။

အဲဒီရောဂါ။ 'မှန်ပါ' နာမ်ရုပ်လို့ဆိုတဲ့ ရောဂါတွေ ပျောက်အောင် ဒီသာသနာတော်ကို အန်ဆေးသဖွယ် ဖြစ်အောင် အသုံးပြုရမယ်ကွဲ့၊ ဝမ်းလားခဆေးသဖွယ်လဲ ဖြစ်အောင် အသုံးပြုရမယ်၊ 'မှန်ပါ'။ အသုံးပြုပါ။ အန်ဆေးသဖွယ်ဖြစ်အောင် ဘယ့်နှယ် အသုံးပြုမလဲ၊ ဝမ်းလားဆေးသဖွယ်ဖြစ်အောင် ဘယ်လိုအသုံးပြုမလဲဆိုတာ နောက်ဂါထာကျတော့ ပေါ်လာပါလိမ့်မယ်၊ "မှန်ပါ"။

"ဝိသံ ဟလာဟလံ ယော"။

သာဓဝေါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား သမီးအပေါင်းတို့။ သာသနံ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ငြိး ဆုံးမတွေပေးခဲ့တယ်ဆိုတဲ့ ဒီသာသနာတော် ကြီးသည်။ ကောစ္စာနံ၊ အချို့သော အမျိုးကောင်းသား သမီးတို့အတွက်။ ဟလာဟလံ၊ လောလော လတ်လတ် သေစေတတ်သော။ ဝိသံ၊ အဆိပ်အိုးကြီးနှင့် တူလှပါပေ၏။

အချို့ကတော့ သာသနာတော်ကို အဆိပ်လုပ်ပြီးတော့ သုံးလိုက်တယ်၊ 'မှန်ပါ' သာသနာတော်ကို အဆိပ်လို့ဆိုပြီး သုံးသွားတဲ့ပုဂ္ဂိုလ်တွေ အများကြီးဘဲကွဲ့။ ဟုတ်လား၊ 'မှန်ပါဘုရား'၊ ဘယ်သူတုန်း မာဂဏ္ဍီမိဖုရား ဒေဝဒတ်တို့ နှော်၊ ဟုတ်လား၊ 'မှန်ပါဘုရား' အမျိုးကောင်းသားတွေ ဘက်ကဆိုယင် ဒေဝဒတ်တို့ အဇာတသတ်တို့ဟာ သာသနာတော် သူတို့ရှေမှောက် မရောက်ဘူးလား၊ 'ရောက်ပါတယ်ဘုရား'။ ဘယ်လိုလုပ်သုံးသွားသလဲ၊ အဆိပ်လုပ်သုံးပါတယ်ဘုရား' ဟုတ်လား။ အမျိုးသမီးတွေ ဘက်ကဆိုယင်

မာဂဏ္ဍီ မိဖုရားကြီးတို့လဲ သာသနာတော်ကို အဆိပ်လို လုပ်သုံးသွားတာဘဲ မဟုတ်သားလို့၊ 'ဟုတ်ပါတယ်ဘုရား'၊ ဘယ်ရောက် ကုန်ကြသလဲ၊ 'အဝီစိ ရောက်ကုန်ပါတယ် ဘုရား'၊ အဝီစိမှာ အဇာတသတ်တို့ အများကြီးဘဲ၊ စိဉ္စမာနတို့ သုန္ဒရီတို့ အညတိတ္ထိယပရိဗ္ဗာဇကတို့၊ 'မှန်ပါ'၊ အများကြီးဘဲကွဲ့၊ သက်သေတွေ ထုတ်မယ်ဆိုရင် ဒို့ဘုရားလက်ထက်က အများကြီးဘဲ၊ ဒို့ဘုရားလက်ထက်ကတောင် အဲဒီသာသနာတော်ကို အဆိပ်လိုသုံးပြီးသွားတဲ့ ပုဂ္ဂိုလ်တွေ အများကြီးဘဲ ဘုရားလက်ထက်က နော်၊ "မှန်ပါဘုရား"။

အခု ဘုရားပရိနိဗ္ဗာန်စံပြီးလို့ နှစ်ပေါင်း နှစ်ထောင်ငါးရာ နှစ်ဆယ့် သုံးနှစ်လောက်ရှိသွားပြီ။ ဟုတ်တယ် မဟုတ်လား၊ 'မှန်ပါ'၊ ကိုင်း အခု ဘယ်လောက်များသလဲဆိုတာ အခုတော့ မရှိဘူးလား၊ 'ရှိပါတယ်ဘုရား'၊ ဘယ်လောက်များသလဲ၊ 'အများကြီးပါ ဘုရား'၊ ခုခေတ်ကာလမှာ မရှိဘူး မရှိဘူးလို့ ပြောပြောနေလို့ ဟုတ်လား၊ "ရှိပါတယ်ဘုရား"။

"ဝိသံ ဟလာဟလံ ဧကေ၊"

သာခေဝါ၊ နှလုံး ပျော့ပျောင်း အိုအမျိုးကောင်းသား သမီးအပေါင်းတို့။ သာသနံ၊ ဗုဒ္ဓမြတ်စွာ ရောင်ဝါထိန်ငြီး အဆုံးအမ ပေးခဲ့တယ်ဆိုတဲ့ ဒီသာသနာတော်ကြီးသည်။ ဧကေ၊ ဧကေကို ဧကစ္စာနံလို့ အဋ္ဌကထာဖွင့်တယ်ကွဲ့။ ဧကေ၊ ဧကစ္စာနံ၊ အချို့သော အမျိုးကောင်း

သား သမီးတို့အတွက်။ ဝါ၊ အချို့ကုန်သော ရဟန်းရှင်လူ တို့အတွက်။

ပြီးတော့ ဘုန်းကြီးတွေ မပါဘူး ဖြစ်နေအုံးမယ်။ ဒေဝဒတ်ဟာ ဘုန်းကြီး၊ ဒေဝဒတ်ဟာ ဘာတုန်း၊ 'ဘုန်း ကြီးပါ ဘုရား'။ ဘယ့်နှယ်လုပ် သုံးသွားသလဲ၊ 'အဆိပ်လို သုံးပါတယ်ဘုရား'။ သာသနာတော်ကြီး ကမောက်ကမ ဖြစ်အောင် မြတ်စွာဘုရားကို သူက ဆန့်ကျင်ဖက်ချည်းဘဲ လုပ်တယ်၊ ဟုတ်လား၊ 'မှန်ပါ' မြတ်စွာဘုရားက ဒီလုပ်ငန်း အပ်တယ်ဆိုယင် သူက မအပ်ဘူး၊ မြတ်စွာဘုရားက ဒီလုပ် ငန်း မအပ်ဘူးဆိုယင် ဒေဝဒတ်က အပ်တယ်။ အဲဒီလို ဆန့် ကျင်ဘက်ချည်းလုပ်သွားတာဘဲ၊ "မှန်ပါဘုရား"။

ဒီတော့ သာသနာတော်ကြီးကို ကမောက်ကမ မဖြစ် အောင်လုပ်နေတဲ့ ပုဂ္ဂိုလ်ဟူသရွေ့ ဒေဝဒတ်တို့ဘဲတွေ ကောကာလိကတို့ဘဲတွေ အဇာတသတ်တို့ဘဲတွေ သုပ္ပဗုဒ္ဓတို့ ဘဲတွေဘုရား ဘာထွေးတော်လေ၊ တခါထဲ ဆန့်ကျင်ဘက်လုပ် ကြောတာဘဲ၊ 'မှန်ပါ' သာသနာဘော်နဲ့ ပတ်သက်တဲ့ လုပ် ငန်းဟူသရွေ့တွေနဲ့ ပတ်သက်လို့ "ဝိရောဓေထ" အကုန် ကမောက်ကမ ဖြစ်အောင် လုပ်တော့တာဘဲ၊ အဲဒီတော့ ဒီ သာသနာထူး ကုသိုလ်ထူးကို ဆည်းပူးပြီးတော့ လုပ်နေကြ တဲ့ အမျိုးကောင်းသားတွေ သမီးတွေ အင်မတန် ဂရုစိုက် စရာ ကောင်းပါတယ်၊ "မှန်ပါ"။

သာခဝါ၊ နှလုံးပျော့ပျောင်း အိုအမျိုးကောင်းသား သမီး အပေါင်းတို့။ ကော ကေစွာနံ၊ အချို့သောပုဂ္ဂိုလ်

တို့အတွက်။ သာသနံ၊ ဗုဒ္ဓမြတ်စွာ ဆောင်ဝါထိန်ငြိး သာ သနာတော်မြတ်ကြီးသည်။ ဟလာဟလံ၊ လေးလေးလတ် လတ် သေစေတတ်သော။ ဝိသံ၊ အဆိပ်အိုးကြီးနှင့်တူလှပါ ပေ၏။

"ကေစ္စာနဥ္စ ဩသဓံ"

သာဓဝေါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား အမျိုးကောင်းသမီး အပေါင်းတို့။ ကေစ္စာနံ၊ အချို့ကုန် သော ရဟန်းရှင်လူ အမျိုးကောင်းသား သမီးတွေအတွက်။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာသည်။ ဩသဓံ၊ သက်စောင့် နတ်ဆေးဘဲဘွယ် ဖြစ်ပါပေ၏။

ဒီသာသနာတော် ဘုန်းကြီးတို့ အမျိုးကောင်းသားများ သမီးများရဲ့ ထံမှာက်ကို ဓမ္မာထိက အရှင်မြတ်တွေ ချီး မြှောက်လို့ ဆောက်နေတဲ့ သာသနာတော်ဟာ—

ရဟန်းငယ် ရှင်ငယ်များရဲ့ ထံမှာက်ကို ဓမ္မာစရိယ စာချအရှင်မြတ်တွေက စောင့်ရှောက်ချီးမြှောက်လို့ ရောက် နေတဲ့ သာသနာတော်ဟာ—

၁။ ပျို့အန်ဆေးအတွက်
၂။ ဝမ်းလားဆေးအတွက်
၃။ အဆိပ် အတွက်
၄။ နတ်ဆေးအတွက် လို့—

ဒီလို လေးမျိုး အသုံးချကြတယ်။ တချို့က လဲ ပျို့အန်ဆေး အတွက်လို့ အသုံးချကြတယ်၊ အချို့က ဝမ်းလားဆေးအ

နေနဲ့ အသုံးချကြတယ်၊တချို့က၊ "အဆိပ်ပါဘုရား" အဆိပ် အနေနဲ့ အသုံးချတယ်။ အချို့ကျတော့၊ "နတ်ဆေးပါ ဘုရား"။

သာသနာတော်မှာ အဆိပ်ဆိုတာ ဘာလဲလို့မေးယင် လာဘ် လာဘကွဲ့။ တနည်းပြောယင် သာသနာတော်မှာ အဆိပ်ဆိုတာ မာတုဂါမ။ ပရိသတ်တွေကလဲ မာတုဂါမ ပရိသတ်တွေများတော့ ငါလဲ ခပ်ကြောက်ကြောက်ပဲ ဟော ရတာ၊ "ဟောပါဘုရား"။

အေး ဒို့ပရိသတ်တွေ သတိထားကြ။ ဘုန်းကြီး မနေ့က တုန်းက ဝိသုဒ္ဓါရုံမှာ တိပိဋကဓရနဲ့ ဒွိပိဋကဓရ ပူဇော်ပွဲမှာ အဆိပ်သင့်တဲ့ ကိုယ်တော်ကာဠလေး တပါး အကြောင်း ငါ ဟောခဲ့တယ်။

> သုသုကာဘယန္တိ ခေါ ဘိက္ခဝေ
> မာတုဂါမဿေတံ အဓိဝစနံ။
>
> [မ၊ ၂။ ၁၂၅]

ဘိက္ခဝေ၊ ချစ်သားတို့-ချစ်သမီးတို့။ သုသုကာဘယန္တိ တော၊ အဆိပ်ပြင်းထန်လှတဲ့ သုသုကာဘယလို့ဆိုတဲ့ ဘေးသည် ကား။ မာတုဂါမဿ၊ မာတုဂါမ၏။ အဓိဝစနံ၊ အမည် ပါပေတည်း။

အဲဒီတော့ သိပ်လဲမလုပ်ကြနဲ့၊ တော်ရုံလုပ်ကြ၊ကမောက် ကမတွေ ဖြစ်ဘတ်တယ်။ အဲဒီမှာ ဦးပဥ္စင်းချောလေး အကြောင်း ဟောခဲ့တယ်။ သိလား၊ 'မှန်ပါဘုရား'။

မေဃိယသုတ္တန် ပါဠိတော် ဟောစဉ်မှာလဲ အကျယ်တဝင့် ပါပါတယ်။ သီဟိုဠ်ကျွန်းမှာ အဲဒီ ဦးပဥ္ဇင်း ကလေး တပါး အဆိပ်သင့်သွားပုံလေး၊ 'မှန်ပါ' သီဟိုဠ်ကျွန်း ဦးပဥ္ဇင်းလေးတပါး ဘာဖြစ်သွားလဲ၊ 'အဆိပ်သင့်သွားပါ တယ်ဘုရား' ဒီ ကိုယ်တော်တင် သင့်တာမဟုတ်ဘူး ကွဲ့၊ ဆွမ်းခံရင်းငှက်သင့်ဆိုတာ အဲဒီ ကိုယ်တော်ဘဲ။ ဝဂ်ီသဆိုတဲ့ ရဟန်းသစ်ကလေးတပါး ချောကချောနဲ့ ဘုရားသက်ထက် က။ ရှင်အာနန္ဒာကိုယ်တော်မြတ်ကြီးနဲ့ သူကဆွမ်းခံကြွသွား တယ်၊ ဆွမ်းခံသွားရင်းသူ့မှာ အဆိပ်မိနေပြီ... အဆိပ်သင့် နေပြီ 'မှန်ပါ' ဘာအဆိပ်တုံး "မာတုဂါမပါဘုရား"

ကာမရာဂေန ဍယှာမိ၊ စိတ္တံ မေ ပရိဍယှတိ။
သာဓု နိဗ္ဗာပနံ ဗြူဟိ၊ အနုကမ္ပာယ ဂေါတမ။[၁]

ရှေ့က ကြွသွားတဲ့ အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကြီး ဘုရား၊ ဘုရားတပည့်တော်ကို ကယ်တော်မူပါအုံးဘုရား၊ ဘုရားတပည့်တော်မှာ ကာမရာဂဘည်းဟူသော အဆိပ်တွေ သင့်ပြီးတော့ ဒီနေရာမှ မသွားနိုင်အောင် ဖြစ်နေပါတယ် ဘုရား .... ဒီလိုဖြစ်နေရောမဟုတ်လား၊ "မှန်ပါ"

"အသုဘာယ စိတ္တံ ဘာဝေဟိ၊
ဧကဂ္ဂံ သုသမာ-ဟိတံ"[၁]

အသုဘ ထင်အောင်ရှု... အသုဘ ထင်အောင်ရှု.... အသုဘထင်အောင်ရှု ကိုးကွဲ့- ဟုတ်တယ် မဟုတ်လား၊

---

၁။ သံ၊ ၁။ ၁၈၉။ ဝိသုဒ္ဓိ၊ ၁။၃၆။ ထေရ၊ ဌ၊ ၂။၅၁၉။

'မှန်ပါ' အဲဒီတော့မှ ခမျာ သက်သာသွားတယ်။ နောက်သူလဲ အဆိပ်သင့်တယ်၊ ဒါ ဘုရားလက်ထက်က။

## ရဟန်းငယ်တပါး၏အဖြစ်ဆန်း *

သီဟိုဠ်ကျွန်းက ကိုယ်တော်ကလေး ဦးပဉ္စင်းကလေးလှကလှ ချောကချောနဲ့ ပညာသင်ချင်လို့ ကွဲ့၊ ဟုတ်လား၊ ဆရာတော်ကြီးထံ သွားလျှောက်တယ်၊ ဆရာတော်ကြီးက မင်းကွယ်တဲ့၊ မင်း ပညာသင်ကြားချင်တယ် ဆိုယင်မင်းဟာ အရှေခံမဲ့လူ မဟုတ်ဘူးတဲ့၊ ဒါကြောင့် မင်းပညာသင်ကြား ချင်တယ်ဆိုယင်–

သစေ အနန္တာဂါမေ န စရိဿသိ၊ ဒဿာမိ တေ ဥဒ္ဒေသန္တိ အာဟ။

အကယ်၍ အရပ်ထဲ လယ်ပြီးတော့ အမျိုးသမီးတွေနဲ့တကာ တကာမ တွေနဲ့ မဆက်သွယ်ဘူးဆိုယင် မင်းကို ငါ ပညာသင်ကြားပေးမယ်။ ကောင်းလှပါပြီဘုရား ဆိုပြီးတော့ ဦးပဉ္စင်းကလေး ပညာသင်ရတယ်။ တတ်ကရော ပညာ၊ 'မှန်ပါဘုရား' ပညာလဲတတ်ကရော ဆရာ့စကား နားမထောင်ဘူး၊ သင်္ကန်းကလေး လှလှပပ သပ်သပ် ပယ်ပယ် ရုံပြီးတော့ အရပ်ထဲဆွမ်းခံကြွသွားတော့ အမျိုးသမီးကလေး တယောက်က ဝါဝါ အသတ်ကလေး ဝတ်ပြီး

* သံ၊ ၄၊ ၂။ ၅၀။ မေဃိယသုတ္တန် ပါဠိတော်ဟောစဉ်၊ နှာ-၂၇၀၊ စသည်လည်း ရှုပါ။

သကာလ တံခါးဝကနေပြီး ဦးပဉ္ဇင်းကလေးလဲ မြင်ရော ဆွမ်းဟင်းခွက်ကလေး ကိုင်ပြီးတော့ ကပြာကရာ ဆွမ်းလောင်းရအောင် သင်းလာ၏ ဆွမ်းလဲလောင်းပြီး အိမ်ပေါ် လဲပြန်တက်ရော အိပ်ရာထဲလဲနေပေတော့ဘယ်။ မိခင်လုပ်တဲ့ လူကမေးတယ် သမီးဘာဖြစ်လို့လဲဆိုတော့—

"ဒဟာရံ လာဘမာနာ ဇီဝိဿာမိ၊ အလာဘမာနာ မရိဿာမိ"

အမွှ၊ အမေ။ ဒဟာရံ၊ ခုနင်က ကျွန်မ ဆွမ်းလောင်း လိုက်တဲ့ ဦးပဉ္ဇင်းငယ်ကလေးကို။ လာဘမာနာ၊ ရသည်ရှိသော်။ ဇီဝိဿာမိ၊ ကျွန်မ အသက်ရှင်ပါလိမ့်မယ်။

လုပ်ပြီ ဟုတ်လား၊ 'မှန်ပါ'။

အလာဘမာနာ၊ အကယ်၍ အဲဒီဦးပဉ္ဇင်းကိုမှ မရဘူးဆိုယင်။ မရိဿာမိ၊ ကျွန်မသေရပါလိမ့်မယ်။ ဖြစ်ကရော-လုပ်ပုံက။ အဆိပ်။

ဒီတော့ မာတုဂါမလို့ဆိုဘာ အဆိပ်။ မာတုဂါမက ဘာတဲ့လဲ၊ 'အဆိပ်ပါဘုရား'။ ဦးပဉ္ဇင်းကလေးကိုလဲဘဲ အတင်းလိုက်ပြီးတော့ လျှောက်တယ်။

အရှင်ဘုရား တပည့်တော်တို့က ပစ္စည်းဥစ္စာတွေနဲ့ကြွယ်ဝ ချမ်းသာပါတယ်။

"ကောဃေဝ နော မိတာ"

တပည့်တော်တို့မှာ ဒီသမီးလေးတယောက်သာလျှင် ရှိပါတယ်ဘုရား။

"တံ့ နေ့ ဇေဋ္ဌပုတ္တဋ္ဌာနေ ဌဿတိ"

"အရှင်ဘုရားသည် တပည့်တော်တို့ရဲ့ သားကြီးနေရာက နေပြီးတော့ ဘာလုပ်ငန်းမှ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး၊ စိမ်ခန့်ခွဲရှုပေးပါ၊ အရှင်ဘုရားပြန်ကြွတော်မူခဲ့ပါဆိုတော့။

ဦးပဉ္စင်းကလေးက-

"နှ မယှံ ဣမိနာ ပလိဗောဓေန အတ္ထော"

ဒီပစ္စည်းဥစ္စာ ကြောင့်ကြဘွယ်တွေဟာ ကျုပ်အတွက် အကျိုးမရှိပါဘူးလို့ ဆိုပြီး ထွက်သွား၊ မလိုချင်ဘူးတဲ့ ဦးပဉ္စင်းကလေးက။

မလိုချင်ဘူးဆိုတော့ ဟိုအမျိုးသမီး ဘာဖြစ်သလဲ။ သေရော။ သေလဲ သေရော အဲဒီ အသုဘကရတဲ့ အဝတ်ကလေးကို ကိုယ်တော်ကြီးတပါးက အဲဒီ ဦးပဉ္စင်းကလေးထံ သွားပြီး ရေစစ်အချုပ်ခိုင်းတယ်။ ဦးပဉ္စင်းကလေးက မေးတယ်၊ အရှင်ဘုရား ဒီအဝတ်ဘယ်ကရသလဲ၊ အသုဘက ရတယ်။ ဘယ်အသုဘကလဲ၊ အမျိုးသမီးကလေးတယောက် ဘယ်အမျိုးသမီးကလေးလဲ၊ ဟော-ဦးပဉ္စင်းကလေးတပါး တပါး ဆွမ်းခံကြွလာတယ်၊ အဲဒီဦးပဉ္စင်းကလေးကို အဲဒီ-အမျိုးသမီးကလေးက အဲဒါပေါ့လေ-အဲဒါ မင်းတို့သိရောပေါ့။ ဒါဆို။

အေး အဲဒီကရခဲ့တာလဲ ဆိုရော အဲဒီ ဦးပဥ္စင်းကလေးက အမယ်လေး ဖြစ်မှဖြစ်ရလေခြင်းဆိုပြီး၊ အဲဒီ အမျိုးသမီးလေး စွဲလန်းနှစ်သက်ပြီးသကာလ ဦးပဥ္စင်းကလေးလဲ သေရော၊ 'မှန်ပါဘုရား' ဘုန်းကြီးတို့ပရိသတ်၊ ဦးပဥ္စင်းကလေး ဘာဖြစ်သွားတုန်း၊ 'သေသွားပါတယ်ဘုရား' ဘာဖြစ်လို့လဲ 'အဆိပ်သင့်လို့ပါဘုရား' ဘယ်သူ့ကြောင့်၊ "မာတုဂါမကြောင့်ပါဘုရား"။

အဆိပ်ကွဲ့၊ သာသနာတော်မှာ 'မှန်ပါဘုရား' ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ သာသနာတော်ကို သုံးတဲ့နည်းတဲ့ ကျင့်သုံးစောင့်ရှောက်တဲ့ နေရာမှာ အဆိပ်ဖြစ်အောင်တော့ ဘယ်လိုတုန်း၊ 'မသုံးရပါဘူးဘုရား'၊ မသုံးကြနဲ့ ဟုတ်သား 'မှန်ပါ'၊ သာသနာ ကျင့်သုံးပုံ ကျင့်သုံးနည်းကို အခုပြောနေတာ၊ အင်း ထေရာ အပဒါန် ပါဠိတော်မှာ ပါတာနော်၊ "မှန်ပါဘုရား"။

"ဝိသံ ဟလာဟလံ ယေကာ၊"

ယာဓေဝါ၊ နှလုံးပျော့ပျောင်း အိုး အမျိုးကောင်းသား သမီးအပေါင်း သူတော်ကောင်းတို့။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်။ ယေက ကေစ္စာနံ၊ အချို့သော ပုဂ္ဂိုလ်ဘို့အတွက်။ ဟလာဟလံ၊ လောလောလတ်လတ် သေစေတတ်သော။

ဟိုမှာ သေပြီမဟုတ်လား၊ 'မှန်ပါဘုရား'၊ သီဟိုဠ်ကျွန်းပြောတာ ဟိုမှာဆိုတာက သီဟိုဠ်ကျွန်းကိုပြောတာ၊ 'မှန်

ပါ'၊ ဟာလာဟာလ်၊ လောလောလတ်လတ် သေစေတတ်သော။ ဝိသံ၊ အဆိပ်အိုးကြီးနဲ့ တူလှပါပေ၏။

မသုံးတတ်ယင် အဆိပ်ဖြစ်မှာကွဲ့၊ 'မှန်ပါဘုရား'။

"ကေစ္စာနဥ္စ ဩသဓံ၊"

သာခဓဝါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသားသမီးအပေါင်း သူတော်ကောင်းတို့။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်။ ကေစ္စာနံ၊ အချို့ကုန်သော ရဟန်းရှင်လူ အမျိုးကောင်းသား သမီးတို့အတွက်။ ဩသဓံ၊ နတ်ဆေးဝါးသဖွယ် ဖြစ်ပါပေ၏။

သာသနာတော်ကြီးဟာ ဝမ်းလား ဆေးလဲမည်တယ်၊ ဝမ်းသက်ဆေးလဲ မည်တယ်၊ ပျို့အန်ဆေးလဲ မည်တယ်၊ အဆိပ်လဲမည်တယ်၊ နတ်ဆေးလဲမည်တယ်ကွဲ့၊ "မှန်ပါဘုရား"။

သာသနာကတော့ သာသနာဘဲ၊ အဲဒါဘယ်လို သုံးမတုန်း၊ သုံးနည်း အဲဒါ အကုန် သတိထားဘို့ဘဲကွဲ့ နော်၊ "မှန်ပါဘုရား။

သာသနာတော်ကို ပျို့အန်ဆေးသဖွယ် သုံးပုံ

ကိုင်း သုံးပုံလေးပြောမယ် ဟုတ်လား၊ "မှန်ပါ"။

"ဝမနံ ပဋိပန္နာနံ၊ ဖလဋ္ဌာနံ ဝိရေစနံ၊"

သာခဓဝါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသားသမီးအပေါင်းတို့။ သာသနံ၊ ဗုဒ္ဓမြတ်စွာ သာသနာတော်

မြတ်ကြီးသည်။ ပဋိပန္နာနံ၊ ဒါန သီလ သမထ ဝိပဿနာ ဘာဝနာကို ကောင်းစွာ ကျင့်ကြံကုန်သည်ဖြစ်၍ မဂ်၌တည်ကြကုန်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် အပေါင်းတို့အတွက်။ ဝမနံ၊ ပျို့အန်ဆေးကြီး သဖွယ် ဖြစ်ပါပေ၏။

ဒါနကုသိုလ်ပြုဟာ၊ သီလကုသိုလ်တွေကို ဆောက်တည်နေတာ ဘာဝနာ ကုသိုလ်တွေကို ပွါးများနေတဲ့ ပုဂ္ဂိုလ် အဌကထာ ဖွင့်ထားတာကတော့ဖြင့် ဒီ ပဋိပန္နာနံ ဆိုတာ မဂ္ဂဋ္ဌာနံ ဆိုပြီးတော့ မဂ္ဂဋ္ဌာန်လေးယောက်ကိုဘဲ ဖွင့်တယ်။ 'မှန်ပါ'။ ဒါဥက္ကဋ္ဌနည်း ပဓာနနည်း ဒီလိုဆိုကြစို့ကွဲ့၊ 'မှန်ပါ'။ ဒိုစာပေနယ်ကနော်။ 'မှန်ပါ'။ အဲဒီ မဂ်ကိုဖွင့်ပေမဲ့ အခြေခံက တော့၊ အဲဒီ မဂ်ကိုရောက်အောင် ကျင့်တဲ့ပုဂ္ဂိုလ်တွေ၊ ဟုတ်သလား၊ "မှန်ပါဘုရား"။

ပဋိပန္နာနံ၊ မဂ်လေးပါးကို ရောက်အောင်ကျင့်၍ ေ ကြံကုန်သော အမျိုးကောင်း သား- သမီးတို့အတွက်-ဟုတ်လား၊ 'မှန်ပါ'၊ မဂ်လေးပါးကို ရောက်အောင် ကျင့်နေတယ်ဆိုတော့- သောတာပတ္တိဖလသစ္ဆိကရိယာပဋိပန္န ပုဂ္ဂိုလ်,သောတာပန် ပုဂ္ဂိုလ်အတွက်, သကဒါဂါမိဖလသစ္ဆိကရိယပဋိပန္န ပုဂ္ဂိုလ်,သကဒါဂါမိပုဂ္ဂိုလ်, အနာဂါမိဖလသစ္ဆိကရိယာပဋိပန္န ပုဂ္ဂိုလ်,-အနာဂါမိပုဂ္ဂိုလ်, အရဟတ္တဖလသစ္ဆိကရိယပဋိပန္န ပုဂ္ဂိုလ်--ရဟန္တာပုဂ္ဂိုလ်-နော်၊ "မှန်ပါဘုရား"၊

ပဋိပန္နာနံ၊ မဂ်၌တည်သော ပုဂ္ဂိုလ်တို့အတွက်။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင်ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးပြား သာသနာတော်ကြီးသည်။ ဝမနံ၊ ပျို့အန်ဆေးကြီးနှင့်တူလှပါပေ၏။

ဒီတော့ ဒီ အဓိပ္ပါယ်ကို ဘုန်းကြီးတို့ ဒေသနာဉာဏ်က ဘယ့်နှယ်ပြောရမလဲလို့ ဆိုတော့ တရားဟောတဲ့နေရာမှာ—

" ပဋိပန္နာနံ" = ကိုအဋ္ဌကထာဖွင့်ထားတာက မဂ်ပုဂ္ဂိုလ်လေးယောက်။ ပဋိပန္နာနံ၊ မဂ်ပုဂ္ဂိုလ်လေးယောက်အတွက်။ သာသနံ၊ သာသနာတော်ကြီးသည်။ ဝမနံ၊ ပျို့အန်ဆေးကြီးသဖွယ်ဖြစ်ပါပေ၏။ ဒီလိုပြောတယ်။

ဒီတော့ မဂ်ကိုရောက်အောင် ပဋိပန္နာနံ—လို့ ဆိုသည်ဖြစ်သောကြောင့် မဂ်ကိုရောက်အောင်ကျင့်နေကြတဲ့ သောတာပတ္တိဖလသစ္ဆိကရိယပုဂ္ဂိုလ်တို့အတွက် ပြောကြပါစို့ 'မှန်ပါဘုရား'။

ဒီတော့ တမဂ် တဖိုလ်ဘဲ ပြောကြစို့လို့ဆိုယင်၊

ပဋိပန္နာနံ၊ သောတာပတ္တိမဂ်ပုဂ္ဂိုလ်တို့အတွက်။ ဝမနံ၊ ပျို့အန်ဆေးကြီးမည်ပါပေ၏။ ဝါ၊ သောတာပန်ပုဂ္ဂိုလ်ဖြစ်အောင်ကျင့်တဲ့ပုဂ္ဂိုလ်တို့အတွက်။ သာသနံ၊ သာသနာတော်သည်။ ဝမနံ၊ ပျို့အန်ဆေးကြီးသဖွယ်ဖြစ်ပါပေ၏။

သောတာပတ္တိမဂ်ကို ရောက်အောင် ကျင့်တဲ့ပုဂ္ဂိုလ်တွေအတွက် ဒီသာသနာတော်သည် ပျို့အန်ဆေးကြီးသဖွယ်ဖြစ်သတဲ့ကွဲ့ "မှန်ပါ"။

ဒီတော့ သောတာပတ္တိမဂ်ကို ရောက်အောင်ကျင့်နေတဲ့ အမျိုးကောင်းသား-သမီးတွေဟာ သာသနာတော်ကို အန်-ဆေးကြီးသဖွယ်သုံးနေတယ်၊ "မှန်ပါ"။ ကဲ အဲဒီတော့ ပြော

ကြစို့- သောတာပတ္တိမဂ်ကို ရောက်အောင် ကျင့်တဲ့ပုဂ္ဂိုလ် လို့ဆိုတော့ သောတာပတ္တိဖလသစ္ဆိကရိယ ပဋိပန္နပုဂ္ဂိုလ်ဟာ—

"တိဿရဏံ ဂတော ဥပါသကောပိ သောတာပတ္တိ ဖလ သစ္ဆိကရိယပဋိပန္နော နာမ တသ္မိံ ဒိန္နဒါနမ္ပိ အသင်္ချေယျံ အပ္ပမေယျံ"။

[မ၊ ၃၊ ၂၂၃။]

သရဏဂုံသုံးပါး တည်သည်ကစပြီးတော့ သောတာပတ္တိ ဖလ သစ္ဆိကရိယ ပုဂ္ဂိုလ်လို့ ထည့်တွက်ရမယ်၊ "မှန်ပါ" ဒါနကုသိုလ်တွေ သီလကုသိုလ်တွေ ဘာဝနာကုသိုလ်တွေ။

## ဒါနကုသိုလ်သည် လောဘ ရောဂါအန်ဆေး

ယခု ဒါနကုသိုလ်ကို ပြုကြတယ်ဆိုတာ လောဘတည်း ဟူသော ကိလေသာကြီးကို အန်ပစ်လိုက်တာ ကွဲ့၊ ဟုတ် လား၊ "မှန်ပါဘုရား"။

လောဘတည်းဟူသော ကိလေသာရောဂါကြီး စွန့်ပစ်ရ မှာကို သိပ်နှမြောကြတယ်၊ ငါ့ပစ္စည်း ငါ့ပစ္စည်း နှမြောတယ် စုံမက်တယ်၊ နှမြောတယ်၊ စုံမက်တယ်၊ မစွန့်နိုင်ဘူး၊ မစွန့် နိုင်ဘူး၊ ငါ့လက်ကောက်ကလေး၊ ငါ့လက်လောက်ကလေး။ ငါမစွန့်နိုင်ဘူး၊ ငါမပေးနိုင်ဘူး၊ သူများကို၊ "မှန်ပါ" အဲဒါ ဘယ်သူကလဲ၊ လောဘ။ အဲဒီ လောဘရောဂါကြီးကို ဘုန်း ကြီးတို့ ပရိသတ်က တခါထဲ မျိုသိပ်ထားတယ်။ မျိုထား တယ်။ ဒီတော့ လောဘရောဂါကြီးက ဟောဒီမှာ တင်းကြပ်

ပြီးတော့ လောဘ အားကြီးလာ လေလေ ဒီ လောဘရောဂါကြီးက တင်းကြပ်လာ လေလေ၊ တခါထဲ လူကို မကြည့်မသာတွေ ဖြစ်ပြီးတော့ ကမောက်ကမတွေ ဖြစ်နေတယ်၊ အဲဒါ လောဘ ရောဂါကြီး ဝင်စွဲနေတာ။ လောဘ ကိလေသာ။

ဒိဋ္ဌိ ကိလေသာ၊ မောဟ ကိလေသာ။ လောဘ ဒိဋ္ဌိ မောဟ အာသဝ ဒေသနာစဉ်ကြီး နှယ်ချဲ့လိုက်မယ်ဆိုယင်လေ၊ အာသဝတွေနဲ့ ပတ်သက်လို့ ဘုန်းကြီး ဟောနေတဲ့ ဩဃဗာရဏသုတ္တန်တွေ-ဟုတ်လား၊ ရူပါရုံ အမျိုးမျိုး သဒ္ဒါရုံ အမျိုးမျိုး ဂန္ဓာရုံ အမျိုးမျိုး ရသာရုံ အမျိုးမျိုး ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုး။

အဲဒါတွေကို တခါထဲ မျိုသိပ်ပြီးတော့ ငါပိုင် ငါ့ဟာငါ့ဥစ္စာဆိုပြီး လောဘ တည်းဟူသော အကုသိုလ်ကြီးကို တခါထဲ မျိုသိပ်ထားတယ်၊ "မှန်ပါဘုရား" သိမ်းပိုက်ထားတယ်၊ "မှန်ပါ" အဲဒါ သာသနာတော်ကို သုံးတော့ ဘယ်လိုသုံးမလဲ၊ ဒီလောဘ အန်ထွက်အောင် သုံးရမယ်၊ "မှန်ပါ" "ဝမန်" အန်ဆေး ဟုတ်လား၊ "မှန်ပါဘုရား"။

ဘုန်းတော်သခင် သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က—

ဒါန ဟုတ်လား၊ ဒါန လို့ဆိုတဲ့ ဥစ္စာပစ္စည်းဟာ—

"မာနုဿိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။
ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ"။

(ခုဒ္ဒက၊ ၁၀)

နိဓိကဏ္ဍသုတ္တန်ကို သွားကြည့်ယင် 'မှန်ပါဘုရား'။

မာနုဿိကာ စ သမ္ပတ္တိ၊ လူစည်းစိမ်နှင့် ပြည့်စုံခြင်းကိုငှင်း။ ဒေဝလောကေ၊ နတ်ပြည် ဗြဟ္မာပြည်၌။ ယာ ရတိ စ၊ အကြင်မွေ့လျော်ဘွယ်ဟူသမျှ ဥဿုံ အလုံးစုံကိုငှင်း။ ယာ နိဗ္ဗာနသမ္ပတ္တိ စ၊ အကြင်နိဗ္ဗာန်ချမ်းသာနှင့်ပြည့်စုံခြင်းကိုငှင်း။ ဧတေန၊ ထိုကောင်းမှုခါသော ဒါနကုသိုလ်ဆိုတဲ့ တရားဖြင့်။ လဗ္ဘတိ၊ ရနိုင်၏။

ဒါနကြောင့် နိဗ္ဗာန်ရနိုင်တယ် ဆိုတာ လောဘဆိုတဲ့ တဏှာကို အန်ထုတ်လိုက်လို့ ရတာကွဲ့၊ 'မှန်ပါဘုရား' နိဗ္ဗာန်ချမ်းသာ၊ ဘဘောပေါက်ပလား၊ 'ပေါက်ပါတယ် ဘုရား' ကိုင်း–ဘယ်တော့ အန်ကြမလဲ။ ဘယ်လောက် အန်မလဲ၊ ကုန်ပြီးလား၊ 'မကုန်သေးပါဘူး ဘုရား' မကုန်လို့ သေအုံးမှာဘဲ။ လောဘကြောင့် သတ္တဝါတွေသေနေတာကွဲ့–တဏှာကြောင့်၊ 'မှန်ပါဘုရား' ဟုတ်လား၊ သံသရာ ရှေ့နေတာ ဘယ်သူ့ကြောင့်လဲ၊ 'လောဘကြောင့်ပါဘုရား'

"တဏှာ ဒုတိယော ပုရိသော၊ ဒီဃမဒ္ဓါန သံသရံ။
ဣတ္ထ ဘာဝ ညထာ ဘာဝံ၊ သံသာရံ နာတိဝတ္တတိ"။

(သုတ္တနိ၊ ၃၉၄)

လောဘတဏှာက အလွန်ကြောက်စရာ ကောင်းတယ် သူ့ကို အနိမထုတ်နိုင်သမျှ သူက သံသရာလည်ပတ်မှု ဒုက္ခ အမြဲတမ်းပေးနေတာကွဲ့၊ 'မှန်ပါ့ဘုရား' မြတ်စွာဘုရားက သုတ္တနိပါတ် ပါဠိတော်မှာ

"လောဘ တဏှာ အပေါ်ရှိနေတဲ့သူဟာ ရှည်လျား စွာသော သံသရာခရီးခဲကြီး၌ ဟိုဘဝရောက်လိုက် ဒီဘဝ ရောက်လိုက်နဲ့ သံသရာ ခရီးခဲကို မလွန်မြောက်နိုင်ဘူး"

လို့ ဟောတော်မူခဲ့တာဟာ လောဘ၊ 'မှန်ပါ့ဘုရား' လောဘရဲ့သဘောဟာ ကိုယ့်ပစ္စည်းကို သူတပါး ပေးရမှာ နှမြော တွန့်တိုစေးနဲတဲ့ လောဘကို အနိုထုတ်တာ။ သီလ ကုသိုလ်တွေဆောက်တည်တယ်ဆိုတာ ကြမ်းတမ်းခက်ထန်တဲ့ ဒေါသကို အနိုထုတ်တာ၊ သမထ ဝိပဿနာ ဘာဝနာတွေ ကို ပွါးလုပ်အားထုတ်နေကြတယ်ဆိုတာ တွေဝေမိုက်မဲတဲ့ မောဟကိလေသာ အနိုထုတ်တာ။ ဒီလိုသုံး ပါ၊ 'မှန်ပါ ဘုရား'

လောဘကုန်အောင် သုံးပါ၊ ဒေါသ ကုန်အောင် သုံး ပါ၊ မောဟကုန် အောင်သုံးပါ၊ 'မှန်ပါ' အခုတော့ အချို့တတွေ သာသနာသုံး နေကြပုံက လောဘတွေ မများ များအောင်၊ ဒေါသတွေ မများ များအောင်၊ မောဟတွေ မများ များအောင် သုံးနေကြတယ်၊ ဒီ အသုံး တဲ့ ပါအုံးမလား၊ 'မတဲ့ပါဘူးဘုရား' သဘောပေါက်ကဲ့ လား၊ "ပေါက်ပါတယ်ဘုရား"

## သာသနာကို အန်ဆေးသဖွယ်သုံးပုံ

လောဘကုန်အောင် သုံးပါ၊ ဟုတ်လား၊ဒိဋ္ဌိကုန်အောင် သုံးပါ။ လောဘက သူ့ကတွဲလာတယ်-ဒိဋ္ဌိ။ လောဘဆို ကတည်းက ဒိဋ္ဌိဂုတ်သမ္ပယုတ်စိတ်လေးခု ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ်လေးခုမှာ လောဘက ရှိနေတယ်။ လောဘရှိတဲ့ ပုဂ္ဂိုလ် တိုင်းမှာ ဒိဋ္ဌိနှင့်ယှဉ်နေဟာတော့ မဟုတ်ဘူးနော်၊ ပုထုဇ္ဇန် မှန်သမျှတော့ လောဘဖြစ်ရင် ဒိဋ္ဌိက ကပ်နေတော့တာဘဲ။ သက္ကာယဒိဋ္ဌိ နော်၊ 'မှန်ပါ' အဲဒါ အန်ထုတ်ဘို့ အရေး ကြီးတယ်။ ဆေးတော့သောက်တော့ သောက်ပါရဲ့ အန် အောင်မသောက်ဘူး။ တရားအားထုတ်၊ ရုပ်မှန်း နာမ်မှန်း သိအောင် တရားအားထုတ်ပါ၊ ဒိဋ္ဌိကို ထားသာ အအန်ခိုင်း နေတာ။

ခုတော့ ထုတ်တော့ ထုတ်ပါရဲ့ ဝက်ကျေ ပန်းကျေ လေး၊ အိပ်ရာဝင်ခါနီး ရှုရဲ့ ရှုးရဲ့ တချက်နှစ်ချက်ထုတ်၊ အိပ်ရာထဲဝင် တုံးကနဲဆို အိပ်လိုက်တာဘဲ၊ နို့ သောက်တော့ သောက်ပါရဲ့ အန်ရဲ့လား-သူ၊ 'မအန်ပါဘူးဘုရား' ဘာပြု လို့လဲ ဆေးမမှန်လို့လား၊ 'မှန်ပါတယ်ဘုရား'။ ဆေးမှန် တယ်နော်၊ 'မှန်ပါ'။ သာသနာဆိုတဲ့ ဆေး၊ နာမ်ရုပ်ဆို တာ မှန်နေကယ်၊ 'မှန်ပါဘုရား' နာမ်ရုပ် ဘယ်သူဟော တာလဲ၊ ဘုရားဟောတာ၊ "မှန်ပါဘုရား"

ချစ်သား ချစ်သမီးပုဂ္ဂိုလ် သတ္တဝါ မရှိဘူး၊နာမ်ရုပ်သာ ရှိတယ်လို့ဆိုတဲ့ စကားလုံး အသံသည် သာသနာ 'မှန်ပါ

ဘုရား' ဘုရားရဲ့အဆုံးအမ၊ ဟုတ်လား၊ 'မှန်ပါဘုရား' အဲဒီ နာမ်ရုပ် နာမ်ရုပ်၊ နာရုပ်ကို အားထုတ်ပါ၊ နာမ်ရုပ်သိအောင် လုပ်ပါ၊ နာမ်ရုပ်သိအောင် လုပ်ပါလို့ မြတ်စွာဘုရားက ဟော ဟောပေးနေတဲ့ သာသနာတော်ကြီး ရနေပါလျက်သားနဲ့ ကက်ဆက်ခွေကြီးဖွင့်ပြီးတော့ နာနေတယ်၊ ပြုံးပြုံး ပြုံးပြုံးနဲ့ သဘောတွေ ကျနေတယ်၊ နို့ ဒိဋ္ဌိကအန်ရဲ့လား၊ 'မအန်ပါဘူး ဘုရား' မအန်ဘူးကွဲ့- ဟုတ်လား။ ငါလဲ ကြံဖန် တိုက်နေတာဘဲ၊ ချော့တိုက်လိုက် ချောက်တိုက်လိုက် မြှောက်တိုက်လိုက် သူတို့က ကောင်းကောင်း မသောက်ချင်ဘူး၊ 'သောက်ပါ့မယ် ဘုရား' ဟော....ခါးတယ်ထင်တယ်။ ကိုင်းကွာ မင်းတို့ စဉ်းစားမနေပါနဲ့၊ ငါလဲ တရားက ရှေနေဟော့မယ်။ ဟုတ်တယ် မဟုတ်သား။ မအန်ဘူး။

ဒိဋ္ဌိ ကိလေသာကို အန်အောင် တိုက်ကျွေးနေတာကွဲ့ မြတ်စွာဘုရားက "မှန်ပါဘုရား"

ဒါနကုသိုလ်ကို ပြုတယ်ဆိုတာ လောဘကိလေသာကို အန်အောင်လုပ်တာ၊ "မှန်ပါ"

ဒါနဆိုတဲ့ သာသနာဆေးကြီးကို တိုက်တယ်၊ သီလဆိုတဲ့ သာသနာ့ဆေးခွက်ကြီးကို တိုက်တယ်၊ ဘာဝနာဆိုတဲ့ သာသနာ့ ဆေးခွက်ကြီးတွေ တိုက်ပြီးတော့ လောဘ ဒိဋ္ဌိ မောဟတွေ အန်အောင် လုပ်၊ 'မှန်ပါ'။ လောဘ- အခုအန်သလောက်တော့ အအန်သားဘဲ၊ 'မှန်ပါ'။ ဒါပေမဲ့၊ 'ကျန်နေပါတယ်ဘုရား'။ ကျန်နေမှန်းသိယင် ဘာလုပ်ရမလဲ။

ထပ်သောက်ကွဲ့ ဒါတဲ၊ နေ့ဉ်-လုပ်ငန်းကဒတော့။ 'မှန်ပါဘုရား'။ ဘာတွေ ထပ်လုပ်ရမလဲ- ဒါနကုသိုလ် ထပ်လုပ်ရမယ်၊ သီလကုသိုလ် ထပ်လုပ်ရမယ်၊ ဘာဝနာကုသိုလ် ထပ်လုပ်ရမယ်။

တနှစ်ပြီးရင် တနှစ်၊ တနှစ်ပြီးရင် တနှစ်။ မလွန်ဆန်လူသင်းကြီးရော၊ ဆားရော ဆီရော အလှူသင်းတွေ ထပ်လုပ်ထပ်လုပ်၊ ဒီနှစ် တပိဿာရှိယင် ရှေ့နှစ် နှစ်ပိဿာ၊ ဒီနှစ် ဆန်တောင်းဆို ရှေးနှစ်ခါ ဆန်နှစ်တင်း၊ ဒီနှစ်ဆီတပုံးဆို ရှေးနှစ်ခါ ဆီနှစ်ပုံး-ထပ်ထပ်သာလုပ်။ "မှန်ပါ"

အဲဒါ ဘာလုပ်ခိုင်းတာလဲ-လောဘကိလေသာ အအန်ခိုင်းတာ၊ "မှန်ပါ"

ပဋိပန္နာနံ၊ မဂ်လေးပါး၌ တည်ကြကုန်သော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အတွက်။ ဝါ၊ မဂ်လေးပါးသို့ ရောက်အောင် ကျင့်ကြံ ကြိုးစား ပွါးများအားထုတ်၍ နေကြကုန်သော ဒါန သီလ သမထ ဝိပဿနာ ဘာဝနာ ကုသိုလ်တွေကို ဆည်းပူး၍ နေကြကုန်သော ပုဂ္ဂိုလ်တို့အတွက်။ သာသနံ၊ မဂ်ဖိုလ်ဆိုးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကြီးသည်။ ဝမနံ၊ ပျို့အန်ဆေးကြီးသဖွယ် ဖြစ်ပါပေ၏။

## ဝိပဿနာက ဒိဋ္ဌိ ကိလေသာ အန်ထုတ်ပုံ

ဝိသာခါ တကာမကြီးလဲ အန်ပစ်လိုက်ပြီ မဟုတ်လား လို့၊ 'အန်ပစ်လိုက်ပါတယ်ဘုရား'။ ဒိဋ္ဌိ ကိလေသာ ၊အနာထ

ပိဏ္ဍသူဌေးကြီး၊ 'အနိစ္စလိုက်ပါတယ် ဘုရား' ဝိပဿနာ တချက်ရှုလိုက်ယင်-နာမ် ရုပ်လို့ တချက်သိလိုက်ယင်လေ ဒိဋ္ဌိကိလေသာက ကခါထဲ ဘပိုင်းပဲ့ပါသွားတယ်။ အနိစ္စထုတ် လိုက်ထာ၊ "မှန်ပါ"

ဟို-တုန်းကြီး မကြာမကြာဟောနေတဲ့ ဝါသိဇဋ္ဌသုတ္တန် မှာ ပဲကွပ်ရိုးကလေးကိုကိုင်တဲ့ ဥပမာလေး မှတ်မိသေးသလား၊ 'မှန်ပါ' ကြားပါပြီကွဲ့-ဟောထားတာ၊ ကျားကူးမမ္မဗိဘာန် မှာ ဟောထားတာ၊ အခု ထူးကြီးဝိပဿနာ ပါဠိတော် ဟောစဉ် ပဋ္ဌမအုပ်တဲ့ဆိုတဲ့ စာအုပ်ထဲမှာ ပါတယ်။ အခု ဒီစာအုပ် ကုန်လို့ ပြန်ရိုက်နေတယ်ကွဲ့၊ 'မှန်ပါ'။ အဲဒီ စာ အုပ်က အခု မကြာခင် ထွက်လာမှာပါ။ အင်း-စာအုပ် ကြော်ငြာတယ်လို့လဲ ထင်မနေနဲ့အုံးနော်၊ 'မှန်ပါ'။ အား-ကြောက်ရသေးတယ် အဲဒါလဲ။ ဟုတ်လား၊ "မှန်ပါဘုရား"

လက်သမားဆရာကြီးဟာ နေ့စဉ် နေ့စဉ် သူ့ရဲ့ ဆောက် ကလေးကို ကိုင်ကိုင် ကိုင်ကိုင်နေတာဟာ ကိုင်ပါများလာ တော့ အဲဒီဆောက်မှာ လက်ရာတွေ ထင်မလာဘူးလား၊ 'ထင်လာပါတယ်ဘုရား'။ အဲဒီ သစ်သားတွေ ဘယ်ရောက် ကုန်လဲ၊ 'ပွန်းစားကုန်ပါတယ်ဘုရား' ကုန်သွားတယ်။ ဒီနေ့ ကိုင်လို့ ဘယ်လောက်ကုန်တယ်၊ နောက်နေ့ကကိုင်ခဲ့လို့ ဘယ် လောက်ကုန်ခဲ့တယ်၊ နောက်နေ့ကိုင်ယင် ဘယ်လောက်ကုန် အုံးမယ်လို့ ဆိုဒါကို ဒီ လက်သမားဆရာကြီး သိရဲ့လား၊ 'မသိပါဘူးဘုရား' ဘယ်တော့ကျမှ သိသလဲ၊ "ကုန်မှသိပါ တယ်ဘုရား"

ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ-သမီးတွေလဲ ဒါန ကုသိုလ်တွေ ပြုလိုက် သီလကုသိုလ်တွေ ဆောက်တည်လိုက် ဘာဝနာကုသိုလ်တွေ ပွါးများလိုက်-ဒါဟာ လောဘ ဒိဋ္ဌိ မာနဟာဆိုတဲ့ ကိလေသာတွေကို အန်အန် အန်အန်ထုတ်နေ တာကွဲ့။ 'မှန်ပါဘုရား' ဒါနကုသိုလ် တကြိမ်ပြုယင် လောဘ ကိလေသာ တကြိမ် အန်ထုတ်လိုက်တာဘဲ။ 'မှန်ပါ' ကုန် ပလားလို့ဆိုတော့၊ 'မကုန်သေးပါဘူးဘုရား' ဘာလုပ်ရ မလဲ၊ 'ထပ်လုပ်ရမှာပါဘုရား' ဒါနကုသိုလ် ထပ်သောက် ရမယ်။

သီလကုသိုလ် ဘာဝနာကုသိုလ် နာမ်ရုပ် နာမ်ရုပ်လို့ ပိုင်းခြားထင်ထင် သိမြင်နိုင်တဲ့ ဝိပဿနာလုပ်ငန်းကို ထပ်ကာ ထပ်ကာ လုပ်နေယင် ဒိဋ္ဌိကိလေသာတွေ ကခါတဲ အန်အန် ထွက်တယ်။ နာမ်ရုပ်လို့ တချက်မြင်လိုက်ယင် ဒိဋ္ဌိကိလေသာ တထပ်ကွာကျသွားတယ်၊ 'မှန်ပါ' နာမ်ရုပ်လို့ တချက် သိ လိုက်ရင် ဒိဋ္ဌိကိလေသာ တထပ်ကွာသွားရင်၊ အန်ထုတ်လိုက် တယ်။ နာမ်ရုပ်လို့ တချက်သိလိုက်ရင် ဒိဋ္ဌိကိလေသာ တထပ်ကွာပြီးတော့ အန်ကျသွားတယ်။ နောက်-နောက်တော့ အဲဒီ ဒိဋ္ဌိကိလေသာတွေ ကုန်သွားရော၊ နာမ်ရုပ်လို့ ပိုင်း ခြားထင်ထင် တကယ်လို့ သိတဲ့အခါ-မဂ်ဉာဏ် ရောက်သွား တော့၊ 'မှန်ပါဘုရား' ဟုတ်လား၊ ဝိသာခါတို့ ကုန်ပြီ မဟုတ်လား။

အဲဒီ နာမ်ရုပ်လို့ဆိုတဲ့ အသိဉာဏ် သိလိုက်တာနဲ့ တပြိုင် နက်ထဲ ဝိသာခါ အနာထပိဏ်တို့လို ဆိုတဲ့ အမျိုးကောင်း

သားတွေ-သမီးတွေရဲ့ သန္တာန်မှာ ဒိဋ္ဌိဆိုတဲ့ ကိလေသာကြီး ရှိသေးလား၊ 'မရှိတော့ပါဘူးဘုရား'။ ဘယ်ရောက်သွားသလဲ၊ အန်ထုတ်လိုက်သည်။ နှုဂိုက သူတို့မှာလဲ ရှိတယ်ကွဲ့၊ "ရှိပါတယ်ဘုရား"

## သာသနာကို ဝမ်းလျှောဆေးသဖွယ်သုံး

"ဝမနံ ပဋိပန္နာနံ၊ ဖလဋ္ဌာနံ ဝိရေစနံ"

ဖလဋ္ဌာနံ၊ သောတာပတ္တိဖိုလ် သကဒါဂါမိဖိုလ် အနာဂါမိဖိုလ် အရဟတ္တဖိုလ်လို့ဆိုတဲ့ ဖိုလ်၌ တည်ကြကုန်သော အမျိုးကောင်း သား- အမျိုးကောင်း သမီးတို့ အတွက်။ သာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်။ ဝိရေစနံ၊ ဝမ်းလားဆေးကြီးနှင့် တူလှပါပေ၏။

ဖိုလ်ကွဲ့၊ ဟိုက ပဋိပဿမ္ဘနပဟာန်ကို ရည်ရွယ်ပြီးတော့ ပြောတာ။ ဝိသာခါဆိုတဲ့ အမျိုးကောင်းသမီးဟာ ဒိဋ္ဌိကိလေသာကြီးကို အန်ထုတ်လိုက်သည် ဖြစ်သောကြောင့် အပါယ်လေးပါးဆိုတဲ့ ခန္ဓာက တခါထဲ ယိုထွက်မသွားဘူးလား၊ 'ယိုထွက်သွားပါတယ်ဘုရား'။ ယိုသွက်သွားပြီနော်၊ 'မှန်ပါ'။ အဲဒါကြောင့် ဖိုလ်တရားသည် သာသနာတော်ရဲ့ ဝမ်းလားဆေးကြီး။ ဆိုလိုသည်မှာ မဂ်တရားသည် သာသနာတော်ရဲ့ အန်ဆေးကြီးတဲ့။

ဒီတော့ ဘုန်းကြီးတို့ပရိသတ် သာသနာတော်ကို မဂ်

အတွက် ဖိုလ်အတွက်သာ သုံးပါလို့ ဒီလို ဆိုလိုတယ်၊ "မှန်ပါဘုရား"

လာဘ်လာဘအတွက် သာသနာတော်ကို မသုံးပါနဲ့။

တကာတကာမတွေ အကြည်ညိုများအောင်လို့ ဆိုပြီးတော့ သာသနာတော် မသုံးပါနဲ့။

သက်န်းကောင်းကောင်းဝတ်ဘို့အတွက် သာသနာတော် မသုံးပါနဲ့။

ဆွမ်းကောင်းကောင်းစားရဘို့အတွက်သာသနာတော်ကို အသုံးမပြုပါနဲ့။

ကျောင်းကောင်းကောင်းနဲ့ နေဘို့ရန်အတွက် သာသနာတော်ကို၊ 'အသုံးမပြုရပါဘူး ဘုရား' ငါလဲ ဟောလို့သာ ဟောနေရတယ်၊ ခပ်လန့်လန့်ဘဲ ဟောနေရတယ်၊ ဒီလိုဆို ဒါပြင့်-အခက်သား၊ ဟုတ်လား။

မေး-သာသနာတော်ကြီး အသုံးပြုတဲ့ နေရာမှာ အန်ဆေးသဖွယ်ဖြစ်တဲ့ မဂ်ကုသိုလ်အတွက် ဝမ်းလားဆေးသဖွယ်ဖြစ်တဲ့ ဖိုလ်အတွက်သာလျှင်၊ မဂ်ဖိုလ် အတွက်သာလျှင် အသုံးပြုပါ။ သုံးတတ်ပလားကွဲ့၊ သာသနာ၊ "သုံးတတ်ပါတယ်ဘုရား"။

## သာသနာကို အဆိပ်ဆေးသဖွယ်မသုံးနှင့် နတ်ဆေးသဖွယ်သုံး

လာဘ်လာဘတွေသိပ်များ ကိုးကွယ်သူတွေသိပ်ပေ။ ကြည်ညိုသူတွေသိပ်များပြီး သ ကာ လ ဖြစ်ယင် ဘာနဲ့တွေ တတ်သလဲ၊ "အဆိပ်နဲ့တွေ့တတ်ပါတယ်ဘုရား"။

"ဝိသံ ဟလာဟလံ ဧကေ"

သာသနံ၊ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီးသည်။ ဧကေ၊ ကေစ္စာနံ၊ အချို့သူတို့အတွက်။ ဟလာဟလံ၊ လောလော လတ်လတ် သေစေတတ်သော။ ဝိသံ၊ အဆိပ်အိုးကြီးနဲ့လဲတူလှ ပါပေ၏။

"သေစေတတ်တယ်တဲ့ ဟုတ်သလား" "မှန်ပါ"
"သြသဓံ ဖလလာဘိနံ၊ ပုညခေတ္တံ ဂဝေသိနံ"

အဲဒီနေရာမှာ အပဒါန် အဋ္ဌကထာဖွင့်ပုံနဲ့ ပါဠိတော် စာပိုဒ်နဲ့တော့ တော်တော်ကလေး သတိထားပြီး ပြောရမဲ့ စာပိုဒ်ပိုင်းတဲကွဲ၊ "မှန်ပါ"။ အဋ္ဌကထာဖွင့်ပုံကိုလဲဘုန်းကြီး ဒီကနေ့ ဒါလေးကြည့်ပြီး နေတော့ အဋ္ဌကထာ ဖွင့်ပုံကတော့ လဲ သူဟာ အဓိပ္ပါယ်ရတော့ မလိုလိုဘဲ၊ သို့သော်လဲ ပါဠိတော် စာသားက ပြန်ပြီးတော့ လှန်ကြည့်တဲ့အခါကျတော့လဲ သူ ဟာတမျိုးဘဲ- အနက်ပေးတိုက-နှော်၊ "မှန်ပါဘုရား"။

"သြသဓံ ဖလလာဘိနံ"

အဋ္ဌကထာ ပေးထားတဲ့အနက်ကာ- ဖလလာဘိနံ၊ ဖိုလ်ကို ရကြကုန်သောပုဂ္ဂိုလ်တို့အတွက်။ သာသနံ၊ ဗုဒ္ဓမြတ်စွာသာ သနာတော်ကြီးသည်။ သြသဓံ၊ နိဗ္ဗာန်တည်းဟူသော ဆေး ကောင်းကြီးပါပေတည်း-လို့ သူကအနက်ပေးစေလိုတယ်။ "မှန်ပါ" "ဖလံ လဘိတွာ ဌိတာနံ နိဗ္ဗာနသြသဓံအကွာသိ" တဲ့-အဋ္ဌကထာက-

"ပုညခေတ္တံ ဂဝေသိနံ"

ဂဝေသိနံ၊ သီလ သမာဓိ ပညာ လူချမ်းသာ နိဗ္ဗာန် ချမ်းသာကိုရှာမှီးကြကုန်သော အမျိုးကောင်းသား-သမီးတို့ အတွက်။ ပုညခေတ္တံ၊ကောင်းမှုမျိုးကို စိုက်ပျိုးရာလယ်မြေ ကောင်းသဖွယ်ဖြစ်သော သံဃာတော်အရှင်ကောင်း အရှင် မြတ်သည်။ သြသမိ၊သတ္တဝါတို့သက်စောင့် နတ်ဆေးသဖွယ် ဖြစ်ပါပေ၏။

သံဃာတော်များကို ကုသိုလ်မျိုးစေ့ စိုက်ပျိုးရန်လာကြ သာ နှလုံးသွင်း၊ "မှန်ပါ" အရောင်လောက်သာယူ။ ဟုတ်လား၊ အခု လျှပ်စစ်မီးကြီးရှိတယ် မဟုတ်လား၊ 'မှန်ပါ'။ အဲဒီ လျှပ်စစ်မီးကြီးကိုသွားကိုင်သလား၊ အရောင်ယူသလား၊ "အရောင်ယူပါတယ်ဘုရား"။ သွားကိုင်လိုက်စမ်း-ဘယ့်နှယ် ဖြစ်မလဲ၊ 'ပူပါတယ်ဘုရား' ပူတယ်။ အေးမကိုင်မိစေနဲ့။

ဘုန်းကြီးတို့ အမျိုးကောင်းသားများ- သမီးများက ဒီ အတိုင်းဘဲ နှလုံးသွင်းတယ်မဟုတ်လား၊ 'မှန်ပါ' တကယ့်ကို သံဃာ ဝင့်ဆင်းရဲက လွတ်လပ်ရေး ရချင်ပါတယ်လို့ဆိုယင် သံဃာတော်တွေရဲ့ အစောင့်အရှောက်ကို ယူမှဖြစ်မယ်၊ 'မှန်ပါ'။

"သြသမိ ပုညခေတ္တံ ဂဝေသိနံ-
ဒီတော့ ဒီပါဠိကို အနက်ပေးကြရအောင်-

ဂဝေသိနံ၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို ရှာမှီးကြ

ကုန်သော ပုဂ္ဂိုလ်တို့အတွက်။ ဝါ၊ လူချမ်းသာ တည်းဟူသောအကျိုး နတ်ချမ်းသာတည်းဟူသော အကျိုး နိဗ္ဗာန်ချမ်းသာတည်းဟူသော အကျိုးကို ရှာမှီး၍ နေကြကုန်သော ပုဂ္ဂိုလ်တို့အတွက်။ ပုညခေတ္တံ၊ ကောင်းမှုမျိုးစေ့ကိုစိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ် ဖြစ်တော်မူသော ရဟန်းသံဃာတော်သည်။ ဩသဓံ၊ သက်စောင့် နတ်ဆေးကြီး သဖွယ် ဖြစ်ပါပေ၏။

အဲဒီဆေးအတွက်သာသုံးပါ၊ 'မှန်ပါ'၊ ဒါ အကျယ်ဟောတို့တော့ ကောင်းသေးတာပေါ့ကွယ် ဟုတ်တယ်မဟုတ်လား၊ 'မှန်ပါ'၊ သုံးနည်းသိပြီနော်၊ 'သိပါပြီဘုရား'၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်အတွက်သုံးပါ၊ ဟုတ်လား၊ လူချမ်းသာ နတ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ အတွက်သာလျှင် သာသနာတော်ကိုသုံးပါ ဟုတ်လား၊ မဂ်ချမ်းသာအတွက် သုံးတာကတော့ ပျို့အန်ဆေး၊ ဖိုလ်ချမ်းသာအတွက် အသုံးပြုတာက ဝမ်းလားဆေး၊ လူချမ်းသာ နတ်ချမ်းသာနိဗ္ဗာန်ချမ်းသာ အတွက် ရှာမှီးပြီးသုံးတာက နတ်ဆေး၊ နိဗ္ဗာန်ရအောင် သုံးတို့၊ "မှန်ပါ"။

## သာသနာကိုအဆိပ်သဖွယ်သုံးက ဘေးတွေ့ရမည်

အဆိပ်ကဲ့သို့သုံးတာ ဘယ်လိုသုံးတုန်း၊ ဒါဘဲကျန်တော့တယ်မဟုတ်လား၊ 'မှန်ပါ' သုံးနည်း လေးမျိုးဟာ အခုဘယ်နှစ်မျိုး ပြီးသွားပလဲ၊ 'သုံးမျိုး ပြီးသွားပါဘယ် ဘုရား' နောက်ဆုံးတနည်းက ဘာပါလိမ့်၊ 'အဆိပ်ပါဘုရား' အဆိပ်၊

အဆိပ်ဆိုတာ ဘာဖြစ်တတ်သတုန်း 'သေတတ်ပါတယ် ဘုရား'၊ ဒီတော့ အင်း သူ့လဲ ဆေးဖြစ်အောင်သုံးယင် ဖြစ် သေးဆို၊ ဟင် အေး ဆေးဖြစ်အောင်လောက်တော့ သုံးလို့ ဖြစ်ပါသေးတယ် ဟုတ်လား၊ သို့သော်လဲဘဲ မြတ်စွာဘုရား ဟောထားတဲ့ ပါဠိတော်အရလို့ဆိုယင် ဘာပြောသလဲ—

သာသနေန် ဝိရုဒ္ဓါနံ၊ ဝိသံ ဟလာဟလံ ယထာ။
အာသီဝိသော ဒိဋ္ဌဝိသော၊ ဧဝံ ဗျာပေတိ တံ နရံ။

ဒီဂါထာတပုဒ်ဟောကြအုန်းစို့ကွယ်၊ ဟုတ်လား၊ ဥပါလိ ထေရာအပဒါန်က ဂါထာတွေ အများကြီးကွဲ့၊ ဒီဂါထာ တပုဒ် ဟောကြအုန်းစို့ကွယ်၊ ဟုတ်လား၊ "မှန်ပါ"။

သာသနေန၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးနှင့်။ ဝိရုဒ္ဓါနံ၊ ဆန့်ကျင်ဘက်ကိုပြု၍ နေကြကုန်သော ပုဂ္ဂိုလ်တို့ အား။ ဒိဋ္ဌဝိသော၊ မျက်စောင်းထိုးရုံနှင့် ဖွဲပြာကျခြင်းကို ဖြစ်စေတတ်သော။ အာသီဝိသော၊ လျင်သောအဆိပ်ရှိသော မြွေကြီးသည်။ တံ နရံ၊ ထိုသူကို။ ဗျာပေတိယထာ၊ ဖွဲပြာ ကျအောင် ရှို့မြိုက်စေတိသကဲ့သို့။ ဧဝံ၊ ပမာနည်းယူ ထို့ အတူသာလျှင်။ သာသနေန၊ သဒ္ဓမ္မသုံးဖြာ သာသနာတော် မြတ်ကြီးနှင့်။ ဝိရုဒ္ဓါနံ၊ ဆန့်ကျင်ဘက် ပြောင်းပြန်ဖြစ်နေ တဲ့ သူတို့အတွက်။ သာသနံ၊ သာသနာတော်မြတ်ကြီးသည်။ ဟလာဟလံ၊ လောလော လတ်လတ် သေစေတတ်သော။ ဝိသံ၊ အဆိပ်အိုးကြီးနှင့် တူလှပါပေ၏။

သာသနာတော်ကို ပရိယတ္တိစည်းကမ်းနှင့်အညီ ကျင့်သုံးနေတာမှတပါး ပရိယတ္တိစည်းကမ်းကို ကျော်လွန်ပြီးသကာလ ပြုလုပ်တဲ့ လုပ်ငန်းမျိုးလို့ဆိုယင် ဘုရားသာသနာတော်ကြီးကို လွန်ဆန်ပြီးတော့ လုပ်တဲ့လုပ်ငန်းမျိုး ဖြစ်မယ်မဟုတ်လား၊ 'မှန်ပါဘုရား' ကျင့်တယ် ကျင့်တယ်ဆိုပေမဲ့-

"ဒုပ္ပဋိပန္နော ဟိ သာသနံ ဘိန္ဒန္တော သတ္ထု ဓမ္မသရီရံ ပဟာရံ ဒေတိ နာမ"

ဒုပ္ပဋိပန္နဖြစ်အောင်မကောင်းသဖြင့် ကျင့်နေပြန်ယင်၊ သို့မဟုတ် ပရိယတ္တိ စည်းကမ်းနဲ့ညီအောင် မကျင့်ယင် ဒုပ္ပဋိပန္နဖြစ်တယ်၊ 'မှန်ပါဘုရား'ဒုပ္ပဋိပန္နဖြစ်ယင် ဒီသာသနာတော်ကို သုံးနေတဲ့ပုဂ္ဂိုလ်တွေဟာ အဆိပ်သဖွယ် သုံးနေတာဘဲတဲ့၊ ဒါကြောင့်ဘုန်းကြီးတို့ အမျိုးကောင်းသားတွေအမျိုးကောင်းသမီးတွေ ဒါနကုသိုလ်ကိုပြုတဲ့ နေရာမှာ သီလကုသိုလ်ကို ဆောက်တည်တဲ့နေရာမှာ သမထ ဝိပဿနာတွေကို ရှုပွားတဲ့ နေရာဌာနမှာ ပါဠိတော်စည်းကမ်းအရ အသုံးပြုကြမယ်ဆိုယင် နတ်ဆေး၊ 'မှန်ပါဘုရား' ပါဠိတော်စည်းကမ်းကျော်လွန်ပြီး သုံးမယ်ဆိုယင်တော့၊ 'အဆိပ်ပါဘုရား' ဟုတ်လား၊ "မှန်ပါ"။

အဆိပ်လိုသုံးပုံသဘောပေါက်ပြီ မဟုတ်လား၊ 'ပေါက်ပါတယ်ဘုရား'၊ အဆိပ် အဆိပ်။ ပြောမယ်ဆိုယင်တော့ ပြောစရာတွေ ပါဠိတော်တွေမှာ ဟုတ်လား။

သာသနေန၊ ဗုဒ္ဓမြတ်စွာသာသနာတော် မြတ်ကြီးနှင့်။ ဝိရုဒ္ဓါနံ၊ ဆန့်ကျင်ဘက်ပြောင်းပြန် ကျင့်၍နေကြကုန်သော ပုဂ္ဂိုလ်တို့အတွက်။ 'ဥပမာ ဘယ်လိုလဲ' ဒိဋ္ဌိဝိသော၊ မျက်စောင်းထိုးရုံကာမျှနှင့် တဘက်သားသတ္တဝါ ဖွဲ့ပြာဖြစ်၍သွားခြင်းငှာ စွမ်းနိုင်သော။ အာသီဝိသော၊ လျင်သော အဆိပ်ရှိသော မြွေကြီးသည်။ တံ နရံ၊ ထိုသူကို။ ဈာပေတိယထာ၊ ဖွဲ့ပြာကျအောင်လောင်စေတိသကဲ့သို့။ ဧဝံ၊ ပမာနည်းယူ ထို့အတူ သာလျှင်။ သာသနေန၊ သာသနာ တော်နှင့်။ ဝိရုဒ္ဓါနံ၊ ပြောင်းပြန်ဆန့်ကျင်၍ နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အတွက်။ သာသနံ၊ သာသနာတော်ကြီးသည်။ ဟလာဟလံ၊ လောလောလတ်လတ်သေစေတတ်သော။ ဝိသံ၊ အဆိပ်သဖွယ်ဖြစ်ပါပေ၏။

မလုပ်ကြနဲ့နော်၊ 'မှန်ပါဘုရား' ကာမဂုဏ်ငါးပါးလိုက်စားတာ ဘုရားက ကြိုက်ကဲ့လား၊ 'မကြိုက်ပါဘူးဘုရား' အဲဒီတော့ သာသနာတော်နဲ့ဖြောင့်ဖြောင့် ဆန့်ကျင်တဲ့လူတွေလား ဘာလုပ်နေတဲ့လူတွေလဲ။ ဒီတော့ သာသနာတော်ကို ဘာအတွက်သုံးနေတာလဲ။ သာသနာကို မှီခိုပြီး သကာလ လာဘ် လာဘတွေ တိုးပွားအောင် ဟုတ်လား၊ ကျောင်းကောင်းကောင်းရအောင် သင်္ကန်းကောင်း ကောင်းရအောင် ဆေးပစ္စည်းတွေ ကောင်းကောင်းရအောင် ဒကာ ဒကာမ ပရိသတ် ဆည်းကပ်ကိုးကွယ်ကြည်ညိုသူတွေ များလာအောင် အသုံးပြုမယ်ဆိုယင် အဆိပ်၊ ဟုတ်လား၊ "မှန်ပါဘုရား"။

လာဘ်လာဘ များတယ်ဆိုတာက မြွေကွဲ့၊ "မှန်ပါ" ကျေးဇူးရှင် တိပိဋကဓရ ဆရာတော်ဘုရားကြီးနဲ့ သထုံမှာ တခါတွေ့တယ်၊ ညောင်ရွေမှာ တခါတွေ့တယ်၊ တောင်ကြီးမှာ တခါတွေ့တယ်။ တွေ့ခဲ့တော့ ဆရာတော် ဘုရားကြီးနဲ့ စကားဆိုရင်း ဘာပြောသလဲဆိုတော့ သူ့ တိပိဋကဓရပူဇော်ပွဲနဲ့ ပတ်သက်ပြီးတော့ ငွေရတုသဘင် မန္တလေးမှာလုပ်ထာငွေ သုံးသိန်းခွဲ ကျော်ကျော်လောက် ရတယ်တဲ့၊ တချိ့ထဲ အဲဒါလောက်ရတော့ ထူးကြီးဆရာတော်လဲ ဒါလောက် ရနေတယ်လို့ မထင်ကြနဲ့နော်၊ ဒီက တခါတလေ ဘာမှရတာ မဟုတ်ဘူး။ ဟုတ်လား၊ "မှန်ပါဘုရား" သုံးသိန်းခွဲရတယ် ဒီတော့ ဆရာတော်ကြီးက ပြောတယ် ထူးကြီးဆရာတော်တဲ့ အဲဒါ အင်မတန် အဆိပ်ပြင်းတဲ့ မြွေကြီးတွေတဲ့၊ အင်မတန် အဆိပ်ပြင်းတဲ့ မြွေကြီးတွေတဲ့၊ "မှန်ပါ"။

ဒီ ငွေထုပ်ကြီး လက်ညှိုးထိုးပြီး အဲဒါကို သူက သဒ္ဓါ ပညာဟု ဆိုအပ်သော ညှပ်ကြီးနှစ်ချောင်းနဲ့ အဲဒီမြွေကြီး နာနာညှပ်ပြီးတော့ နိကာယ်ငါးရပ်ဟူသော အထုပ်ကြီးထဲ ထည့်လိုက်ပြီတဲ့။ မြွေ ဟုတ်လား၊ "မှန်ပါဘုရား" လာဘ်လာဘလို့ဆိုတာ မြွေကွဲ့၊ "မှန်ပါဘုရား" တကာ တကာမတွေ သိပ်များတယ် လာဘ်လာဘတွေ သိပ်ပေါများတယ်ဆိုတာ အားကျသလား၊ "အားကျပါတယ်ဘုရား" အေး အဲဒါ မြွေတွေ၊ အဲဒီ ပုဂ္ဂိုလ်ကို မြွေတွေ ဝိုင်းနေတာ၊ အကိုက်ခံရတော့ နီးပြီ၊ ဟုတ်လား၊ "မှန်ပါ" အခုနင်က သီဟိုဠ်ကျွန်းက ကိုယ်တော်ကလေး ဘယ့်နှယ်ဖြစ်သွားသလဲ၊ "သေသွားပါတယ်

ဘုရား” အဆိပ် သင့်သွားပြီ၊ သီဟိုဠ်ကျွန်းက ကိုယ်တော် ကလေးနော်၊ “မှန်ပါ”။

အဲဒါ ခုနင်ကပြောတဲ့ စာတုမသုတ္တန်အရလို့ဆိုယင်သုသုံ က ဘာယ တဲ့ ဟုတ်လား၊ “မှန်ပါဘုရား”။

“သုသုကာဘာယန္တိ ခေါ ဘိက္ခဝေ မာတုဂါမဿေတံ အမိဝစနံ”

မာတုကာမတွေရဲ့အမည် ဒီတော့ ဘုန်းကြီးတို့ အမျိုး ကောင်းသားတွေ သမီးတွေ အဆိပ်ဖြစ်အောင် မသုံးကြနဲ့ နော်၊ အဆိပ်ဖြစ်အောင် မသုံးကြနဲ့နော်၊ “မှန်ပါ” သဘော ပေါက်ပလား၊ “ပေါက်ပါတယ်ဘုရား”။

အေး အဲဒီတော့ ဘုန်းကြီးတို့ အမျိုးကောင်းသားတွေ သမီးတွေ သာသနာကို မသုံးတတ်ယင် အဆိပ်ကွဲ့ နော်၊ “မှန်ပါ”။

သာသနေန ဝိရဒ္ဓါနံ၊ ဝိသံ ဟလာဟလံ ယထာ။
အာသီဝိသော ဒိဋ္ဌဝိသော၊ ဧဝံ ဗျာပေတိ တံ နရံ။

သာဓေဝါ၊ နှလုံးပျော့ပျောင်း အို အမျိုးကောင်းသား သမီးအပေါင်း သူတော်ကောင်းတို့။ သာသနေန၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးနှင့်။ ဝိရဒ္ဓါနံ၊ ဆန့်ကျင်ဘက်ပြု၍ နေကြ ကုန်သော ပုဂ္ဂိုလ်တို့အတွက်။ ဒိဋ္ဌဝိသော၊ မျက်စောင်းထိုး ရုံမျှနှင့် ဖွဲ့ပြာကျစေတတ်သော။ အာသီဝိသော၊ လျင်သော အဆိပ်ရှိသောမြွေသည်။ တံ နရံ၊ ထိုသူကို။ ဗျာပေတိ ယထာ၊

ဖွဲ့ပြာကျစေသကဲ့သို့။ သာသနေန၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးနှင့်။ ဝိရုဒ္ဓါနံ၊ ဆန့်ကျင်ဘက်ပြု၍ နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အား။ ဝါ၊ မြတ်စွာဘုရားရဲ့ ပါဠိတော်ကြီးကို ဆန့်ကျင်ဘက်ပြုလုပ်၍ နေကြကုန်သော ပုဂ္ဂိုလ်တို့အတွက်။ ဟလာဟလံ၊ လောလောလတ်လတ် သေစေတတ်သော။ ဝိသံ၊ အဆိပ်ပါပေတည်း။

ပါဠိတော်တွေကို သဘောပေါက်ကဲ့လား၊ 'ပေါက်ပါတယ်ဘုရား'၊ ရိပ်ကောရိပ်မိရဲ့သား၊ "ရိပ်မိပါတယ်ဘုရား"။

သာသနေန၊ မြတ်စွာဘုရားဟောတဲ့ ပါဠိတော်ကြီးနှင့်။ ဝိရုဒ္ဓါနံ၊ ဆန့်ကျင်ဘက် ပြော၍ ဟော၍ နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့အတွက်။ သာသနံ၊ သာသနာတော် မြတ်ကြီးသည်။ ဟလာဟလံ၊ လောလော လတ်လတ် သေစေတတ်သော။ ဝိသံ၊ အဆိပ်ကြီးပါပေတည်း။

သဘောပေါက်ပလားကွဲ့၊ 'မှန်ပါဘုရား'၊ အေး-မှန်ပါချည်းထဲတဲ၊ ဘာပေါက်သာလဲ မေးစမ်းပါအုန်း၊ အဆိပ် 'အဆိပ်ပါဘုရား'၊ အင်း အဆိပ်နော်၊ အဲဒါကြောင့် အဆိပ်သင့်လို့ သေတယ်ဆိုတာ ဒီတဘဝတဲကွဲ့၊ 'မှန်ပါ'၊ သာသနာတော် ဆန့်ကျင်ဘက်ဖြစ်လို့ သေတယ်ဆိုတာဟာ ကမ္ဘာပေါင်း ကုဋေ ကာလပတ်လုံး သေအုံးမှာတဲ့ဗျား၊ ပါဠိတော်က နော်၊ 'မှန်ပါ'၊ ကမ္ဘာပေါင်း ကုဋေ ကာလပတ်လုံး သွားအုန်းမှာတဲ့၊ အမျိုးကောင်းသားများ သမီးများ ဘုရားတွေဦးချပြီးတော့ ကမောက်ကမတွေမလုပ်နဲ့နော် 'မလုပ်ပါဘူးဘုရား'၊ မလုပ်နဲ့နော်၊ "မှန်ပါ"။

အေး အဆိပ်ကို သောက်လို့သေယင် ဘယ်နှစ်သက်သေ ရမတုန်း၊ 'တသက်ပါဘုရား'၊ သာသနာတော်ရဲ့ ပါဠိတော် တွေ ဆန့်ကျင်ဘက်ပြောလို့ သေယင် ဘယ်နှစ်ကမ္ဘာ သေရ မတုန်း၊ 'ကမ္ဘာပေါင်းကုဋေ သေရမှာပါဘုရား'၊ ဘယ်သူ ကလဲ၊ ဒါထူးကြီး ဆရာတော်ရဲ့ စကားမဟုတ်ဘူးနော်၊ 'မှန်ပါဘုရား'၊ ဒီတော့ ဘုန်းကြီးတို့ပရိသတ်က ထူးကြီး ဆရာတော်က ဒီလိုဟောတယ်လို့ မပြောကြပါနဲ့၊ ထူးကြီး ဆရာတော် ဟောတာမဟုတ်ဘူး။ ဥပါလိထေရာ အပဒါန် ပါဠိတော်မှာ ဥပါလိထေရ ဂါထာမှာ ဒီဂါထာတွေပါတယ် "မှန်ပါဘုရား"။

သကိံ ပိတံ ဟလာဟလံ၊ ဥပရုန္ဓတိ ဇီဝိတံ။
သာသနေန ဝိရုဇ္ဈိတွာ၊ ကပ္ပကောဋိမှိ ဍယှတိ။

သကိံ၊ တကြိမ်။ ပိတံ၊ သောက်အပ်သော။ ဟလာဟလံ၊ လောလော လတ်လတ် သေစေတတ်တဲ့ အဆိပ်သည်။ သကိံ၊ တချက်သော။ ဇီဝိတံ၊ အသက်ကို။ သကိံ ဇီဝိတံ၊ တဘဝ တသက်တာကို။ ဥပရုန္ဓတိ၊ ဖြတ်တောက် သတ်ဖြတ် ၍ ပြစ်နိုင်၏။

တကြိမ်သောက်တဲ့အဆိပ်သည် တကြိမ်တဲ အသက် တချောင်းတဲ သူကသတ်လို့ရတယ်၊ "မှန်ပါဘုရား"။

သာသနေန၊ ပါဠိတော်လို့ဆိုတဲ့ သာသနာတော်ကြီး နှင့်။ ဝိရုဇ္ဈိတွာ၊ ဆန့်ကျင်ဘက် ဟောကြ ပြောကြ ကျင့်ကြ လေသောကြောင့်။ ကပ္ပကောဋိမှိ၊ ကမ္ဘာပေါင်း ကုဋေတို့

ကာလပတ်လုံး။ ဥယျာဉ်တို၊ ဌေရဲတိရစ္ဆာန် ပြိတ္တာ အသုရကာယ် အပါယ်လေးဘုံ၌ အပါယ်မီးလောင်ကျွမ်း၍ အခါခါ သေကြရကုန်တော့သတည်း။

သာဓု သာဓု သာဓု

အဆိပ်သောက်လို့သေယင် ဘယ်နှစ်သက်သေရမလဲ၊ "တသက်ပါဘုရား"။ ပါဠိတော်တွေကို ပုတ်ခတ်လို့- ပါဠိတော်တွေဆက်လွန်သွားပြီးတော့ ဆန့်ကျင်ဘက်လုပ်ယင် ကိုင်း— ဘယ်နှစ်သက် သေရမှာတုန်းကွဲ့၊ "ကမ္ဘာပေါင်း ကုဋေ ကုဋာ သေမှာပါဘုရား"။ ကမ္ဘာပေါင်းကုဋေကုဋာ အပါယ်လေးပါး၌ နှစ်မြုပ်လိမ့်အုံးမယ် တဲ့။ ဒါကြောင့် ဘုန်းတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ရဲ့ ပါဠိတော်ဆိုတဲ့ မူကတော့-ဟုတ်လား-

ခန္တိယာ အဝိပါ သေးယ၊ မေတ္တာစိတ္တတောယ စ။
သဒေကော် သော တာရေတိ၊ တာသွာ ဝေါ အဝိရော ဓိယာ။

ဒါကြောင့်- သာသနာသုံးနည်းလေးမျိုးတော့ ပြီးသွားပြီနော်၊ 'မှန်ပါ' အဲဒီလို ဆန့်ကျင်ဘက်ကြီး နဲ့ မလုပ်ကြပါနဲ့- ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို ဆန့်ကျင်ဘက် မလုပ်ကြပါနဲ့၊ ယုပ်တိုလဲမကောင်းဘူး ဆိုတဲ့ အကြောင်းကိုလေ၊ "မှန်ပါဘုရား"

သောတာဂဝ ါ၊ထိုဘုန်းတော်ရောင်ဝင်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။

ခန္တိယာ၊ ပြောသမျှ ဆိုသမျှ လုပ်သမျှတွေကို သည်းခံခြင်းဆိုတဲ့ ခန္တိတရားကို လက်ကိုင်ထားသဖြင့်ရင်း။

အဝိဟေသာယ စ၊ သူတို့ကို ပြန်လှန်ပြောဆို ညှဉ်းဆဲခြင်းအမှုကို မပြုသဖြင့်ရင်း။ မေတ္တာစိတ္တ ဝတာယ စ၊ မေတ္တာစိတ်ဓါတ် အကျင့်မြတ် ရှိသည်၏အဖြစ်ဖြင့်ရင်း။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လူအပေါင်းကို။ တာရေတိ၊ တရားဟောသဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကယ်ဆယ်တော်မူတတ်ပေ၏။ တသ္မာ၊ ထို့ကြောင့်။ ဗုဒ္ဓါ၊ ပါဠိတော်များ ဟောကြားတော်မူတဲ့ ဘုရားရှင်နှင့်တကွသော သုတဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်များကို။ ခေါ်တုမှုဟိ၊ တရားဟောတရားနာ ပရိသတ်အပေါင်း သင်သူတော်ကောင်းတို့သည်။ အဝိရောမိယာ၊ ဆန့်ကျင်ဘက်ဖြစ်အောင် ကမောက်ကမ မလုပ်ကောင်းရာ။

အဝိရောမိယာ လို့ အပဒါန်အဋ္ဌကထာ ကဟော့ပြောတယ် "မှန်ပါ"

လုပ်ကောင်းပါ့မလားကွဲ့၊ "မလုပ်ကောင်းပါဘုရား"။ "မလုပ်ကောင်းဘူး။ ဘုရားရှင်နှင့်တကွ သုတဗုဒ္ဓတွေ ဒီလိုဗုဒ္ဓတွေကလေ-

လာဘာလာဘေ နသဇ္ဇန္တိ၊ သမ္မာနန ဝိမာနနေ။
ပထဝီ သဒိသာ ဗုဒ္ဓါ၊ တသ္မာ တေ န ဝိရောမိယာ။

ဗုဒ္ဓါ၊ သုတဗုဒ္ဓ, စတုသစ္စဗုဒ္ဓ, ပစ္စေကဗုဒ္ဓ, သမ္မာသမ္ဗုဒ္ဓ လို့ဆိုတဲ့ ဘုရားရှင်ကိုယ်တော်မြတ်တို့သည်။

သုတဗုဒ္ဓ- ပါဠိတော်တွေ ဟောနေတဲ့ ကိုယ်တော်တွေ ပါတယ်နော် "မှန်ပါ"

ဗုဒ္ဓေါ၊ သုတဗုဒ္ဓလို့ ခေါ်တဲ့ဘုရားရှင်ကိုယ်တော်မြတ်တို့သည်။ ဝါ၊ သုတဗုဒ္ဓ စသော ဗုဒ္ဓအပေါင်းတို့သည်။ လာဘာလာဘေ၊ လာဘ်ရခြင်း မရခြင်း၌။ နသဇ္ဇန္တိ၊ မကပ်ငြိကြလေကုန်။

လာဘ်သာဘ ရသည်ဖြစ်စေ မရသည်ဖြစ်စေ၊ တကာတကာမ တိုးပွါးသည်ဖြစ်စေ မတိုးပွါးသည်ဖြစ်စေ ပရိသတ်များသည်ဖြစ်စေ နဲသည်ဖြစ်စေ ဘာမျှမကပ်ငြိဘူး။ "မှန်ပါဘုရား"။

သမ္မာနန ဝိမာနနေ၊ အရှိန်အဝါ အသိုင်းအဝိုင်းတွေနှင့် ရိုသေလေးမြတ် ပူဇော်ခြင်းမပူဇော်ခြင်းဆိုတဲ့ သဘော၌။ နသဇ္ဇန္တိ၊ ကပ်ငြိတော်မမူကြကုန်။

သဘောပေါက်ကဲ့လားကွဲ့၊ 'ပေါက်ပါတယ်ဘုရား'။

သမ္မာနန ဝိမာနနေ၊ ပရိသတ်တွေ စည်ကားခြင်း ပရိသတ်တွေ နည်းပါးခြင်း ကြည်ညိုသူ တကာ တကာမတွေ ပေါခြင်း ကြည်ညိုသူ တကာ တကာမတွေ နည်းပါးခြင်း ကိုယ့်ကို နှိမ်ချခြင်း ချီးမြှောက်ခြင်းဆိုတဲ့ သဘောတရားတို့၌။ န သဇ္ဇန္တိ၊ သုတဗုဒ္ဓစသော ဘုရားကိုယ်တော်မြတ်တို့သည် ကပ်ငြိတွယ်တာတော်မမူကြကုန်။

သုတဗုဒ္ဓတွေက၊ 'မှန်ပါ' ပါဠိတော်တွေကို ဟောနေတာ သုတဗုဒ္ဓတွေနော်၊ "မှန်ပါဘုရား' အဲဒီ သုတဗုဒ္ဓတွေက

သူတို့ကို နှိမ်ချချင်နှိမ်ချ၊ ချီးမြှောက်ချင်ချီးမြှောက်၊ သူတို့ လာဘ်လာဘ ပေါချင်ပေါ မပေါချင်နေ၊ တကာတကာမ များချင်များ မများချင်နေ၊ ပရိသတ် စည်ချင်စည် မစည်ချင်နေ၊ အသိုင်းအဝိုင်းတွေ များချင်များ မများချင်နေ၊ သူတို့ ဘာမှ တာတေ့ မကပ်ငြိဘူး။ သုတဗုဒ္ဓများက၊ "မှန်ပါ ဘုရား"။

"ပထဝီသဒိသာ ဗုဒ္ဓါ"

ဗုဒ္ဓါ၊ သုတဗုဒ္ဓ စသော ဘုရားရှင် ကိုယ်တော်မြတ်တို့ သည်။ ပထဝီသဒိသာ၊ မြေကြီးနှင့် တူလှပါပေကုန်၏။

မစင်တွေစွန့်ချလဲ မြေကြီးက လက်ခံတာဘဲ။ စိန်တွေ ရွှေတွေပုံထားလဲ မြေကြီးက လက်ခံတာဘဲ၊ ဟုတ်လား၊ 'မှန်ပါ' အညစ်အကြေးတွေပုံထားတော့၊ 'လက်ခံပါတယ် ဘုရား' ရတနာတွေပုံထားတော့၊ 'လက်ခံပါတယ်ဘုရား'။

"ပထဝီသဒိသာ ဗုဒ္ဓါ၊ တသ္မာ တေ န ဝိရောဓိယာ"

ဗုဒ္ဓါ၊ သုတဗုဒ္ဓ စတဲ့ ဘုရားကိုယ်တော်မြတ်တို့သည်။ ပထဝီသဒိသာ၊ မြေကြီးသဖွယ် ဖြစ်ကြပါကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသုတဗုဒ္ဓ စတဲ့ ဘုရားကိုယ်တော်မြတ် တို့ကို။ န ဝိရောဓိယာ၊ ဆန့်ကျင်ဘက် မလုပ်ထိုက်ကုန်။

လုပ်ထိုက်ပါ့မလား၊ 'မလုပ်ထိုက်ပါဘုရား' မလုပ်ထိုက် ဘူးနော်။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးများ ကျတော့ ဒီထက်ပိုပြီးတော့ ကြည်ညိုစရာ ကောင်းလာတယ်၊ 'မှန်ပါ

ဘုရား’ ဒါပါဠိတော်တွေ ဟောနေတဲ့ ဓမ္မကထိကတွေကို ဆန့်ကျင်ဘက်မလုပ်ဘို့၊ ကြည်ညိုတတ်ဘို့ ဟောပေးခဲ့တာ၊ ‘မှန်ပါဘုရား’ နော်၊ သဗ္ဗညုမြတ်စွာဘုရားကိုယ်တော်မြတ်ကြီးကျတော့=

ဒေဝဒတ္တေ စ ဝဓကေ၊ စောရေ အင်္ဂုလိမာလကေ။
ရာဟုလေ ဓနပါလေ စ၊ သဗ္ဗေသံ သမနော မုနိ။

သတ်မယ်လို့လာတဲ့ ဒေဝဒတ်ကိုရင်း ဓါးနဲ့လိုက်နေတဲ့ အင်္ဂုလိမာလ ခိုးသားကြီးကိုရင်း သားတော် ရာဟုလာကိုရင်း ဓနပါလ အမည်ရတဲ့ နာဠာဂိရိဘောင်ရှိန်းနိမ်း ဆင်ကြမ်းကြီးကိုရင်း အဲဒါ အတူတဲ့တဲ့၊ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးများ မေတ္တာထားဘော်မူတယ်၊ ဟုတ်လား၊ မေတ္တာထားတော်မူတာနော် ကရုဏာမေတ္တာသာ ထားတာ။ ပဋိဃနဲ့ ရာဂ မရှိဘူးကွဲ့ မြတ်စွာဘုရား၊ “မှန်ပါ”။

ဧတေသံ ပဋိဃော နတ္ထိ–တဲ့၊ အေး–ဒီဂါထာလေး ပြီးယင် တော်ကြပါစို့နော် ‘မှန်ပါ’။

ဧတေသံ ပဋိဃော နတ္ထိ၊ ရာဂေါ မေသံ န ဝိဇ္ဇတိ။
သဗ္ဗေသံ သမကော ဗုဒ္ဓေါ၊ ဝဓကဿော ရသဿစ။

ဧတေသံ၊ ထိုသားတော်ရာဟုလာ ရှင်ဖတော်ဘုရားကို သတ်မယ်လို့လာကြတဲ့ ဒေဝဒတ် နာဠာဂိရိဆင် အင်္ဂုလိမာလ လို့ဆိုတဲ့ လူသတ်သမားတို့အပေါ်၌။ ပဋိဃော၊ ရန်ငြိုးဖွဲ့ခြင်း ပြစ်မှားခြင်းဆိုတဲ့ ဒေါသသည်။ နတ္ထိ၊ မရှိ။

သူတို့အပေါ် ရန်ငြိုးလဲမဖွဲ့ဘူး။ 'မှန်ပါ' ဘယ်သူဘယ်လို ပြောပြော အဲဒီပုဂ္ဂိုလ်တွေအပေါ်မှာ ရန်ငြိုးလဲမဖွဲ့ဘူး။ ဟုတ်လား၊ "မှန်ပါ"။

နေသံ၊ ထိုသတ္တဝါ အပေါင်းတို့အပေါ်၌၊ ဝါ၊ရာဟုလာ တည်းဟူသော ရင်နှစ်သည်းချာ သြရသဖြစ်သော သားရတနာနှင့် သတ်မယ်လို့လာတဲ့ ဒေဝဒတ်တို့ အင်္ဂုလိမာလ တို့ဆိုတဲ့ ဤသတ္တဝါတို့အပေါ်၌။ ရာဂေါ၊ စွဲလန်းခြင်း ချစ်ခင်ခြင်း နှစ်သက်ခြင်းဆိုတဲ့ ရာဂသည်။ န ဝိဇ္ဇတိ၊ မရှိ။ ဗုဒ္ဓေါ၊ သစ္စာလေးပါး တရားသိမြင် သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်။ ဝဓကေသု၊ ရှင်တော်ဘုရားကို သတ်မယ်လို့လာတဲ့ သူသတ်ယောကျ်ားတို့ရင်း၊ သြရသသား စ၊ ရာဟုရင်သွေး သားတော်ကလေးအပေါ်၌ရင်း။ သဗ္ဗေသံ၊ အလုံးစုံကုန်သော သတ္တဝါအပေါင်းတို့အား။ ဝါ၊ အလုံးစုံသော သတ္တဝါတို့၏အပေါ်၌။ သမကော၊ အညီအမျှကျင့်တော်မူပါပေ၏။

အတူတူဘဲတဲ့နော်၊ 'မှန်ပါဘုရား' အဲဒါကြောင့် သင်အမျိုးကောင်းသား သမီးအပေါင်းသူတော်ကောင်း တို့သည် ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးကို စင်ကြယ်သန့်ရှင်းစွာနဲ့ စည်ကားတိုးတက်အောင်မွေ့ကထိကအရှင်ကောင်းအရှင်မြတ် တို့နှင့်တကွ စာချမွေ့စရိယလို့ခေါ်တဲ့ သုတဗုဒ္ဓ အရှင်မြတ်တွေကလဲ သာသနာ့မှီခို ကြည်ညိုကြတဲ့ ပုဂ္ဂိုလ်တွေကို စောင့်ရှောက်တော်မူနိုင်ကြပါစေ၊ ဟုတ်လား 'မှန်ပါဘုရား'

သာသနာမှိခို၍ ကြည်ညိုလေးစား လူအများတို့လည်း တနေ့တခြားကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံ၍ သာသနာကော်ကြီးကို စင်ကြယ်သန့်ရှင်းအောင် တိုးတက်အောင် စည်ကားအောင် ပြုစုပွားများအားထုတ်နိုင်ကြပါစေ၊ အားထုတ်နိုင်အောင် အလုံးစုံသော နတ်အပေါင်းတို့ကလဲ စောင့်ရှောက်တော်မူနိုင်ကြပါစေလို့ ရွတ်ရင်းစွဲဂါထာ ဟောပြီး နိဂုံးချုပ်ဒေသနာတရား သိမ်းကြစို့ ဟုတ်လား၊ 'မှန်ပါဘုရား'။

သာသနသ္မ စ လောကဿ၊ ဝုဍ္ဎိ ဘဝတု သဗ္ဗဒါ။
သာသနမ္ပိ စ လောကဉ္စ၊ ဒေဝါ ရက္ခန္တု သဗ္ဗဒါ။

သာသနဿ စ၊ တို့အဖဘုန်းဘုရားက တို့ပြေမှာ သုံးစားတော့လို့ အဆုံးစကားဖြင့် အမှာတော်သတ်ပြီးထားခဲ့တဲ့ သုံးပါးသော သာသနာတော်မြတ်၏ရင်း။ လောကဿ၊ သာသနာ ဘာသာ အတွင်းတွင် ကမ္ဘာမှာ ဗမာရယ်လို့ စာလွှာသွင်းထားကြတဲ့ ဟောဒီ သာသနာမှိခို၍ ကြည်ညိုလေးစား လူအများ၏ရင်း။ ဝုဍ္ဎိ၊ တနေ့တခြား ကြီးပွါးတိုးတက်ခြင်းသည်။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ဘဝတု၊ မုချမသွေ ဖြစ်ပါစေသတည်း။

သာသနမ္ပိ စ၊ မင်္ဂလ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်ထ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကိုရင်း။ လောကဉ္စ၊ သာ—သနာရိပ်တွင် အခါခါ အိပ်ပြီးတော့ ကမ္ဘာ့အတိတ်သဒ္ဓါဟိတ်ကြောင့် မဟာမိတ်တူငြား လူအများကိုရင်း။ ဒေဝါ၊

အရှာရှာ အလီလီကြွကြွပြီးတော့ သမ္မာဒေဝါရယ်လို့ နာမ ကျော်ကြားနတ်အများတို့သည်။ ရက္ခန္တု၊ ကိုယ်စီ ကိုယ်စီ ထိုထိုပြည်သို့=(“စမ္မကထိကတော့-မှန်ပါ”) ရက္ခန္တု၊ ကိုယ်စီ ကိုယ်စီ ထိုထိုပြည်သို လှည့်လည်ဖြန့်သွား အစဉ်အားဖြင့် ထင်ရှားမသေ့ စောင့်ရှောက်တော်မူနိုင် ကြပါစေကုန် သတည်း။ ။

သာဓု　　သာဓု　　သာဓု

တရားတော်ပြီးပြီ။

## တရားပွဲသိမ်း ဂါထာများ

ဣတိ ဓမ္မံ ဒေသေန္တေန၊ ယံ တံ အဓိဂတံ မယာ။
ပုညံ တဿာနုဘာဝေန၊ လောကနာထဿ သာသနံ။
ဩဂါဟေတွာ ဝိသုဒ္ဓါယ၊ သီလာဒိ ပဋိပတ္တိယာ။
သဗ္ဗေပိ ဒေဟိနော ဟောန္တု၊ ဝိမုတ္တိရသဘာဂိနော။

ဣတိ ဣမိနာ အနုက္ကမေန၊ ဤသို့ ဟောကြားခဲ့ပြီးသော သာသနာတော်ကို ကျင့်သုံးပုံ နည်းပြ တရားဒေသနာတော် အစဉ်ဖြင့်။ ဓမ္မံ၊ ဥပါလိထေရာပဒါန်နှင့် ဥပါလိထေရဂါထာ ပါဠိတော်လာ တရားဂါထာ ဒေသနာမှ အဖြာဖြာသော တရားတော်လို။ ဒေသေန္တေန၊ အနှစ်အဆီ ဝမ်းသားဆေး သက်စောင့်နတ်ဆေး စသည့် ကျင့်ပုံကျင့်နည်းကို လိုလားကြတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ အတွက် ဟောကြား၍ ပေးရသော။ မယာ၊ ငါသည်။ ယံ တံ ပုညံ၊ အကြင်ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ မျှားမြတ်လှသော ဓမ္မဒါန မဟာကုသိုလ်ထူးကြီးကို။ အဓိဂတံ၊ ကောင်းစွာ မသွေ ရခဲ့ပါပြီ။ တဿ ပုညဿ၊ ထိုသို့ဆည်းပူး၍ ဟောပေးရတဲ့ ဓမ္မာနုဂ္ဂဟ ဓမ္မဒေသနာ ဓမ္မဒါန ကုသိုလ်ထူး၏။ အာနုဘာဝေန၊ စွမ်းပကားရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒေဟိနော၊ ခန္ဓာ ငါးပါးရှိကြကုန်သော သတ္တဝါ အပေါင်တို့သည်။ လောကနာထဿ၊ လူသုံးပါးတို့၏ ကိုးစား

မှီခိုရာ ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သာသနာ၊ မဂ်ဖိုလ် ဆုံးတိုင် ဆောင်ရွက်နိုင်ဘိ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓဖြစ်သော ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ ဝိသုဒ္ဓါယ၊ အထူး သဖြင့် စင်ကြယ်လှစွာသော။ သီလာဒိ ပဋိပတ္တိယာ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး အကျင့်တရားတည်းဟူသော မဂ္ဂင်ရှစ်တန် အကျင့်မှန်ဖြင့်။ သြဂါဟေတွာ၊ သက်ဝင် ယုံကြည်ကြကုန်သည်ဖြစ်၍။ ဝိမုတ္တိရသဘာဂိနော၊ ဝိမုတ္တိ ရသလို့ ခေါ်တဲ့ လွတ်လပ်ရေးအရသာကို ခံစားစံစားနိုင် ကြကုန်သည်။ ဟောန္တု၊ ကောင်းစွာမနေသူ ဖြစ်ကြပါစေ ကုန်သတည်း။

သာဓု　　သာဓု　　သာဓု။

## ဆုတောင်းပတ္ထနာ နှစ်ဂါထာပါဠိအနက်

စီရံ တိဋ္ဌတု လောကသ္မိံ၊ သမ္မာသမ္ဗုဒ္ဓ သာသနံ။
တသ္မိံ သဂါရဝါ နိစ္စံ၊ ဟောန္တု သဗ္ဗေပိ ပါဏိနော။
သမ္မာ ဝဿတု ကာလေန၊ ဒေဝေါ ပိ ဇဂတီပတိ။
သဒ္ဓမ္မနိရတော လောကံ၊ ဓမ္မေနေဝ ပသာသတု။

ယခု ဘုန်းကြီး ရွတ်လိုက်တာကတော့ အဋ္ဌကထာဆရာ အရှင်ဓမ္မပါလမထေရ် ရေးတဲ့ ဆုတောင်းပတ္ထနာ နှစ်ဂါထာ ပါဘဲ။

သမ္မာသမ္ဗုဒ္ဓသာသနံ၊ မဂ်ဖိုလ်ဆုံးတိုင် ဆောင်ရွက်နိုင်သ သဒ္ဓမ္မသုံးဖြာ မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီး

သည်။ လောကသို့၊ လူ့ပြည် နတ်ရပ် သောကဓာတ်တခွင်လုံး၌။ စိရံ၊ နှစ်ပေါင်းမြားမြောင် အားခေါင်ရှည်ကာ ကြာမြင့်စွာသော ကာလပတ်လုံး။ တိဋ္ဌတု၊ ဘယ်သူကာ ဘယ်နည်းနဲ့ ဖျက်ဖျက် မပျက်စီးတဲ့ တည်ရှိ ပါစေသတည်း။ "ဒီ ကုသိုလ်ကောင်းမှုကြောင့်နော်။ "မှန်ပါဘုရား" သဗ္ဗေပိ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံလည်း ဖြစ်ကုန်သော ပါဏိနော၊ ထွက်သက် ဝင်သက် မပျက်မယွင်း ရှိကြပေကုန်သော သတ္တဝါအပေါင်းတို့သည်။ လောကသို့၊ ထိုမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်၏ **သဒ္ဓမ္မသုံးဖြာ သာ**သနာတော်မြတ်ကြီး၌။ နိစ္စံ၊ အမြဲ။ သဂါရဝါ၊ အသက်အမျှ စိတ်ထားမသွေ သာသနာတော်ကို ရိုသေလေးစားခြင်း ရှိကြကုန်သည်။ ဟောန္တု၊ ကောင်းစွာ မာသွ ဖြစ်ကြပါစေကုန် သတည်း။

ဒေဝေါပိ၊ ရွာသွန်း၍ ပေးတတ်သော မိုးသည်လည်း။ ကာလေနာ၊ ရွာသင့် ရွာပြန် ရွာဘို့ချိန် အချိန်တန်သော အချိန်ကာလ၌။ "မရွာသင့်တဲ့ အချိန်မှာလဲ မရွာပါစေနဲ့ပေါ့ ဟုတ်လား"။ "မှန်ပါဘုရား" သမ္မာ၊ ကောင်းမှန်မှန်ကန်ကန်စွာ၊ သဿတု၊ ကောက်ပဲသီးနှံ အထွက်မှန်အောင် မှန်မှန်ကြီး ရွာသွန်းပါစေသတည်း။ ဇဂတီပတိ၊ တိုင်းပြည် အုပ်ချုပ်မင်းလုပ်၍ နေကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း။ သဒ္ဓမ္မနိရတော၊ သူတော်ကောင်း တရားကို လက်ကိုင်ထားနိုင်ကြကုန်သည်ဖြစ်၍။ ဓမ္မေန၊ မင်းကျင့်တရား ဆယ်ပါး သင်္ဂဟတရား လေးပါးနှင့် ညီညွတ်စွာသာလျှင်။ လော

ကာ၊ တိုင်းသားပြည်သူ ဗိုလ်လူများစွာ သတ္တဝါကို။ အနု သာသတု၊ ကျောသား ရင်သား မခွဲခြားပဲ သူလဲချမ်းသာ ကိုယ်လဲ ချမ်းသာအောင် ကောင်းစွာမဆွ စောင့်ရှောက် ဆုံးမ နိုင်ပါစေသတည်း။

သာဓု　သာဓု　သာဓု

ဥပါလိသေရာပဒါန်နှင့် ဥပါလိထေရဂါထာ၌ ပါသော- သာသနာ ကျင့်သုံးပုံ နည်းပြတရားတော်

ပြီးပြီ။

## ထူးကြီး ဆရာတော်ဘုရားကြီး ၏
## ပုံနှိပ်ထုတ်ဝေပြီးသည့် ပဋ္ဌာန်တော်ဟောစဉ်
## ဝိပဿနာ ကျမ်းစာအုပ်များ

၁။ သီလက္ခန္ဓသုတ္တန် ပဋ္ဌာန်တော်ဟောစဉ် အုပ်သေး

၂။ ထူးကြီး ဝိပဿနာ ပဋ္ဌာန်တော်ဟောစဉ် ( ပဌမအုပ် ) အုပ်လတ်

၃။ ထူးကြီးဝိပဿနာ ပဋ္ဌာန်တော်ဟောစဉ် (ဒုတိယအုပ်) အုပ်လတ်

၄။ ပါရာယနဝဂ် ပဋ္ဌာန်တော် ဟောစဉ် ( ပဌမအုပ် ) အုပ်ကြီး

၅။ ပါရာယနဝဂ် ပဋ္ဌာန်တော် ဟောစဉ် (ဒုတိယအုပ်) အုပ်ကြီး

၆။ ဝိပဿနာ အလုပ်ပေး တရားတော် အုပ်လတ်

၇။ ဝိပဿနာ အလုပ်ပေး တရားတော်
ကောက်နုတ်ချက်များ အုပ်ငယ်

၈၊ ဂိရိမာနန္ဒသုတ္တန် ပဋ္ဌာန်တော်ဟောစဉ် အုပ်ကြီး

၉။ မေဃိယသုတ္တန် ပဋ္ဌာန်တော်ဟောစဉ် အုပ်ကြီး

၁၀။ မဟာအဿပုရသုတ္တန် ပဋ္ဌာန်တော်ဟောစဉ် အုပ်ကြီး

၁၁။ မာလုကျပုတ္တသုတ္တန် ပဋ္ဌာန်တော်ဟောစဉ် အုပ်လတ်

**မဟာနိဒါနသုတ္တန် ပဋ္ဌာန်တော်ဟောစဉ်**
**ဝိပဿနာရှုနည်းကျမ်းကြီး**

မကြာမီ ပုံနှိပ်မည်။

ဩဃတရဏသုတ္တန် ပဋ္ဌာန်တော်ဟောစဉ်
ရေးကူး စီစဉ်ဆဲ။

---

မှာကြားရန်ဌာန—
ဒေါ်ငွေစာင်၊ ၁၀၁-မောင်ထော်လေးလမ်း၊ ရန်ကုန်။ ဖုံး-၇၂၈၅၃

အဖုံးရိုက် – ကာယသုခ